www.burmeseclassic.com

# ကြိုသံ

## သရဲကုန်းအင်း

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်




ဝတ္ထုထွန်းစာပေ၏
အထူးစီစဉ်တင်ဆက်မှု

www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏာထွန်းစာပေ

အမှတ် ၉၀(ဘီ)၊ ၅-လမ်း။ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

၂၀၁၃-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း၊နှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း။ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ။

၈၉၅၃

ကြိုသန်
သရဲကုန်းအင်း/ ကြိုသန် ရန်ကုန်
ဝဏ္ဏထွန်းစာပေ၊ ၂၀၁၃
(၂၄၈) စာ၊ ၁၂.၅ × ၁၈.၃ စင်တီ
သရဲကုန်းအင်း

# ကြိုသံ

ဂန္ထဝင်ရသစိန်ုးကြယ်လိုးချင်းဝတ္ထုသစ်

သရဲကုန်းအင်း



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိမ်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ဖယောင်းတိုင်မီးရောင်ပဲဖြစ်ဖြစ်
မီးအိမ်မှမီးရောင်ပဲဖြစ်စေ
အချိန်တန်လျှင် ပျောက်ကွယ်သွားရမြဲ ဖြစ်ပါတယ်၊
အမှောင်ထဲမှာ မနေလိုလျှင်တော့
ကြိုးတင်ပြီး အလင်းရောင်တစ်တိုင်ရှာဖွေထားရပါမယ်။

အနီးဆုံးမှာရှိတဲ့ ပျော်ရွှင်မှုကိုတောင်
ရင်းနှီးအောင် မလုပ်နိုင်လျှင်
အနည်းငယ် ဝေးကွာတဲ့အချစ်ကို
ကြိုးစားဖို့ဆိုတာကတော့ ခက်ခဲပါလိမ့်မယ်။

မျှော်လင့်ခြင်းဆိုတာ
သေချာတဲ့အရာတစ်ခုတော့ မဟုတ်ပါဘူး။
ဒါပေမယ့် မျှော်လင့်ချက်မရှိတော့ပြန်လျှင်လည်း
ဘဝရှင်သန်မှုရှိခဲ့တော့မှာ မဟုတ်ပါဘူး။

အပြောင်းအလဲလုပ်ဖို့ဆိုတာ
လူတိုင်းလုပ်နိုင်တဲ့အရာတစ်ခု ဖြစ်ပါတယ်၊
ဒါပေမယ့် ကောင်းတာ ဆိုးတာကိုရွေးချယ်ဖို့တော့
လူတိုင်း မလုပ်နိုင်ပါဘူး။




www.burmeseclassic.com

www.burmeseclassic.com

# ဒဿယနုလက်ဆောင်

ပြီးအောင်လုပ်နိုင်သောအလုပ်ကို
မပြီးဘဲ တစ်ဝက်နှင့်ထားခဲ့မိပါက
နောက်တစ်ခါ ပြန်လုပ်ပါက
နှစ်ဆလောက်ပိုပြီး ပင်ပန်းတတ်ပါတယ်။
အနမ်းတစ်ချက်ရဲ့အသက်ရှူသံဟာ
မကျယ်လောင်လှပါဘူး
ဒါပေမယ့် ရင်ထဲမှာတော့
ရေခဲတောင်ပြိုကျသကဲ့သို့ ခံစားရနိုင်ပါတယ်၊
ဓားကောင်းတစ်လက်ရဖို့
မီးပြင်းပြင်းနဲ့အပူပေးရသလို
ဆင်းရဲမွဲတေမှုဆိုတာလည်း
ချမ်းသာကြွယ်ဝမယ့် ပါရမီရှင်တွေအတွက်
အထောက်အကူပေးတဲ့အရာတစ်ခုသာ ဖြစ်ပါတယ်။
အချစ်ဆိုတာ
အလှအပနဲ့မိတ်ဆွေ ဖြစ်နိုင်ပါတယ်၊
မေတ္တာကတော့
လှုတိုင်းနဲ့သဟဇာတဖြစ်ကြလေ့မရှိပါဘူး။

# ဒဿယနုလက်ဆောင်

အတိတ်ကရွှေရောင်နေ့ရက်တွေဟာ
ပစ္စုပ္ပန်ကာလမှာ သိပ်ပြီး အသုံးမဝင်လှတော့ပါဘူး၊
အနာဂတ်မျှော်လင့်ချက်တစ်ခုကသာ
ဘဝအဓိပ္ပာယ်နဲ့ သက်ဆိုင်လှပါတယ်၊

သင်ကိုယ်တိုင်စိုက်ပျိုးခဲ့တဲ့
သစ်ပင်ကသစ်သီးကိုစားရဖို့ မသေချာပါဘူး။
သစ်သီးစားချင်ရင်
အခြားနည်းတွေနဲ့ ကြိုးစားရင်လည်း ရနိုင်ပါတယ်။

ကြိုးစားအားထုတ်မှုသည်
အပင်တစ်ခုလုံး ခါးသီးနေစေကာမူ
အသီးသီးတဲ့အခါ ချိုပြီး
အပွင့်ပွင့်ရင်လည်း မွှေးကြိုင်နေတတ်ပါတယ်။

ရိုးဖြောင့်သူတစ်ဦး၏
ဒေါသဖြင့် ပြောဆိုဆက်ဆံခြင်းသည်
ကောက်ကျစ်သူတစ်ဦး၏
ချိုမြသောအပြုံးထက်တော့
ပိုမိုအကျိုးရှိစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုတွင်ပါဝင်သောအခန်းများ

အခန်း(၁) သရဲကုန်းအင်းစောင့်
အခန်း(၂) [illegible]
အခန်း(၃) [illegible]
အခန်း(၄) [illegible]
အခန်း(၅) [illegible]
အခန်း(၆) သရဲကုန်းအင်းမှ[illegible]များ
အခန်း(၇) သရဲကုန်းမှလူမိုက်များအကြောင်း
အခန်း(၈) ဦးမြင့်ကျော်နှင့်တွေ့ကြခြင်း
အခန်း(၉) [illegible]
အခန်း(၁၀) [illegible]
အခန်း(၁၁) သရဲကုန်းအင်းမှ[illegible]
အခန်း(၁၂) ထူးဆန်းသောအင်း[illegible]
အခန်း(၁၃) အပြုံးအလှနှင့်[illegible]
အခန်း(၁၄) အင်းစောင့်သရဲနှင့်တွေ့ရသူများ
အခန်း(၁၅) [illegible]အပြုံးတစ်ပွင့်
အခန်း(၁၆) သံယောဇဉ်နှယ်တစ်မျှင်

# အခန်း [ ၁ ]

## သရဲကုန်းအင်းစောင့်

မြန်မာနိုင်ငံသည် နှစ်ပေါင်း တစ်ရာကျော်ခန့်မျှကြာအောင် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်နေခဲ့ရာမှ ၁၉၄၂ ခုနှစ်သို့ ရောက်သောအခါ လွတ်မြောက်ခြင်းသို့ ရောက်ခဲ့ကြရသည်။

၁၉၄၂ ခုနှစ်တွင် အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား စွန့်လွှတ်ပေးခဲ့ကြရသည်။

သို့သော် ဆီပူအိုးအတွင်းမှပူသဖြင့် အောက်သို့ခုန်ချရာ မီးပုံအတွင်း ရောက်ရသော အခြေအနေမျိုးဖြင့် ထပ်မံကြုံကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ကြသည်ဆိုသော်လည်း တစ်ဆက်တည်းမှာပင် ဖက်စစ်ဂျပန်တို့လက်အောက် ရောက်ကြရပြန်သောကြောင့် ဖြစ်သည်။

ဖက်စစ်ဂျပန်တို့က ၁၉၄၂ ခုနှစ် မတ်လ (၈)ရက်နေ့တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာပြီး သိမ်းပိုက်အုပ်ချုပ်ကြပြန်သောကြောင့် ဖြစ်သည်။

၁၉၄၂ ခုနှစ်၏ အစောပိုင်းကာလများမှာ ဂျပန်ခေတ်ကို စတင်ခဲ့ခြင်းပင် ဖြစ်လေသည်။

ဖက်စစ်ဂျပန်တို့မှာ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်တိုင်အောင် မြန်မာနိုင်ငံအား သိမ်းပိုက်အုပ်ချုပ်ကာ ဒုက္ခပေးခဲ့ကြလေသည်။

ယခုဝတ္ထု ဖြစ်ပေါ်လာသော အချိန်ကာလမှာ ၁၉၄၂ ခုနှစ်ဝန်းကျင်၊ ဂျပန်ခေတ်ကာလ၏ အစောပိုင်းကာလပင် ဖြစ်ပေသည်။

အင်္ဂလိပ်တို့ကလည်း အခြေအနေမဟန်သဖြင့် ဆုတ်ခွာပေးခဲ့ကြရသော်လည်း နှစ်ပေါင်းတစ်ရာကျော်ကြာအောင် လက်ဝါးကြီးအုပ် အပိုင်သိမ်းထားခဲ့သော မြန်မာနိုင်ငံအား လက်လွှတ်ပေးလိုဟန်မရှိကြဘဲ နည်းအမျိုးမျိုးဖြင့် ပြန်လည်ရရှိအောင် ကြိုးစားနေကြရာ တိုင်းပြည်အခြေအနမှာ ရှုပ်ထွေးနေသောအချိန်မျိုး ဖြစ်သည်။

အုပ်ချုပ်ရေးပိုင်းအခြေအနေကလည်း မတည်မငြိမ်နှင့် မြို့ပြနှင့် အလှမ်းဝေးသော နေရာတို့တွင် တောမီးလောင် တော





ကြောင်လက်ပန်းပေါင်းခတ် ဆိုသကဲ့သို့ လူဆိုး၊ ဓားပြ၊ သူခိုးတို့ သဘောအကျကြီးကျကာ စိတ်ကြိုက်သောင်းကျန်းခွင့် ရနေကြသော အချိန်မျိုးလည်း ဖြစ်သည်။

နယ်စွန်နယ်ဖျားများ၌ရှိသော အစိုးရဌာနတို့မှာလည်း ဌာနအရာရှိနှင့် လက်အောက်ငယ်သားတို့ မမြဲလှဘဲ နေ့မြင်ညပျောက်ဆိုသကဲ့သို့ ဌာနသို့ရောက်ကြပြီး မကြာမီမှာပင် ပြန်ပြေးလျှင်ပြေး သို့မဟုတ်ပါက ဘယ်နေရာရောက်သွားမှန်း မသိရလောက်အောင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည်ကများလေသည်။

ထို့ကြောင့် မြို့နှင့်အလှမ်းဝေးသော နေရာဒေသများသို့ စေလွှတ်ပါက အကြောင်းအမျိုးမျိုးပြကာ ရှောင်တိမ်းတတ်ကြပြီး လွှဲသာမရှောင်သာမှသာ သွားကြလေသည်။

သို့သော် အချို့နယ်မြေဆိုးသော၊ ကြမ်းသောနေရာများဆိုလျှင်တော့ ရောက်သည်နှင့် ကြာကြာမနေနိုင်ကြဘဲ ပြန်ပြေးရလေ့ရှိကြသည်။

ထိုကဲ့သို့ နယ်မြေကြမ်းသောနေရာများတွင် ရွှေလီချောင်းအတွင်း၌ရှိသော သရဲကုန်းဌာနလည်း တစ်နေရာအပါအဝင်ဖြစ်ပေသည်။

ရှေးအခါက ရွှေလီမြစ်ရိုးတစ်လျှောက်တွင် နေထိုင်သူဦးရေ သိပ်မများလှသေးဘဲ သစ်တောကြီးများသာ နေရာအနှံ့ဖုံးလွှမ်းထားပေသည်။

ဗြိတိသျှတို့အုပ်စိုးစဉ်က ထိုသစ်တောများအတွင်း၌


www.burmeseclassic.com

www.burmeseclassic.com



သစ်ထုတ်လုပ်သော သစ်တောစခန်းကြီးများရှိကြသဖြင့် အတန်အသင့် စည်ကားမှုရှိသော်လည်း ယခုအခါမှာတော့ ခေတ်ပျက်လာဖြစ်သောကြောင့် သစ်တောစခန်း အတော်များများကတော့ ပိတ်ထားကြလေသည်။

အချို့အလုပ်သမားများကတော့ အခြားသွားစရာလည်း မရှိ၊ နေစရာလည်း မရှိသဖြင့် သစ်တောစခန်းများမှာသာ ဆက်နေကြပြီး ဝမ်းစာအတွက် ရှာဖွေစားသောက်နေကြသည်။

ရွှေလီချောင်းအတွင်း၌ရှိသော သရဲကုန်းဌာနမှာ ယခင်ကတော့ ဌာနအုပ်တစ်ဦး အမြဲထိုင်ကာ ပုလိပ်အတော်များများနှင့် စည်ကားသော နေရာတစ်နေရာ ဖြစ်သည်။

ထိုဌာနသည် ရွှေလီချောင်းအတွင်းမှ တရားမဝင်သယ်ဆောင်သော သစ်လုံးများကို ဖမ်းဆီးရန်အတွက်နှင့် လူဆိုးဓားပြတို့ကို ဖမ်းဆီးရန်အတွက်ထားရာ ထိုချောင်းရိုးတလျှောက်မှာတော့ အဓိကကျသော ဌာနတစ်ခုလည်း ဖြစ်ကြပေသည်။

သရဲကုန်းဌာနဟု အမည်တွင်ရခြင်းမှာ ထိုနေရာ၌ရှိသော သရဲကုန်းရွာကို အကြောင်းပြုကာ ခေါ်သောအမည်တစ်ခု ဖြစ်သည်။

ထိုရွာမှာ ရွှေလီချောင်းကမ်းနှင့် မနီးမဝေး၌ရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။

ငွေကြေးချောင်လည်သူအချို့ရှိကြသော်လည်း အများအားဖြင့်တော့ လက်လုပ်လက်စားများသည်။

ခေတ်ပျက်ကာလရောက်သောအခါ တောမီးလောင်





တောကြောင်လက်ပမ်းပေါင်းခတ်ဆိုသကဲ့သို့ လူဆိုးလူမိုက်၊ သူခိုးဓားပြတို့ များသောနေရာလည်း ဖြစ်သည်။

ယခင်က သရဲကုန်းဌာနတွင် ဌာနအုပ်တစ်ယောက်နှင့် ပုလိပ်များရှိသဖြင့် ကြောင်ရှိသောကြောင့် ကြွက်များငြိမ်နေသကဲ့သို့ ရှိသော်လည်း ယခုအုပ်ချုပ်မှု ကင်းမဲ့နေသော အခိုက်အတံ့တွင် အစွမ်းကုန် ထကြွသောင်းကျန်းလျက် ရှိကြတော့သည်။

ထိုရွာနှင့် မနီးမဝေးတွင် မှိုင်းညို့နေသောသစ်တောကြီးများ ရှိသည်။

စီမံအုပ်ချုပ်သူများမရှိသောအခါ တောအတွင်းမှ ကျွန်းသစ်အပါအဝင် သစ်ကောင်းများကို စိတ်ကြိုက်လှဲဖြတ်ကာ အချို့အသုံးပြုကြသည်။

ပိုလျှံသောသစ်များကို ဈေးချိုချိုဖြင့် ရောင်းချစားသောက်ကြသည်။

ထိုရွာနှင့် မဝေးလှသောနေရာ၌ 'အင်း'တစ်အင်းရှိသည်။

'သရဲကုန်းအင်း'ဟုပင် ခေါ်ကြသည်။

ထိုအင်းမှာ သရဲကြမ်းသဖြင့် တော်ရုံအဖော်မပါဘဲ တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားဝံ့ကြပေ။

လူသူနှင့် အလှမ်းဝေးပြီး ကိုင်းတောများ၊ သစ်တောများ ဝန်းရံထားသော နေရာဖြစ်သောကြောင့်လည်း သရဲကြမ်းသည်မှာ အဆန်းမဟုတ်တော့ပေ။

ထို့ပြင် ထိုအင်းတစ်ဝိုက်မှာ သေကြေပျက်စီးသူတို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း အတော်များသည်။

ထိုသူတို့မှာလည်း မကျွတ်မလွတ်သောဘဝ ရောက်နေကြသဖြင့် ခြောက်လှန့်ကြသည်လည်း ရှိသည်။

အင်္ဂလိပ်လက်ထက်က သရဲကုန်းအင်းမှာ မြို့ပိုင်ထံ၌ လေလံဆွဲပြီး လေလံအောင်သူက လုပ်ပိုင်ခွင့်ရသော အစိုးရပိုင်အင်းဖြစ်သည်။

အင်းသူကြီးက အင်းပတ်ဝန်းကျင်၌ အလုပ်သမား အစောင့်များထားကာ သူ့အချိန်နှင့်သူ ငါးများ ဖမ်းဆီးယူကြလေသည်။

ထိုအင်းတစ်ဝိုက်မှာ လူအသေအပျောက်များသော အကြောင်းများထဲတွင် သရဲ၊ သဘက်များကြောင့်ချည်းတော့ မဟုတ်ပေ။

အင်းစပ်၌ ကိုင်းတောများ၊ သစ်တောများက ဖုံးလွှမ်းထားရာ ထိုအထဲတွင် မြွေဆိုးများ အတော်ပေါသည်။ မြွေပွေး၊ မြွေဟောက်၊ ငန်း စကြသော မြွေဆိုးများကြောင့် အသက်သေဆုံးသူတို့လည်း မနည်းလှပေ။

သရဲကုန်းအင်းအကြောင်းကို ရေးမည် ပြောမည်ဆိုပါက ထိုအင်းမှ သရဲကြမ်းသောအကြောင်းကိုလည်း ဖြည့်စွက်ရေးသားမှ ပိုမိုပြည့်စုံပေမည်။

အင်္ဂလိပ်များ အုပ်စိုးစဉ်က ထိုအင်းကို အင်းလေလံ (လိုင်စင်)ဖြင့် ချပေးကာ လုပ်ပိုင်ခွင့်ပေးခြင်း ဖြစ်သည်။

လေလံရသူက တစ်နှစ်ပတ်လုံး စိတ်ကြိုက်သဘောကျ





ငါးဖမ်းခွင့်ရလေသည်။

ထိုသူများကို 'အင်းသူကြီး'ဟု ခေါ်သည်။

အများအားဖြင့်တော့ အင်းသူကြီးတို့က အင်းတဲ၌ နေလေ့မရှိကြပေ။

အလုပ်သမားများကိုသာ ထားကြလေသည်။

ထိုသို့ထားရာမှာလည်း စိတ်ချယုံကြည်သောလူယုံတော်လူမိုက်များကိုသာ အင်းတဲမှာ အစောင့်ထားကြသည်။

စိတ်မချရသူထားမိပါက အင်းတဲ၌ ငါးများခိုးရောင်းသဖြင့် အကျိုးအမြတ်က ရသင့်သလောက်ရမည်မဟုတ်ပေ။ သတ္တိနည်းသူ (လူမိုက်မဟုတ်သူ)ထားပါကလည်း အခြားသတ္တိကောင်းသူတို့ ဝင်ရောက်နှိပ်စက်မှုကို ခံကြရသည်။

တစ်ခါတစ်ရံ ပစ္စည်းများပင် လုယက်ယူငင်သွားသည်ကို ခံရသည်။

ထို့ကြောင့် သတ္တိရှိသော လူမိုက်များကို အစောင့်ထားကြရပေသည်။

အင်းတဲမှာစောင့်ဖို့ဆိုလျှင် သာမန်သတ္တိရှိရုံဖြင့် မလုံလောက်ပြန်ပေ။

သရဲသဘက်စသော ပရလောကသားတို့ ခြောက်လှန့်သောလျှင် မကြောက်တတ်ဖို့လည်း လိုပြန်သည်။

အချို့အင်းတဲစောင့်များမှာ လူလူချင်းသတ်ဖြတ်ရမှာ ခံမလေးတတ်သော်လည်း သရဲကြောက်တတ်သည်။

သရဲခြောက်ခံရလျှင် သေလျှင်သေ မသေလျှင် ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးကြရလေသည်။

ထို့ကြောင့် ထိုအင်းတဲ၌ အစောင့်အဖြစ်သွားနေမည့်သူများမှာ သရဲခြောက်လျှင်လည်း မကြောက်မရွံ့နေနိုင်သူများဖြစ်ဖို့ကလည်း လိုပြန်လေသည်။

စာဖတ်သူအနေဖြင့် သရဲခြောက်ခြင်းနှင့် ပတ်သက်သောစာများကို ဖတ်ဖူးပေလိမ့်မည်။

ထို့ထက် မိမိကိုယ်တိုင်လည်း ဆန်းကြယ်သော ခြောက်လှန့်မှုများဖြင့် ကြုံခဲ့ဘူးသည်လည်း ရှိချင်လည်းရှိမည်။ ပါးစပ်က မကြောက်ပါဟု ပြောသော်လည်း တကယ်လက်တွေ့အခြောက်ခံရသောအခါ ကြောက်လန့်ရသည်မျိုး ရှိသည်။

လူက မကြောက်ဟုစိတ်တင်းထားသော်လည်း အတွင်းစိတ်က ကြောက်သည်။ နှလုံးသွေးက လန့်တတ်သည်။

အချို့နေရာများမှာ တကယ်ကြမ်းသည်။ မယုံကြည်သဖြင့် အလောင်းအစားပြုလုပ်ကာ စမ်းကြည့်၍မရသောနေရာများရှိသည်။

ရေးကလည်း ရှိသည်။ ယခုလည်း ထိုနေရာများရှိနေကြသေးသည်။

ထိုနေရာများမှာ သွားရောက်စမ်းသပ်ကြည့်သဖြင့် အသက်သေကြရသည်။

(နေရာအနှံ့အပြားတွင် နေရာကြမ်းသော အထိကရနေရာ၊ အိမ်၊ ကျောင်း၊ ဘုရား၊ သိမ်၊ ဇရပ်၊ သစ်ပင်၊ တော၊ သချိုင်း စသည်တို့မှာ များသဖြင့် တစ်နေရာချင်းတော့ မဖော်ပြတော့ပါ





ချေ။)

ထိုနေရာများထဲမှာ သရဲကုန်းအင်းလည်း တစ်နေရာအပါအဝင် ဖြစ်ပေသည်။

ထိုနေရာတစ်ဝိုက်မှာရှိကြသော တော၊ ရွာ၊ အင်း၊ ဌာနစသည်တို့ကို 'သရဲကုန်း' ဟူသော ဝိသေသရှေ့မှတပ်လျက် သရဲကုန်းရွာ၊ သရဲကုန်းတော၊ သရဲကုန်းအင်း၊ သရဲကုန်းဌာနဟု ခေါ်ရလောက်အောင် နယ်မြေကြမ်းသောနေရာများ ဖြစ်ကြသည်။

သရဲကုန်းအင်းနှင့် အနီးတစ်ဝိုက်တွင် သရဲသဘက်စသော ပရလောကသားများ ဘယ်လောက်များသလဲဆိုပါလျှင် နေ့အချိန်များပါ တွေ့ရသည့်အခါ တွေ့ရပြီး ညဘက်ဆိုလျှင်တော့ မမြင်ချင် မတွေ့ချင်အဆုံး ဖြစ်နေတော့သည်။

သာမန်သရဲများပင် မဆိုထားနှင့်. . . အင်းစောင့်သရဲကြီးပင် မကြာခဏ ရောက်လာတတ်သည်။

ဘယ်လောက်သတ္တိကောင်းကောင်း၊ အခြားသရဲသဘက်တို့ကို မကြောက်ရွံ့ကြသော်လည်း အင်းစောင့်သရဲကြီးကိုတော့မကြောက်၍ မရပေ။

သူ အစာလာတောင်းလျှင် မရှိရှိတာပေးရသည်။ ကျွေးရသည်။

မပေးတတ်ပါက ရှိသည့်လူကို သတ်ဖြတ်သွားလေ့ရှိသည်။

သူက ညအချိန်ရောက်မှ အင်းတဲသို့ရောက်လာလေ့ရှိသည်။ သူလာလျှင် ကိုင်းတောထဲမှခြေသံကြားရသည်။

သစ်ပင်သစ်ကိုင်းများ လှုပ်ရှားကျိုးပဲ့သံကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တဲစောင့်များက သတိထားပြီးနေကြရသည်။

'တဗွမ်းဗွမ်း'နှင့် လျှောက်လာသောခြေသံ၊ 'တရှဲရှဲ'၊ 'တဖြဲဖြဲ'နှင့် ကိုင်းတောထဲမှ တိုးထွက်လာကြသော ခြေသံကြီးက တဲနှင့် မနီးမဝေးရောက်လျှင် ရပ်သွားလေ့ရှိသည်။

အချို့အစောင့်များက စိတ်ဝင်စားသဖြင့် တဲပေါက်မှ ချောင်းကြည့်ကြသည်။

မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသော်လည်း တစ်ကိုယ်လုံး အမွေးစုတ်ဖွားနှင့် ကြီးမားသော ကိုယ်ခန္ဓာ၊ မြင့်မားသော အရပ်အမောင်းတို့လောက်သာ တွေ့ရသည်။

ထိုအင်းတဲတွင် လာရောက်စောင့်ကြသူများထဲမှာ အင်းစောင့်သရဲမျက်နှာကို မြင်ဖူးသူအချို့တော့ ရှိသည်။

သို့သော်လည်း သူတို့အနေဖြင့် မည်ကဲ့သို့သော ပုံပန်းသဏ္ဌာန်မျိုးရှိသည်ကို ပြန်မပြောနိုင်ကြရှာပေ။

အဘယ်ကြောင့်ဆိုသော် မြင်လိုက်သည်နှင့် မျက်ဖြူလန်ကာ သေကြရသောကြောင့် ဖြစ်လေသည်။

တစ်ခါက အရက်အနည်းငယ်မူးနေသော အင်းစောင့်တစ်ယောက်မှာ အပြင်ဘက်မှ ခြေသံကြားသဖြင့် သရဲဟုမထင်ဘဲ သူခိုးလာသည်အထင်နှင့် ထရံပေါက်မှ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ အပြင်ဘက်မှ ချောင်းကြည့်နေသော အင်းစောင့်သရဲမျက်နှာဖြင့် မျက်နှာချင်းဆိုင်မိသွားလေသည်။

"အောင်မယ်လေးဗျ. . . ."





ဟု တစ်ခွန်းသာအော်နိုင်ပြီး နောက်ဘက်သို့ပက်လက်လန်ကျသွားလေတော့သည်။

ပြန်မထနိုင်တော့ဘဲ အသက်ထွက်သွားလေသည်။

သူ့အနေနှင့် အင်းစောင့်သရဲ၏မျက်နှာကို အနီးကပ် တွေ့ဖူးမြင်ဖူးလိုက်သော်လည်း ပြန်ပြောပြနိုင်ခြင်းတော့ မရှိတော့ပါချေ။

အင်းစောင့်သရဲကြီးက ညအချိန်တဲအနီးသို့ရောက်သည်နှင့် မရှေးမနှောင်းတွင် အမွေးစုတ်ဖွားနှင့် ကြီးမားသော လက်ကြီးတစ်ဖက်က တဲပေါက်မှတစ်ဆင့် တဲအတွင်းသို့ ရောက်လာသည်။

လက်ဝါးဖြန့်ထားသော အနေအထားမျိုးဖြင့် တွေ့ရပါက အထဲမှာရှိသော အလုပ်သမားတို့က ငါးပုစွန်စသည်တို့ လက်ဝါးထဲ ထည့်ပေးလိုက်ရသည်။

ထိုအခါ အပြင်သို့ယူသွားပြီး ဂျိုးဂျိုးဂျွပ်ဂျွပ်ဖြင့် စားသောက်နေသည့် အသံများကို ကြားကြရသည်။

တစ်ကြိမ်နှင့်တော့ ပြန်သွားသည်မရှိကြပေ။

နှစ်ခါ သုံးခါလောက် လက်ကြီးဝင်လာကာ တောင်းစားပြီးမှ အသံပျောက်သွားလေ့ရှိသည်။

စားသံဝါးသံများ မကြားရတော့လျှင် အင်းစောင့်သရဲပြန်သွားပြီဟု စိတ်ချလက်ချ အိပ်ဝံ့ နေဝံ့ကြလေတော့သည်။

တစ်ခုတော့ ရှိသည်။ ထိုသို့ကျေနပ်လောက်အောင်ပေးကျွေးထားပါလျှင် အင်းအတွက်ကတော့ စိတ်ချရသည်။ ငါးပုစွန်



www.burmeseclassic.com

www.burmeseclassic.com



ခိုးသူများ ရောက်လာပါက ခြောက်တန်တာ ခြောက်လွှတ်သည်။

ခြောက်လွှတ်၍မှမပြေးလျှင်တော့ မှတ်လောက်အောင် ဆုံးမလေ့ရှိသည်။

ထိုထက်ဆိုးလာလျှင်တော့ သတ်ပစ်တတ်သည်။ သရဲကုန်းအင်းသည် အင်းစောင့်သရဲများကြမ်းသောကြောင့် နာမည်ကျော်သော အထိကရနေရာကြမ်းတစ်ခုထဲမှာ ပါဝင်လေသည်။

ထိုထက်ဆန်းကြယ်သောအကြောင်းများ ရှိပါသေးသဖြင့် ရှေ့အခန်းများ၌ ရေးသားဖော်ပြပါမည်။

ဗြိတိသျှများလက်အောက်တွင် နေရစဉ်က ထိုအင်းမှာ အင်းလိုင်စင်ကို လေလံဆွဲပြီး လုပ်ရသောအင်းဖြစ်သည်။

ယခု အင်္ဂလိပ်ထွက်ပြေးသွားကြရပြီး မြန်မာပြည်သို့ ဂျပန်များ ဝင်ရောက်လာကြသောအချိန်တွင် လေလံပေးမည့်သူမရှိ၊ လေလံဆွဲမည့်သူမရှိဘဲ လွတ်လပ်စွာရှိနေလေသည်။

ထိုအခါ အနီးပတ်ဝန်းကျင်မှာ နေထိုင်ကြသူတို့က ပိုင်ရှင်မဲ့နေသော ထိုအင်းအတွင်းသို့ ဝင်ရောက်ကာ ငါးများကို စိတ်ကြိုက် ဖမ်းယူခွင့်ရနေသော အချိန်လည်းဖြစ်ပေသည်။



# အခန်း [၂]

## သဲပဈိုင်နှင့် လူမိုက်များ၏ဓနရာ

သရဲကုန်းရွာမှာ နာမည်သာ ဆိုးသော်လည်း စီးပွားရေးမဆိုးသော နေရာဒေသတစ်ခု ဖြစ်သည်။

ရွှေလီသစ်တောကြီးများမှာ ကောင်းလှသောကြောင့် တောထဲမှ သစ်ဝါးစသည်တို့ လှဲဖြတ်ခုတ်ယူကာ အိမ်မှာလည်း သုံး၊ ရောင်းချစားသောက်၍လည်း ရပေသည်။

သရဲကုန်းအင်းရှိနေသောကြောင့် ငါးများကိုဖမ်းယူရရှိကြသဖြင့် မိမိတို့လည်း စား၊ ပိုလျှံသောငါး၊ ငါးခြောက်တို့ကို ရောင်းချသဖြင့် အပိုဝင်ငွေရနိုင်သည်။ လယ်မြေကွက်များမှာ နုန်းမြေကောင်းလှသဖြင့် ဆန်စပါးစိုက်ပျိုးသည်ဖြစ်စေ၊ အခြား



www.burmeseclassic.com

www.burmeseclassic.com

သီးနှံများစိုက်ပျိုးလျှင်ဖြစ်စေ များစွာ ဖြစ်ထွန်းလေသည်။

လယ်မြေရှိသူများက ဆန်စပါးကို ပိုလျှံသဖြင့် သိုလှောင်ထားကာ ရောင်းချစားသောက်ကြသလို အခြားအသီးအနှံစိုက်ပျိုးသူများကလည်း မိမိတို့စားသောက်၍ ပိုလျှံရုံမက ရောင်းချနိုင်ကြသည်လည်း ရှိသည်။

ထို့ပြင် ရွှေလီချောင်းနှင့်ဆက်စပ်မှုရှိနေသဖြင့် လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းသည်။

အခြားနေရာမှ ရွာများရှိရာ ထိုရွာများမှ ဈေးရောင်းဈေးဝယ်လာသူများရှိသလို မိမိတို့ရွာမှ အခြားရွာများနေရာများသို့ ကုန်းလမ်းနှင့်ပင်သွားသွား၊ ရေလမ်းနှင့်ပင်သွားသွား လွယ်ကူမှု ရှိသည်။

မြို့သို့သွားသည့် လှေကြုံများကလည်း နေ့စဉ်မပြတ်ရှိနေကြသောကြောင့် လူကြုံလိုက်လို၍သော်လည်းကောင်း၊ ဈေးကြုံမှာချင်၍သော်လည်းကောင်း အခက်အခဲ မရှိလှပေ။

သရဲကုန်းရွာ စည်ကားရခြင်း အကြောင်းရင်းများထဲတွင် အခြားအကြောင်းများလည်း ရှိပေသေးသည်။

အရက်ချက်လုပ်ရောင်းချခြင်းနှင့် ဘိန်းကုန်ကူးခြင်းစသော အလုပ်များဖြစ်သည်။

ထိုရွာများ၌ နေထိုင်ကြသူတို့မှာ လူမျိုးပေါင်းစုံ ရောနှောလျက်ရှိသည်။ အခြားဒေသများ၊ မြို့များမှာ ခေတ်ပျက်ကာလဖြစ်သဖြင့် စီးပွားရေးအခြေအနေ မကောင်းဘဲရှိကြရာ ရေကြည်ရာ မြက်နုရာအရပ် ရှာဖွေရင်းနှင့် ထိုအရပ်သို့လာရောက်နေထိုင်





ကြခြင်း ဖြစ်လေသည်။

ဂျပန်တို့ ကြီးစိုးအုပ်ချုပ်နေသောအချိန်တွင် ဒေါက်တာဘမော်အစိုးရမှ အချို့နေရာများကို ပြန်လည်တည်ထောင်ရန် ကြိုးစားဆောင်ရွက်ရှိရာ သရဲကုန်းဌာနလည်း တစ်နေရာအပါအဝင်ဖြစ်လေသည်။

သို့သော် မအောင်မြင်သေးပေ။

သရဲကုန်းဌာနသို့ စီမံအုပ်ချုပ်ရန် ပုလိပ်နှင့်ဌာနအုပ်အချို့ကို စေလွှတ်သော်လည်း အဆင်မပြေကြပေ။ သေသူသေပြီး ထွက်ပြေးသူ ပြေးကြရသဖြင့် ဌာနကိုအုပ်ချုပ်ရန် ဌာနအုပ်မမြဲသော နေရာတစ်ခု ဖြစ်နေလေသည်။

ထိုနေရာမှာ မြို့ကြီးများနှင့် ဝေးသည့်ကတစ်ကြောင်း၊ အစိုးရလက်တံရှည်နှင့် မမီနိုင်သော အရပ်ဒေသဖြစ်နေသောကြောင့် လာရောက်တာဝန်ထမ်းဆောင်သူတို့မှာ ယခုကဲ့သို့ အားကိုးရာမရှိဘဲ ဒုက္ခရောက်နေကြရခြင်း ဖြစ်၏။

ထိုရွာမှာ ရွာလူကြီးအုပ်ချုပ်လေသည်။ ရွာကိုအုပ်ချုပ်သူမှာ သံပချိုင့်ဖြစ်ပြီး ယခင်က လူဆိုးလူမိုက်ဖြစ်ခဲ့ရုံမက ဓားပြအဖွဲ့ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့လေသည်။

အသက် ၅၀ နီးပါးအရွယ်ရှိပြီး အသားမည်းမည်း၊ အရပ်အမောင်းမြင့်သည်၊ ကိုယ်လုံးအထည်က ကြံ့ခိုင်ပြီး တိုက်ခိုက်သတ်ပုတ်ရာမှာလည်း ကျွမ်းကျင်သည်။

ရက်စက်ကြမ်းကြုတ်သည်။ မျက်နှာပေါ်မှာ ဓားဒဏ်ရာတစ်ချက်ရှိသဖြင့် မျက်လုံးတစ်ဖက်မကောင်းပေ။

www.burmeseclassic.com

www.burmeseclassic.com


သူသည် ထိုရွာတွင် တပည့်တပန်းများနှင့် စီမံအုပ်ချုပ်ကာ အရက်ရောင်းသူများ၊ ဘိန်းကုန်ကူးသူများထံမှ ဆက်ကြေးသဘောမျိုး ကောက်ခံယူလေ့ရှိသည်။

ထို့အပြင် သစ်တောထဲမှာ သစ်ခိုးယူချင်သူများနှင့် သရဲကုန်းအင်းထဲမှာ ငါးဖမ်းလျှင်လည်း ၎င်းအားကျေနပ်အောင်ပေးမှ အဆင်ပြေသည်။

ထိုသို့မပေးဘဲ ခိုးကြောင်ခိုးဝှက်လုပ်လျှင်တော့ သိလျှင် ဒုက္ခမျိုးစုံပေးသဖြင့် ဘာမှမစားရဘဲရှိလေသည်။

ထို့ကြောင့် ဘိန်းကုန်ကူးသူများ၊ အရက်ချက်ရောင်းသူများအပါအဝင် ရွာသားအတော်များများက သံပချိုင့်နှင့်အဆင်ပြေအောင် ပေါင်းသင်းထားရသည်။

ငါးတစ်ကောင်၊ ပျားရည်တစ်ပုလင်းမှမပေးဘဲလုပ်လျှင်တော့ ဘယ်လိုမှအဆင်မပြေနိုင်ပေ။

ငါးရှာချင်သူက ပြန်လာလျှင် ငါးဟင်းစားပေးရသည်။ တောထဲဝင်လိုသူက ပျားရည်တစ်ပုလင်းတော့ အနည်းဆုံးပေးကြရသည်။

ဒါက ဟင်းစားရှာဖွေသူများအတွက် ဖြစ်သည်။

အချိုကြီးလုပ်ချင်သူတွေကတော့ သံပချိုင့်ကို အချိုကြီးပေးကြရသည်။

တစ်နေ့တွင် ဘိန်းကုန်ကူးနေသော ရှမ်းတရုတ်အချို့ရောက်လာပြီး ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးကြသည်။

"ဘာအတွက်လဲ"



"ကျုပ်တို့ ဒီရွာကဖြတ်ပြီး ဘိန်းသယ်ချင်တယ် ကြည့်လုပ်ပေးပါ"

"သယ်ပေါ့. . . သူများ ပစ္စည်းခိုးလုယက်နေတာမှမဟုတ်တာ. . . ကိုယ့်ပစ္စည်းကိုယ်သယ်တာပဲ. . . ကြိုက်တဲ့နေရာသယ်ပေါ့"

"ဒီရွာမှာ ပုလိပ်တွေရှိသေးတယ် မဟုတ်လား"

"သရဲကုန်းဌာနမှာ ပုလိပ်တွေပဲရှိတယ်. . . ဌာနအုပ်မရှိဘူး။ ဒီပုလိပ်တွေက ကျုပ်ခါးပိုက်ထဲက ရေမြွေတွေပါ။ အဆိပ်မရှိပါဘူး။ ကျုပ်ပေးကျွေးထားလို့ စားသောက်နေကြရတာပါ. . . မနှောက်ယှက်စေရပါဘူး"

ဟု ရဲရဲပင် အာမခံလေသည်။

"အားကိုးပါရစေ ရွာခေါင်းကြီးရယ်. . . ဒီတစ်ခေါက်ပြန်လာလို့ အဆင်ပြေလာရင် ထပ်ပေးပါဦးမယ်"

"ရပါတယ်ကွာ အချင်းချင်းတွေပဲ. . ငါပိုင်နက်ထဲမှာတော့ ဘာမှမဖြစ်စေရပါဘူး"

ဟု ပြောသဖြင့် ဘိန်းကုန်ကူးသူတို့လည်း ကျေးဇူးတင်ကြောင်းပြောပြီး ပြန်သွားကြလေသည်။

သရဲကုန်းဌာနမှာ အစောင့်ပုလိပ်များ ရှိနေသေးသော်လည်း သံပချိုင့်ပြောသလို ရေမြွေများဘဝရောက်နေကြရသည်။

စီမံအုပ်ချုပ်မည့် ဌာနအုပ်မရှိသဖြင့် ၎င်းတို့လည်း ပေးဘာယူ၊ ကျွေးတာစားပြီး အေးအေးပင်နေကြတော့သည်။ မိမိတို့အတွက် အန္တရာယ်ဖြစ်စေသောကိစ္စမှန်သမျှ လက်ရှောင်ကြ


www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ထို့ကြောင့်လည်း အပေးအယူလုပ်လိုသူများမှာ ယခင် ဌာနတွင် ဌာနအုပ်များ အုပ်ချုပ်နေစဉ်က ၎င်းတို့နှင့်သာ အပေးအယူ အဝင်အထွက်လုပ်ကြသော်လည်း ယခုအခါမှာတော့ ရွာလူကြီးသံပချိုင့်နှင့်သာ ပြုလုပ်ကြရတော့သည်။

ဌာနမှာရှိသော ပုလိပ်အချို့မှာလည်း ခေတ်ပျက်ကာလတွင် မိမိတို့ ဘေးအန္တရာယ်ကင်းလျှင် ပြီးရောသဘောဖြင့် ပေးတာယူ၊ ကျွေးတာစားဘဝနှင့်ပင် မသိဟန်ပြုကာ အေးအေးလူလူနေကြလေသည်။

ဘိန်းကုန်ကူးသူတို့က ရွာလူကြီးသံပချိုင့်နှင့် အပေးအယူ လုပ်ကြသကဲ့သို့ သစ်တောထဲဝင်ပြီး သစ်ခိုးချင်သူတို့ကလည်း သင့်တော်သလို အပေးအယူလုပ်ကြရလေသည်။

"ဆရာကြီး ကျုပ်တို့ ကျွန်းသစ်နည်းနည်းလိုချင်တယ်. . . အဲဒါဆရာကြီးကို လာအသိပေးတာပါ"

ထိုသို့ပြောရင်းနှင့် သင့်တော်သောငွေကြေးနှင့် လက်ဆောင်ပစ္စည်းများ ပေးကြသည်။

"မင်းတို့ပေးတဲ့ငွေက နည်းလှချည်းလား၊ ကျွန်းသစ်တစ်ဖောင်ရဲ့တန်ဖိုး ဘယ်လောက်ရှိတာလည်း အသိသားနဲ့၊ နောက်ပြီး မင်းတို့ပေးတဲ့ငွေကို ငါတစ်ယောက်တည်း ယူရတာမဟုတ်ဘူး၊ ပုလိပ်တွေကိုလည်း ပေးရသေးတယ်"

ထိုသို့ပြောသောအခါ သစ်သမားများမှာ မျက်စိမျက်နှာပျက်သွားကြလေသည်။





"ကျုပ်တို့လည်းမသိလို့ မဟုတ်ပါဘူး ဆရာကြီးရယ် . . . ငွေက မပေါ်သေးလို့ပါ. . . ငွေပေါ်တဲ့အခါ ထပ်ပေးပါဦးမယ်"

"ငါကတော့ သာတယ် နာတယ်သဘောမထားပါဘူး၊ ကိုယ့်နယ်သားအချင်းချင်းတွေဆိုရင် ကြည့်တန်သလောက် ကြည့်ပါတယ်. . . တိုင်းတစ်ပါးသားတွေကတောင် နှုတ်ချင်တိုင်းနှုတ်ယူနေတာကို ဒီအတိုင်းကြည့်နေခဲ့ရတာပဲ. . . အခုလို လွတ်လပ်ခွင့်လေးရတုန်း မင်းတို့လည်း ရသမျှသာ ယူထားကြပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

ထိုသို့ပြောဆိုပြီး သစ်သမားများလည်း ပြန်သွားကြလေသည်။

ထိုကဲ့သို့ပင် သရဲကုန်းအင်းထဲမှာ ငါးဖမ်းချင်သူများကလည်း လက်ဆောင်ပစ္စည်းနှင့်တကွ သံပချိုင့်ထံရောက်လာပြီး ခွင့်တောင်းကြရလေသည်။

"သူကြီးရယ်. . . အခုလို အင်းလေလံဆွဲထားတဲ့သူမရှိတုန်း အင်းထဲမှာ ငါးဖမ်းပါရစေ"

"ဖမ်းပေါ့ကွာ. . . အင်းထဲက ငါးတွေက ငါမွေးထားတာတွေမှမဟုတ်တာ. . . အေး. . . ဒါပေမယ့် သတိဝီရိယကတော့ ထားကြပေါ့၊ အဲဒီအင်းက သရဲကြမ်းတယ်"

"သရဲတော့ မကြောက်ပါဘူး သူကြီးရယ်. . . ပုလိပ်လာဖမ်းမှာပဲ ကြောက်တာပါ"

"မဖမ်းပါဘူးကွာ. . . မင်းတို့ ငါးများများရလာတော့

www.burmeseclassic.com

www.burmeseclassic.com

လည်း သူတို့ကို ဟင်းစားလေး ဘာလေးပေးလိုက်ပေါ့"

"စိတ်ချ. . . စိတ်ချ"

ထိုသို့ပြောကာ ငါးဖမ်းမည့်သူများ ပြန်သွားကြလေသည်။

သံပချိုင့်မှာ ထိုကဲ့သို့ အပေးအယူကိစ္စများဖြင့် အဆင်ပြေနေသူဖြစ်သည်။

ထို့ပြင် ရွာထဲမှ အရက်ချက်ရောင်းသော ဘိုးထင်တို့ကလည်း သူကြီးနှင့် အပေးအယူ ပြုလုပ်ထားရသည်။

ထိုသို့ အပေးအယူမလုပ်ထားပါက သူကိုယ်တိုင်မဖမ်းဘဲ ပုလိပ်ကို လက်တို့ပေးလိုက်သည်နှင့် အဖမ်းခံတတ်သည်။ သရဲကုန်းရွာမှာတော့ အခြားအစိုးရလူများကို မကြောက်ရဘဲ သံပချိုင်ကို ပိုကြောက်ရလေသည်။

ယခုလို ခေတ်ပျက်ကာလရောက်လာသောအခါ သံပချိုင်အတွက်ရော အခြားလုပ်ကိုင်စားသောက်ချင်သူများ၊ မကောင်းမှုလုပ်ငန်းများဖြင့် စီးပွားရှာဖွေသူများအတွက်တော့ သဘောကျစရာ အခြေအနေမျိုး ဖြစ်သည်။

သရဲကုန်းရွာသည် ရွာအမည်က ကြမ်းသည်။ နာမည်နှင့်လိုက်အောင်ပင် သရဲကလည်း ကြမ်းသည်။ ထို့ပြင် ရွာမှာနေကြသူများမှာလည်း အတော်များများမှာ လူဆိုးလူမိုက်နှင့် လူကြမ်းများသာဖြစ်သဖြင့် လူကြမ်းသောနေရာမျိုး ဖြစ်သည်။

ယခင်ကတော့ သရဲကုန်းဌာနတွင် ဌာနအုပ်နှင့်ပုလိပ်များက စီမံအုပ်ချုပ်နေသောကြောင့် လူဆိုးလူမိုက်တို့မှာ သိပ်ပြီး





ခေါင်းမထောင်ဝံ့ကြပေ။

အင်္ဂလိပ်စစ်သဘောင်္များကလည်း သစ်တောစခန်းများသို့ တက်လာရင်းနှင့် သရဲကုန်းဌာနသို့ မကြာခဏ ရောက်လာလေ့ရှိသောကြောင့် မလှုပ်ဝံ့ကြခြင်း ဖြစ်သည်။

ယခုအခါ အင်္ဂလိပ်တို့လည်း ပြေးကြရပြီ၊ ဂျပန်များဝင်ရောက်လာပြီဆိုသော်လည်း မြို့ကြီးများ၌သာ ရှိနေပြီး နယ်စွန်နယ်ဖျားများသို့ မရောက်နိုင်ကြသေးပေ။ ထို့ကြောင့် အချို့နေရာများတွင် အုပ်ချုပ်ရေးကင်းမဲ့နေသော အချိန်ကာလလည်းဖြစ်သဖြင့် သရဲကုန်းရွာမှာနေကြသော လူဆိုးလူမိုက်များမှာ အကြိုက်တွေ့ကာ သဘောအကျကြီး ကျနေကြလေတော့သည်။

လူမိုက်အချို့က တောအရက်များချက်၍ ရွာ၌သာမက ရွှေလီမြစ်ရိုးတစ်လျှောက် လှည့်လည်ဖြန့်ဖြူးခြင်း၊ သရဲကုန်းအင်းထဲမှ ငါးများကို သူကြီးနှင့် အပေးအယူလုပ်၍ ဖမ်းယူကာ ရောင်းချခြင်း။

ရွှေလီမြစ်ရိုး၊ ချောင်းရိုးတစ်လျှောက်မှာရှိသော အစိုးရသစ်တောကြိုးဝိုင်းများအတွင်းမှ ကျွန်းသစ်အပါအဝင် တခြားသစ်အမျိုးမျိုးတို့ကို စိတ်ကြိုက်လဲှဖြတ်ယူ၍ ခွဲစိတ်ကာ အိမ်ကြီးအိမ်ကောင်းများ၊ အဆောက်အဦးကြီးများ ဆောက်လုပ်ခြင်း၊ ပိုလျှံသောသစ်များကို ရောင်းချစားသောက်ကြရာ ယခင်ကဆင်းရဲချို့တဲ့စွာရှိကြသော ရွာသူရွာသား၊ အလုပ်သမားတို့မှာ စီးပွားရေးအရရော နေရေးစားရေးပါ အတော်အတန် ချောင်ချိလာကြသည်ဆိုက မမှားပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အုပ်ချုပ်သောအစိုးရမရှိ၊ ဥပဒေမရှိ၊ ဖမ်းဆီး အရေးယူမည့်သူမရှိဘဲ လွတ်လပ်စွာဖြင့် လုပ်ချင်ရာ လုပ်ခွင့်ရသောအခြေအနေမျိုးကို များစွာ သဘောကျနေကြတော့သည်။

သူတို့အနေဖြင့် သရဲကုန်းဌာနသို့ ရာဇဝတ်အုပ်နှင့်ပုလိပ်များ ထပ်ရောက်လာမည်ကိုပင် မလိုလားနိုင်အောင် ဖြစ်နေကြသည်။

ရွာလူကြီး သံပချိုင့်အနေဖြင့်လည်း ထိုရွာသို့ ဌာနအုပ်နှင့်ပုလိပ်များ ထပ်ရောက်လာမည်ကို မလိုလားပေ။

အဘယ်ကြောင့်ဆိုသော် အကယ်၍ ဌာနအုပ်တစ်ယောက်ရောက်လာပါက သူ၏အဆင့်ပါဝါမှာ ယခုလောက် အရေးပါတော့မည် မဟုတ်ပေ။ ဌာနအုပ်အမိန့်ပေးသည့်အတိုင်း တစ်ဆင့်ခံအုပ်ချုပ်ရသော သူကြီးဘဝသို့ ပြန်ရောက်သွားရမည် ဖြစ်သောကြောင့်ပင် . . . ။

ယခုအခါမှာတော့ အစိုးရအုပ်ချုပ်မှု ကင်းမဲ့နေသော သရဲကုန်းဌာနတွင် ဌာနစောင့်အဖြစ်ရှိနေသောပုလိပ်အချို့မှာလည်း ၎င်းတို့အတွက် အန္တရာယ်မဖြစ်စေလိုသောကြောင့် နေသာသလိုသာနေကြခြင်းဖြစ်၏။

သရဲကုန်းရွာမှာ သံပချိုင့်အနေဖြင့် ဩဇာအာဏာအရှိဆုံးဖြစ်နေပြီး ရရှိသော လာဘ်လာဘတို့မှာလည်း မက်လောက်စရာ ဖြစ်နေသောကြောင့် သူကိုယ်တိုင်ကပင်လျှင် နောက်ထပ်အစိုးရလူများ ရောက်လာမည်ကို မလိုလားနိုင်ဘဲ ရှိနေလေသည်။





သူ့ဆီမှာလည်း အမှီအခိုပြုပြီး လာရောက်နေထိုင်သော လူဆိုးလူမိုက်များ ရှိသည်။

ထိုကဲ့သို့ လူဆိုးလူမိုက်တို့ကို လက်သပ်မွေးထားသောကြောင့်လည်း ရွာထဲမှာရှိသော လူဆိုးလူမိုက်များက အံမတုဝံ့ကြခြင်းဖြစ်သည်။

တစ်နေ့တော့ သံပချိုင့်တပည့်များက အင်းထဲမှာ ငါးခိုးဖမ်းနေသော လူနှစ်ယောက်ကို ဖမ်းခေါ်လာကြသည်။

အဘိုးကြီးတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့ဖြစ်သည်။

အဘိုးကြီးက အသက် ၆၀ ဝန်းကျင်အရွယ်ခန့်ရှိပြီး အမျိုးသမီးကတော့ အသက် ၂၀ ကျော်အရွယ်ခန့်သာ ရှိသေးသည်။

သူတို့နှစ်ယောက်နှင့်အတူ ငါးထည့်သော ပလိုင်းတစ်လုံးနှင့် ငါးဖမ်းရာတွင်အသုံးပြုသော ပိုက်ကွန်တစ်လက်ပါလာသည်။

"အင်းထဲမှာ ငါးခိုးဖမ်းနေတာတွေ့လို့ ခေါ်လာခဲ့တာပါ ဆရာကြီး"

ထိုအခါ သံပချိုင့်က အပြင်ဘက်ထွက်လာသည်။

"ခင်ဗျားတို့ ဘယ်ရွာကလဲ"

"တောင်ညိုရွာကပါ"

"ဘာကြောင့် အင်းထဲမှာ ငါးဖမ်းတာလဲ"

"ဟင်းစားအတွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအင်းက အစိုးရလေလံအင်းဗျ. . . လိုင်စင်ရှိမှ ငါးဖမ်းခွင့်ရှိတာ နားမလည်ဘူးလား"

"ကျုပ်တို့က ဟင်းစားအတွက်ဖမ်းတာပါ. . . ရောင်းချစားဖို့လည်း မဟုတ်ပါဘူး၊ နောက်ပြီး လောလောဆယ် လိုင်စင်ချထားပေးပြီးသား မရှိသေးဘူးဆိုလို့ပါ"

အဘိုးကြီးက အေးအေးပင် ပြန်ပြောသည်။

ထိုစကားကြားတော့ သံပချိုင့်မျက်နှာမှာ တင်းခနဲဖြစ်သွားလေသည်။

"အစိုးရလိုင်စင်မရှိသေးလည်း သရဲကုန်းအင်းက ကျုပ်ရဲ့ပိုင်နက်ထဲမှာ ရှိတာဆိုတော့ လောလောဆယ် ကျုပ်ကပဲ စီမံအုပ်ချုပ်နေရတာဗျ၊ ကျုပ်ကိုအသိမပေးဘဲ ခွင့်မတောင်းဘဲ ဖမ်းချင်တိုင်း ဖမ်းလို့မရဘူး၊ ခင်ဗျားတို့ကို ဖမ်းထားလို့ရတယ် နားလည်လား"

ထိုသို့ကြိမ်းမောင်းပြောဆိုသော်လည်း အဘိုးကြီးက ဘာမှထပ်မပြောတော့သလို နံဘေးမှာရှိနေသော မိန်းကလေးကလည်း မျက်နှာထားတင်းတင်းနှင့် ထရပ်နေလေသည်။

"ခင်ဗျားတို့ကို ဒီတစ်ခါတော့ ခွင့်လွှတ်ပေးလိုက်မယ်၊ နောက်တစ်ခါမိရင်တော့ ထိပ်တုံးအခတ်ခံရမယ်. . . ဒီပိုက်ကွန်ကိုတော့ သိမ်းထားလိုက်မယ်"

"ဒီပိုက်ကွန်တော့မသိမ်းပါနဲ့. . . တခြားသူဆီကငှားလာတာမို့ပါ"

"သူများဆီက ငှားလာရင်လည်း သိမ်းရမှာပဲ. . . ကဲ





ပြန်ကြတော့. . . ပြန်ကြတော့"

ဟုပြောပြီး သံပချိုင့်က အိမ်ပေါ်ပြန်တက်သွားလေသည်။

ထိုအခါ လူမိုက်တပည့်များက ပိုက်နှင့်ငါးထည့်သောပလိုင်းကို ယူသွားကြလေသည်။

အဘိုးကြီးနှင့်မိန်းကလေးတို့လည်း ဘာမှထပ်မပြောတော့ဘဲ လှည့်ပြန်သွားကြလေသည်။

ထိုအခါမှ ကျန်ခဲ့သူများက အချင်းချင်းပြောနေကြသည်။

"ဟန်ကျတာပဲ. . . ဟင်းစားရှာစရာမလိုတော့ဘဲနဲ့ ဟင်းစားရလိုက်ပြီ"

"ဒါပေမယ့် ဟိုအဘိုးကြီးနဲ့ ကောင်မလေးကတော့ သနားစရာပါပဲ. . . သူတို့ခမျာ ပိုက်ကွန်ပါသိမ်းထားလိုက်တော့ မျက်နှာငယ်ကလေးနဲ့ ပြန်သွားကြတယ်"

"ကောင်မလေးက အတော်ချောတယ်. . . သူတို့ပြောတော့ တောင်ညိုရွာကဆိုလား တစ်ခါလောက်တော့ သွားလည်ကြည့်ရမယ်"

"ကြည့်လည်း သွားပေါ့ကွာ. . . ငါကြားတာကတော့ တောင်ညိုရွာမှာ ပညာသည်တွေရှိတယ်လို့ ပြောသံကြားတယ်၊ တော်ကြာမှ ကွေးကွေးလေးသေနေဦးမယ်"

"ငါမကြောက်ပါဘူးကွာ. . . နေဦး. . . ပလိုင်းထဲမှာ ဘာငါးတွေပါသလဲ ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး လက်တစ်ဖက်ဖြင့်ကိုင်ကာ ပလိုင်းအဖုံးကို ဖွင့်လိုက်သည်။

ထိုသို့ဖွင့်ပြီး အပေါက်ဝမှကြည့်လိုက်စဉ် ပလိုင်းထဲမှ မြွေတစ်ကောင်၏ဦးခေါင်းက 'ဖြီး'ခနဲ ထွက်လာပြီး မျက်နှာကိုခဲ ထားလိုက်သည်။

"အား. . . လုပ်ကြပါဦး၊ ငါ့ကို မြွေကိုက်ပြီဟ"

ထိုလူလည်း ကြောက်ကြောက်လန့်လန့်ဖြင့် မျက်နှာမှာ တန်းလန်းပါလာသောမြွေကို လက်ဖြင့် ဆွဲဖယ်ပစ်လိုက်သည်။

မြွေကလွတ်သွားသော်လည်း မျက်နှာပေါ်မှာတော့ အစွယ်ရာနှစ်ချက် ကျန်ခဲ့လေသည်။

မြွေကိုက်ခံရသူမှာ တအားအားနှင့် မချိမဆန့် အော်ဟစ်နေတော့သည်။

"ငါးထည့်တဲ့ပလိုင်းထဲ ဘယ်ကမြွေရောက်နေတာလဲ"

ဟု တစ်ယောက်က အပေါ်မှ မရဲတရဲဖြင့် ငုံ့ကြည့်တော့ ပလိုင်းထဲမှငါးတစ်ကောင်မှမရှိဘဲ အဆိပ်ပြင်းသော မြွေနှစ်ကောင်သုံးကောင်ကိုသာ တွေ့ရသဖြင့် မျက်လုံးပြူးသွားလေသည်။ ပြဿနာက ထိုမျှနှင့်မပြီးပေ။

ညအချိန်ရောက်တော့ သံပချိုင့်အိမ်အနောက်ဘက်မှ တဗုန်းဗုန်းဖြင့်လာရောက်ထုရိုက်ကာ အသံနက်ကြီးဖြင့် တောင်းနေလေတော့သည်။

"ငါ့ပိုက်ကွန်ပြန်ပေး. . . ငါ့ပိုက်ကွန်ပြန်ပေး"

ထိုသို့လာတောင်းသဖြင့် လူမိုက်များက ထွက်ကြည့်





သောအခါ အရပ်အမောင်းမြင့်လှသော မည်းမည်းသဏ္ဌာန်ကြီးကိုတွေ့ရသဖြင့် သံပချိုင့်ကိုသွားပြောကြရာ နှစ်လုံးပြူးသေနတ်ကိုယူပြီး အောက်သို့ဆင်းသွားသည်။

"ဘယ်ကောင်လဲကွ. . . ပိုက်လာတောင်းနေတာ"

"ငါ သရဲကုန်းအင်းစောင့်ပဲ. . . ငါ့ ပိုက်ကွန်ပြန်ပေး"

"မင်း ပိုက်ကွန် ဘယ်ကုန်းကယူထားလို့လဲ"

"နေ့ခင်းက မင်းတို့ယူထားတယ်. . . ပြန်ပေး"

ထိုသဏ္ဌာန်က မျက်လုံးနီနီဖြင့်ကြည့်ကာ သူ့ပိုက်ကွန်ကိုသာ ပြန်တောင်းနေတော့သည်။

ထိုအခြေအနေကိုမြင်တော့ တပည့်တစ်ယောက်က အနားကပ်ပြောလေသည်။

"ဆရာကြီး မနက်ပိုင်းက အဘိုးကြီးဆီက သိမ်းယူထားတဲ့ပိုက်ကွန်းဖြစ်မယ်. . . ပြန်ပေးလိုက်မှအေးမယ်"

"ဒါဖြင့်လည်း မြန်မြန်သွားယူပြီး ပေးလိုက်စမ်းကွာ. . . နားငြီးတယ်"

ဟုပြောလိုက်သဖြင့် တိုင်တစ်တိုင်မှာချိတ်ထားသော ပိုက်ကွန်ကိုယူပြီး ထိုမည်းမည်းသဏ္ဌာန်ကြီးရှိရာသို့ လှမ်းပစ်ပေးလိုက်သည်။

"ရော့ဟေ့. . . မင်း ပိုက်ကွန်"

ပိုက်ကွန်ပြန်ရတော့မှ ထိုမည်းမည်းသဏ္ဌာန်ကြီးက အမှောင်ရိပ်ထဲသို့ပြန်ဝင်သွားလေတော့သည်။

"အင်းစောင့်သရဲက ဘယ်ကပိုက်ကွန်လာတောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"မနက်က အဘိုးကြီးပြောသွားတယ် ကြားလိုက်တယ် . . . သူက တခြားလူဆီက ငှားလာတာဆိုတော့. . ."

ထိုစကားကြားသောအခါ သတ္တိကောင်းလှသည်ဆိုသောသံပချိုင့်ပင် မျက်လုံးပြူးသွားသည်။

"မင်းတို့ပြောတာ ဘာအဓိပ္ပာယ်လဲ"

"ဒီနေရာတွေမှာက ကြောက်စရာကောင်းတဲ့ လူဆိုးလူမိုက်တွေထက် ပိုပြီး ကြောက်စရာကောင်းတဲ့ ပရလောကသားတွေ အများကြီး ရှိတယ်၊ အဲဒါတွေနဲ့ ပြဿနာမဖြစ်တာကတော့ အကောင်းဆုံးပဲ ဆရာကြီး"

ထိုသို့ပြောလိုက်သောအခါ သံပချိုင့်လည်း ဘာမှထပ်မပြောတော့ဘဲ အိမ်ပေါ်သို့ပြန်တက်သွားလေတော့သည်။



# အခန်း [ ၂ ]

## ဌာနအုပ်မပြုသော ဂါတ်တဲ

ရှေ့အခန်း၌ ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်ကာလ စပ်ကူးမတ်ကူးကာလအချိန်တွင် သရဲကုန်းရွာ၏ အခြေအနေမှာများစွာ လွတ်လပ်လျက်ရှိပေသည်။

ယခင်က အင်္ဂလိပ်အစိုးရမှ လာရောက်ဖွင့်ထားသော သရဲကုန်းဌာန (ဂါတ်တဲ)ရှိနေသောကြောင့် လွတ်လပ်မှုမရှိကြပေ။

ယခုအခါမှာတော့ ထိုဌာနတွင် ဌာနစောင့် ပုလိပ်အချို့သာရှိကာ ထိုရှိသော ပုလိပ်တို့မှာလည်း အုပ်ချုပ်မှုပြုသူမရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပေးတာယူ ကျွေးတာစားပြီး အေးအေးပင်နေကြတော့သည်။

သရဲကုန်းရွာအပါအဝင် အနီးပတ်ဝန်းကျင် ရွာများမှလူများ လုပ်ချင်တိုင်း လုပ်နေကြသည်ကိုပင် သူတို့နှင့် ဘာမှမဆိုင်သကဲ့သို့ အေးအေးပင် နေကြလေသည်။

ထိုကဲ့သို့ နေရသည်ကိုပင် သူတို့ကိုယ်တိုင်က သဘောအကျကြီး ကျနေကြသဖြင့် နောက်ထပ်ဌာနအုပ်အသစ်ရောက်လာမည်ကိုပင် စိုးရိမ်နေကြသည်။

ဌာနအုပ်အသစ်ရောက်လာပါက ယခုကဲ့သို့ နေခွင့်ရတော့မည်မဟုတ်ဘဲ အလုပ်လုပ်ကြရပေမည်။

အန္တရာယ်များလှသော လူဆိုးသူခိုးဖမ်းဆီးသော အလုပ်များ လုပ်ကြရသည့်အပြင် ယခုရသကဲ့သို့ လာဘ်လာဘတို့လည်း ရတော့မည်မဟုတ်တော့ပေ။

သရဲကုန်းဌာသို့ ဌာနအုပ်ရောက်လာမည့်ကိစ္စကို ရွာလူကြီးသံပချိုင့်နှင့် ရွာသူရွာသားများက သဘောမကျကြသလို ဌာနမှာရှိသော ပုလိပ်အချို့ကပါ မလိုလားဘဲ ရှိနေတော့သည်။

ဂျပန်များ ဝင်ရောက်လာပြီးနောက်ပိုင်း တိုင်းပြည်အခြေအနေ ပြန်လည်တည်ငြိမ်စ ပြုလာသောအချိန်တွင် ဒေါက်တာဘမော်အစိုးရသည် ရွှေလီချောင်းရိုးတစ်လျှောက်တွင် အချက်အခြာကျသော သရဲကုန်းဌာနကို ယခင်အတိုင်းဖြစ်စေရန် ကြိုးစားဆောင်ရွက်မှု ပြုကြလေသည်။

ထိုဌာနသို့ စီမံအုပ်ချုပ်ရန် ဌာနအုပ်နှင့် ပုလိပ်အချို့ကို ထိုဌာနသို့ စေလွှတ်ခဲ့သည်။





သို့သော် အဆင်မပြေပေ။

ထိုစခန်းမှာ တာဝန်ထမ်းဆောင်ရန် ရောက်လာသူတို့မှာ မမြဲဘဲ ပြန်ပြေးကြရသည်။

အချိန်ကာလ (၆)လခန့်အတွင်းမှာပင် ဌာနအုပ်လေးယောက် ပြန်ပြေးခဲ့ကြရလေသည်။

အချိန် ခြောက်လအတွင်း ဌာနအုပ် လေးယောက်ပြောင်း ခြင်းမှာ ထိုစခန်းတွင် အလုပ်လုပ်ရချိန် ပြောပလောက်အောင်မရှိပါချေ။

တစ်ယောက်ပြေးပြီး နောက်တစ်ယောက်ကို မော်တော်ဘုတ်နှင့်တင်ပြီး စခန်းရောက်အောင် လာပို့ပေးရသောအချိန်ကပင် တစ်လကျော် အချိန်ကြာသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ထိုစခန်းသို့ လာရောက်တာဝန်ထမ်းဆောင်သော ဌာနအုပ်တို့မှာ အလုပ်လုပ်ချိန်မရှိလှဘဲ ထိုခြောက်လဆိုသောအချိန်မှာ အသွားအပြန် ပြုလုပ်နေကြသော အချိန်ဖြင့်သာကုန်သွားကြရခြင်း ဖြစ်သည်။

ထိုရွာသို့ ရောက်လာသောဌာနအုပ်များ ပြန်ပြေးရသော အကြောင်းများကတော့ တစ်ဦးနှင့်တစ်ဦး ပြေးရပုံချင်း မတူကြပေ။

တစ်ခုတော့ မေးစရာရှိသည်။ လက်နက်အပြည့်အစုံရှိသော ပုလိပ်များရှိနေကြပါလျက်နှင့် ဌာနအုပ်များ အဘယ်ကြောင့် ပြန်ပြေးရသလဲဆိုသော အချက်ပင်ဖြစ်၏။

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ထိုဌာန၌ရှိနေကြ

www.burmeseclassic.com

www.burmeseclassic.com

သော ပုလိပ်အများစုမှာ ရှာခံလူမိုက်များနှင့် အပေးအယူလုပ်ကာ ပေးတာယူ ကျွေးတာစားဘဝကို သဘောကျနေကြရာ မိမိတို့ကို စီမံအုပ်ချုပ်မည့် ဌာနအုပ်တစ်ယောက် ရောက်လာသည်ကိုပင် ကျိတ်ပြီး သဘောမကျ ရှိတတ်ကြသည်။

ထို့ကြောင့် ဒုက္ခတွေ့နေလျှင်လည်း တော်ရုံပင် ကူမပေးဘဲ လျစ်လျူရှုထားကြသောကြောင့် အကူအညီမရဘဲ ပြေးကြရခြင်း ဖြစ်သည်။

ရောက်လာသော ဌာနအုပ်အသစ်မှာလည်း ထိုအကြောင်းကို စခန်းရောက်တော့မှ ရိပ်မိလေရာ ဘာမှမတတ်နိုင်ဘဲ ရှိလေသည်။

အစကတော့ ပုလိပ်လောကမှာ ထိုအကြောင်းကို သိပ်မသိကြပေ။

နောက်ပိုင်း တဖြည်းဖြည်းနှင့် တစ်ဆင့်စကား တစ်ဆင့်ကြားကြပြီး နောက်လူများ မသွားဝံ့ကြအောင် ရှိကြသည်။

“သေချင်လျှင် စိန်မစားနဲ့ သရဲကုန်းဌာနသွား”

ဟူသောစကားပင် ပြောစမတ်တွင်ခဲ့လေသည်။

ထိုအချိန်က သရဲကုန်းဌာနသို့ သွားရောက်တာဝန်ထမ်းဆောင်မည့်သူ ပေါ်ပေါက်လာလျှင်ပင် သူရဲကောင်းသဖွယ် ဖြစ်နေတော့သည်။

ပုလိပ်ဌာနမှ ပုလိပ်မင်းကြီးလည်း ထိုအကြောင်းကို သိတန်သရွေ့ သိသောအခါ များစွာစိတ်မချမ်းမသာရှိသဖြင့် ထိုနေရာသို့ တာဝန်ထမ်းဆောင်နိုင်မည့်သူမျိုး ရှာဖွေရွေးချယ်ကာ စေ





လွှတ်မြဲ စေလွှတ်သော်လည်း မြဲလှသည်မရှိပေ။

ဌာနအုပ်တာဝန် ထမ်းဆောင်ဖူးသူများ စေလွှတ်ရန်မရှိတော့သည့်အခါ ရာထူးငယ်သူများထဲမှ အတန်အသင့်သတ္တိကောင်းသူအချို့နှင့် အသုံးပြုနိုင်သူတို့ကို ရာထူးတိုးပေးကာ ထိုနေရာသို့ စေလွှတ်ခဲ့ပေသည်။

ယခုအခါ တစ်ယောက်ပြေး တစ်ယောက်လာနှင့်ပင် လေးယောက်ပြောင်းသွားခဲ့ပေပြီ။

ဒေါက်တာဘမော်အစိုးရ တက်လာပြီးနောက် သရဲကုန်းဌာနသို့ ပထမဆုံး စေလွှတ်ခံရသော ဌာနအုပ်မှာ မင်းဒင်ဆိုသူဖြစ်သည်။

မင်းဒင်မှာ ပုလိပ်မဖြစ်ခင်က လူဆိုးလူမိုက်တစ်ဦးဖြစ်သည်။

ဓားပြတိုက်ဖူးသည်။ လူသတ်ဖူးသည်။ ခေတ်ပျက်ကာလတွင် စိတ်တိုင်းကျ ဆိုးပေနေခဲ့ပြီး ဂျပန်ခေတ်ရောက်သောအခါ ၎င်းကျူးလွန်ခဲ့သော အပြစ်ဒဏ်များပေါ် မည်စိုးသဖြင့် ပုလိပ်လောကသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်၏။

၎င်းမှာ ပုလိပ်ဘဝရောက်သော်လည်း လူဆိုးလူမိုက်သဘာဝက ရှိနေသေးသည်ကို ပုလိပ်ဌာနမှသိသဖြင့် ရာထူးတိုးပေးကာ သရဲကုန်းဌာနသို့ ချက်ချင်းစေလွှတ်ခဲ့ပေသည်။

မင်းဒင်ဘဝမှ ဌာနအုပ်မင်းဒင် ဘဝရောက်သည်နှင့် မြောက်ကြွမြောက်ကြွဖြစ်ကာ စေလွှတ်သောနေရာသို့ ချက်ချင်းသွားရန် ပြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မိတ်ဆွေအချို့က စေတနာဖြင့် သတိပေးစကားပြောကြသည်။

"ခင်ဗျားသွားမယ့် သရဲကုန်းဌာနဆိုတာ နာမည်ကြမ်းသလို အဲဒီမှာနေတဲ့သူတွေကလည်း အတော်ဆိုးသတဲ့၊ လူဆိုးလူမိုက်တွေလည်း အတော်များတယ်. . . သတိနဲ့သွားပေတော့"

"ဟုတ်တယ်. . . ကိုမင်းဒင်. . . သရဲကုန်းဌာနဆိုတာ ဆရာမနိုင် နှစ်ဆောင်ပြိုင်လို နေရာမျိုးဗျ. . . ဌာနအုပ်မမြဲလို့ သွားသမျှ ဌာနအုပ်တွေ ပြန်ပြေးရတာချည်းပဲ"

ထိုအခါ ဌာနအုပ်အသစ်စက်စက်မင်းဒင်က သူတို့ပြောနေသော အကြောင်းအရာတို့ကို ဂရုမစိုက်သော လေသံမျိုးနှင့် . . . .

"လူမိုက်ဆိုတာ ချိုနှစ်ချောင်း အပိုပါတာမှမဟုတ်တာ . . . ကြောက်စရာမလိုပါဘူး၊ ကျုပ်လည်း ပုလိပ်လောကမရောက်ခင်က လူမိုက်ဘဝကလာတဲ့လူပါပဲ. . . သူတို့ ဘယ်လောက်ကြမ်းတယ်ဆို တာ ကျုပ်နဲ့တွေ့မှပဲသိရစေမပေါ့"

ဟု ပြန်ပြောလေသည်။

ထို့နောက် ဌာနအုပ်မင်းဒင်ကို သရဲကုန်းဌာနသို့ ပို့လိုက်လေသည်။

သူသည် ထိုနေရာကိုရောက်စက ခပ်ကြမ်းကြမ်းပင် စီမံအုပ်ချုပ်လေသည်။

မင်းဒင်မှာ အခြားကိစ္စများထက် မိန်းမကိစ္စတွင် များစွာဝါသနာကြီးသူတစ်ဦး ဖြစ်သည်။





နောက်ပိုင်းမှာတော့ ထိုနယ်တစ်ဝိုက်တွင် ချောမောလှပသော မိန်းမတစ်ယောက်နှင့် ငြိစွန်းပြီး တစ်ညအိပ်ပျော်သွားခဲ့မှာ အန္တရာယ်တစ်ခုနှင့် ကြုံရလေသည်။

ထိုမိန်းမနှင့်အတူနေပြီး အိပ်ပျော်သွားစဉ် ပြန်နိုးလာသောအခါ ရေထဲမျောနေသော ဝါးဖောင်တစ်ခုပေါ် ရောက်နေလေသည်။

ဝါးဖောင်ပေါ်တွင် ပက်လက်အနေအထားဖြင့် ကြိုးချုပ်ခံထားရရုံမကဘဲ ၎င်း၏ငယ်ပါမှာ ထက်ဝက်ခန့် ဓားဖြင့် အဖြတ်ခံထားရသဖြင့် သွေးများထွက်နေလေသည်။

ချွေလီချောင်းထဲမှာဝါးဖောင်ဖြင့် အမျှောခံရသည်ထက် ရှက်ဖို့ကောင်းခြင်းက 'ငယ်ပါ'အဖြတ်ခံရခြင်းပင် ဖြစ်၏။

ထိုအချိန်မှစပြီး မင်းဒင်တစ်ယောက် သတင်းအစအနပျောက်သွားလေတော့သည်။

သွေးထွက်လွန်သဖြင့် သေသွားခဲ့သလား. . . ဒါမှမဟုတ် ငယ်ပါ အဖြတ်ခံရသဖြင့် လောကကြီးကိုစိတ်နာကာ တစ်နေရာ ဇာတ်မြုပ်နေသလားတော့ မသိရတော့ပေ။

မင်းဒင်မရှိတော့သည့်နောက် နှစ်လနီးပါးကြာသောအခါမှ သရဲကုန်းဌာနသို့ နောက်ထပ်ဌာနအုပ်တစ်ယောက် ရောက်လာလေသည်။

ဒုတိယရောက်လာသူမှာ ဌာနအုပ်စိန်မြဖြစ်သည်။

စိန်မြက ပညာတတ်ဖြစ်ပြီး သတိဝီရိယကောင်းသူ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



လူဆိုးလူမိုက်တို့၏ ထောင်ချောက်မှန်သမျှကို သတိဖြင့်
ရှောင်ရှားနိုင်ခဲ့သည်။

၎င်းသည် သတ္တိလည်းကောင်းသဖြင့် နယ်ခံလူမိုက်များ
မှာ ကြံရာမရဖြစ်နေကြသည်။

သို့သော် တစ်ခါမှာတော့ ဌာနအုပ်စိန်မြကို ပုလိပ်အ
ချို့မှတစ်ဆင့် သိသွားကြသည်။

အခြားမဟုတ်ပေ။ စိန်မြမှာ သရဲကြောက်တတ်သူပင်
ဖြစ်၏။

တစ်ညမှာတော့ တံခါးခေါက်သဖြင့် ဖွင့်ပေးလိုက်ရာ
ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် အလောင်းတစ်လောင်းက ခေါင်
တလားကြီးပိုက်ကာ ရပ်နေသည်ကိုတွေ့ရသည်မှစကာ သွေ
ပျက်သွားလေတော့သည်။

နောက်တစ်ရက်မှာတော့ ချောင်းထဲမှစုန်ဆင်းလာ
သော လှေတစ်စင်းကိုခေါ်ကာ လိုက်သွားခဲ့သည်မှ ပြန်ပေါ်
လာတော့ပါချေ။

နောက်ထပ်ရောက်လာသော ဌာနအုပ်မှာ 'ဂျမဒါ' ဆိုသ
ဖြစ်သည်။

ဌာနအုပ်ဂျမဒါမှာ ကုလားကပြားတစ်ဦး ဖြစ်ရုံမကသ
စစ်ပြန်တစ်ယောက်လည်း ဖြစ်သည်။

သူက ရောက်စကာလတွင် ဩဇာအာဏာပြသည့်အ
နေဖြင့် ကြမ်းကြမ်းတမ်းတမ်းပင် အုပ်ချုပ်လေသည်။

သို့သော် သူက အရက်ကြိုက်သည်။ ဒေသခံများ





အရက်ကောင်းကောင်းများ ချက်ပို့ပေးရာ စိတ်တိုင်းကျသောက်
နိုင်၍ စိတ်နောက်သွားလေတော့သည်။

သရဲကုန်းဌာနသို့ ရောက်လာစဉ်က သေနတ်တိုတစ်
လက်ကို ခါးထိုးလျက် ပြောင်းရှည်သေနတ်တစ်လက်ကို ပခုံး
ပေါ် ထမ်းပြီး ရောက်လာခဲ့သော်လည်း ပြန်သွားသောအခါ စိတ်
မမှန်တော့သဖြင့် ဖိနပ်ခါးထိုးပြီး အဝတ်စုတ်အထုပ်ကို ဝါးလုံး
တစ်လုံးဖြင့် လျှိုထမ်းကာ ပြန်ပြေးရခြင်းဖြစ်ပေသည်။

နောက်ထပ်ရောက်လာသူက ဌာနအုပ်ထွန်းသောင်ဆို
သူဖြစ်သည်။

သူက ဒေါက်တာဘမော်အစိုးရလက်ထက်၌ လေး
ယောက်မြောက် ရောက်လာသူဖြစ်၏။

ဌာနအုပ်ထွန်းသောင်မှာ ပုလိပ်လောကသို့ရောက်သည်
မှာ ကြာပြီဖြစ်ပြီး ဒုစရိုက်သမားများအကြောင်း၊ ပုလိပ်များအ
ကြောင်းကို နောကျေအောင်သိထားသူ ဖြစ်သည်။

သရဲကုန်းဌာနသို့ မလာခင်ကတည်းက ထိုနေရာ ထိုဌာ
နနှင့်ပတ်သက်သည့် သတင်းများကို ကြိုတင်စုံစမ်းထားခဲ့ပြီးဖြစ်
ရာ ဌာနအုပ်များမမြဲဘဲ တစ်ယောက်ပြီးတစ်ယောက် ထွက်ပြေး
ရသောသတင်းကိုလည်း ကြားသိထားရပြီး ဖြစ်လေသည်။

ထို့ကြောင့် ဌာနအုပ်ထွန်းသောင်သည် သရဲကုန်းဌာန
သို့ ရောက်လာသောအခါ သတိကြီးစွာထားကာ စည်းစနစ်ကျနစွာဖြင့် စီမံအုပ်ချုပ်လေသည်။

သူရောက်လာပြီးနောက်ပိုင်းတွင် ဌာနမှာရှိသောပုလိပ်



www.burmeseclassic.com

www.burmeseclassic.com

များမှာလည်း မလုပ်ဝံ့တော့ဘဲ စည်းကမ်းတကျ လုပ်ကိုင်ကြရလေသည်။

ထို့ပြင် ရွာထဲမှာရှိသော လူဆိုးလူမိုက်များသာမက သူကြီးကိုယ်တိုင်ကပင် ဌာနအုပ်ထွန်းသောင်ကို မလွန်ဆန်ဝံ့ပေ။

သို့သော်လည်း ရောက်စကတည်းက နည်းအမျိုးမျိုးဖြင့် စမ်းကြည့်ကြသေးသည်။

မရတော့မှ အကြံရခက်နေကြရခြင်းဖြစ်သည်။

"ဆရာကြီး အခုရောက်နေတဲ့ ဌာနအုပ်က တကယ်လူတစ်မျိုးဗျ။ ပေါင်းရသင်းရတာလည်း အတော်ခက်တယ်"

သံပချိုင့်က ဆေးပြင်းလိပ်ကို နာနာဖွာရင်း မျက်မှောင်ကျုံ့ကာ နားထောင်နေသည်။

"ဘယ်လိုခက်တာလဲ"

"ငွေပေးတော့လည်း လက်မခံဘူးဗျ"

"ငွေမကြိုက်တဲ့လူမိုက်လည်း ရှိပေသကိုး"

"မိန်းမနဲ့ဖြားယောင်းပြန်တော့လည်း မရဘူး"

"မိန်းမ မကြိုက်တဲ့ဘုန်းကြီးလို လူမျိုးလည်းရှိပေသကိုး"

"အရက်... ဘိန်းလည်း ဘာမှမလုပ်ဘူး"

"တကယ်မကြိုက်တာလား... အယောင်ဆောင်နေတာများလားမှ မသိတာ"

"သူက သတ္တိလည်းကောင်းတယ်... သရဲလည်း မကြောက် လူမိုက်တွေလည်း ဂရုမစိုက်နဲ့ ဘယ်လိုလုပ်လို့မှ





မရဘူး ဖြစ်နေတယ်"

"လောကမှာ စင်းလုံးချော အပြစ်ကင်းတဲ့ လူမျိုးကတော့ ရှိတယ်ဆိုရင်တောင် အတော်ရှားမှာပါ၊ မင်းလူကို စောင့်သာကြည့်နေ... မျောက်မှန်ရင် တစ်နေ့ကျတဲ့အခါ အမြီးလှန်ကလာလိမ့်မယ်"

ဟု သံပချိုင့်ကပြောသည်။

ထို့နောက်မှာတော့ ဌာနအုပ်ထွန်းသောင်ကို စိတ်ရှည်ရှည်နှင့် အကဲခတ်ကာ စောင့်ကြည့်နေကြလေသည်။

တစ်နေ့တော့ ၎င်း၏ချို့ယွင်းချက်တစ်ခုကို သိကြရလေတော့သည်။

အခြားမဟုတ်ပေ။ ထွန်းသောင်မှာ အင်္ဂလိပ်သူလျှိုများနှင့် အဆက်အသွယ်ရှိသူတစ်ယောက်ဖြစ်ကြောင်း သံပချိုင့်တို့အဖွဲ့မှ သိသွားကြတော့သည်။

နောက်ထပ်ရက်အနည်းငယ်ကြာသောအခါ သရဲကုန်းဌာနသို့ ဂျပန်စစ်သားများလိုက်ပါလာသော မော်တော်ဘုတ်တစ်စင်းရောက်လာပြီးနောက် ထွန်းသောင်ကို တစ်ပါတည်းဖမ်းဆီးခေါ်ဆောင်သွားကြလေတော့သည်။

ဂျပန်ကင်ပေတိုင်ရုံးသို့ ရောက်သွားသောထွန်းသောင်တစ်ယောက်ကတော့ နောက်ထပ် သရဲကုန်းဌာနသို့ပြန်မရောက်လာနိုင်တော့ပါချေ။

ထိုအချိန်မှစပြီး သရဲကုန်းဌာနတွင် ဌာနအုပ်အဖြစ်နှင့်ရောက်လာသူ နောက်ထပ်မရှိတော့ပေ။


www.burmeseclassic.com

www.burmeseclassic.com

ထိုစခန်းမှာကျန်ခဲ့သော ပုလိပ်အချို့မှာလည်း မနေဝံ့ကြသဖြင့် အခြားနေရာများသို့ သင့်တော်သလို ပြောင်းရွှေ့သွားကြရာ အနည်းငယ်သာ ကျန်ခဲ့တော့သည်။

ထိုကဲ့သို့သော ဇွဲကောင်းကောင်းနှင့် ကျန်ခဲ့သောပုလိပ်တို့မှာလည်း လူသစ်များမဟုတ်ကြဘဲ ယခင်နေခဲ့ဖူးသောလူဟောင်းများပင် ဖြစ်ကြလေသည်။

ထိုပုလိပ်များမှာလည်း စခန်းမှာနေသော်လည်း မည်သည့် တာဝန်မှမရှိတော့သည့်အလား လူမိုက်များမှန်မှန်လာပေးသော ငွေနှင့်အစားအသောက်၊ လက်ဆောင်ပစ္စည်းတို့ကို ရသမျှယူကာ အေးအေးပင် နေကြလေသည်။

ကြာလာတော့ အဆိပ်မရှိသော ရေမြွေများကဲ့သို့ ဖြစ်နေတော့သည်။

သရဲကုန်းဌာနတွင် ဌာနအုပ်မရှိတော့သည်နှင့် ကြောင်မရှိတော့သည်နှင့် ကြွက်များ ထကြွသောင်းကျန်းကြသကဲ့သို့ ဘိန်းချသူများ၊ သစ်ခုတ်သူများ၊ အင်း၌ ငါးဖမ်းသူများအပြင် လူဆိုးလူမိုက်၊ သူခိုးဓားပြတို့မှာ လွတ်လွတ်လပ်လပ်နှင့်ပင် မိမိတို့အလုပ်များကို ဆက်လက်လုပ်ကိုင်မြဲ လုပ်ကိုင်ကြလေတော့သည်။



## အခန်း [ ၄ ]

## အင်းထဲသို့ အပျော်မယောင် ထွေ့ခဲ့ရသူ

သရဲကုန်းရွာ၊ သရဲကုန်းဌာနများအကြောင်း ရေးမပြီးပါ။ သရဲကုန်းအင်း အကြောင်းကိုလည်း ရေးထားဖော်ပြရပေမည်။

မြန်မာနိုင်ငံမှာ ကြီးမားလှသော အင်းကြီးများရှိကြသည်။

နာမည်ကြီးပြီး လူသိများသော အင်းကြီးနှစ်ခုမှာ ကချင်ပြည်နယ်အတွင်း၌ရှိသော အင်းတော်ကြီးနှင့် ရှမ်းပြည်နယ်အတွင်း၌ရှိသော အင်းလေးတို့ပင်ဖြစ်၏။

အင်းတော်ကြီးကို အင်းတော်ကြီးရေအိုင်ဟုခေါ်ပြီး ရွှေမဥ္ဇူဘုရားရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

အင်းလေးကိုတော့ အင်းလေးကန်ဟုခေါ်ကြပြီး ဖောင်တော်ဦးဘုရားရှိသည်။

နှစ်ခုစလုံးမှာ အင်းအမျိုးအစားထဲမှာပါဝင်ပြီး ပင်လယ်ရေပြင်အထက် ပေများစွာမြင့်သော တောင်မြင့်၊ တောင်တန်းများကြား၌ တည်ရှိကြလေသည်။

အခြားကြီးမားသော အင်းကြီးတစ်ခုမှာ မိုးယွန်းကြီးအင်းပင် ဖြစ်သည်။

ထိုအင်းကတော့ မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသ၌ ရှိသည်။

ငါးအထွက်များပြီး အခြားနာမည်ကျော်အင်းအချို့လည်း ရှိပေသေးသည်။

ထိုအထဲမှာတော့ အောက်နယ်ဘက်တွင် 'အင်းရဲကြီး' က လူသိများပြီး အထက်ပိုင်းမှာတော့ သရဲကုန်းအင်းက နာမည်ကြီးကာ လူသိများသည်။

ကျွန်တော်ရေးပြီးခဲ့သော ဝတ္ထုအချို့တွင် အင်းရဲကြီးအင်းနှင့် အင်းရဲကြီး အင်းသူကြီးအကြောင်းကို ရေးသားဖော်ပြခဲ့ပြီးဖြစ်သော်လည်း သရဲကုန်းအင်းအကြောင်းကတော့ ယခုမှ စတင်ရေးသားခဲ့ခြင်း ဖြစ်သည်။

အင်းတို့၏သဘောမှာ သစ်တော၊ လယ်ကွင်းများနှင့် ထိစပ်နေကာ ရေစူးမနက်လှသော ရေပြင်ကျယ်ကြီးဖြစ်နေပြီး ထိုအထဲတွင် ကိုင်းပင်ကိုင်းတောများ၊ ဗေဒါတောများရှိနေကာ ငါး၊ ပုစွန် အလွန်များသောနေရာမျိုး ဖြစ်သည်။





ရေစူးမနက်လှသောကြောင့် အချို့နေရာများတွင် လူတစ်ရပ်ပင် မရှိကြပေ။

ထို့ကြောင့် အင်းထဲမှာ လှေငယ်ကိုအသုံးပြုလျက်သွားလာကာ ငါးဖမ်းကိရိယာမျိုးစုံတို့နှင့် ငါးဖမ်းပါက များစွာရရှိနိုင်သည်။

မြစ်များ၊ ချောင်းများအတွင်းမှာကဲ့သို့ ရေလည်းမနက်၊ ရေစီးလည်းမသန်သောကြောင့် ငါးဖမ်းရတာ လွယ်ကူသည်။ အင်းတော်ကြီးနှင့် အင်းလေးတို့မှာ ရေပြင်ကျယ်သော်လည်း ရေစူးမနက်လှပေ။

ရေကြည်ပြီး ရေစူးမနက်လှသဖြင့် အောက်မှသွားနေရသောငါးများကိုပင် မြင်တွေ့ရသည်။

ငါး ပုစွန်များ ပုန်းခိုနိုင်ရန် ဗေဒါများ၊ ဗျိုက်တောများ နေရာအနှံ့ရှိသောကြောင့်လည်း ငါးပုစွန်များ ပေါများကြသည်ဆိုက မမှားပေ။

သရဲကုန်းအင်းမှာလည်း ထိုကဲ့သို့သော အင်းအမျိုးအစား၌ ပါလေသည်။

ပတ်ဝန်းကျင်တွင် သဘာဝသစ်တောများရှိသည်။ လယ်ကွင်းများရှိသည်။

ဟိုးအဝေးမှာ တောင်မြင့်အချို့လည်း ရှိသေးသည်။

တောင်ကျချောင်းများထဲမှာ ပေါက်ဖွားကြသော ငါးများသည် နွေရာသီရေခမ်းသွားသောအခါ ရေအမြဲရှိနေသောအင်းသို့ ဆင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီရေများစဉ်က လယ်ကွက်များ၊ လယ်ကွင်းများအတွင်း၌ ပေါက်ပွားကြီးပြင်းကြသော ငါးပုစွန်တို့ကလည်း နွေရာသီ ရေခမ်းပြီဆိုသည်နှင့် အင်းထဲသို့ ရောက်လာကြသည်။

ထိုမှတစ်ဆင့် ရေထွက်ပေါက်များမှတစ်ဆင့် ချောင်းအတွင်း ဆင်းလိုက ဆင်းကြသည်။

သို့သော် အင်းလေလံဆွဲထားသော အင်းသူကြီးတို့က ရေထွက်ရန်အပေါက်သာထားပြီး ငါးထွက်နိုင်သော အပေါက်များ၊ ချောင်းငယ်များကို တမံတုပ်ကာ ပိတ်ထားကြသည်။

ရေထွက်ပေါက်များကိုလည်း ပိုက်၊ ယင်းစသည်တို့ဖြင့် ပိတ်ကာထားသဖြင့် ရေသာထွက်နိုင်ပြီး ငါးမထွက်နိုင်ပေ။

ငါးများ၊ ပုစွန်များက မိုးရာသီကုန်လျှင် အင်းမရှိလျှင် ချောင်းထဲသို့ ဆင်းကြသည်။

အင်းသူကြီးနှင့် အလုပ်သမားများ ငါးဆင်းသောရက်များတွင် တမံပေါက်မှ ပိုက်၊ ယင်းစသည်တို့ဖြင့် ဖမ်းဆီးယူကြသည်။

ငါးဆင်းသည့်ရာသီ၊ ငါးဆင်းသည့်ရက်ရောက်လျှင် ငါးအဆင်းများသောကြောင့် အင်းတဲများတွင် ငါးပုစွန်တို့ တောင်ပုံရာပုံ ဖြစ်နေတော့သည်။

အင်းရဲကြီးအင်း အစရှိသော အောက်နယ်ဘက်၌ရှိသော အင်းတဲများတွင် သူ့ရက်နှင့်သူ ငါးဆင်းလေသည်။

ရေချိုငါးဟုခေါ်သော ကပ်ကတစ်၊ ကပ်သပိုး၊ ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ငါးခုံးမ၊ ငါးနှုသန်းစသောငါးတို့မှာ သူ့ရက်နှင့်သူ





သူ့ရေနှင့်သူ ဆင်းကြလေသည်။

ရလာသောငါးများကို မြို့များသို့တင်ပို့ရောင်းချခြင်း၊ ရေစည်များဖြင့် အရှင်လှောင်ထားပြီး စည်လိုက်တင်ပို့ခြင်း၊ မြို့နှင့်အလှမ်းဝေးသော နေရာများမှာ ရေခဲရိုက်ရန်၊ ရေခဲမရနိုင်သဖြင့် ငါးအရှင်များကို စည်ဖြင့်လှောင်ထားကာ စည်လိုက်တင်ပို့ရောင်းချသည်။

ထိုသို့ရောင်းချ၍ ပိုသော ငါးပုစွန်တို့ကိုတော့ ငါးခြောက်ခွဲခြင်း၊ ငါးပိလုပ်ခြင်း၊ ပုစွန်ခြောက်၊ ပုစွန်ချဉ်၊ ပုစွန်ဆီများ ပြုလုပ်ကာ မြို့များသို့ တင်ပို့ရောင်းချခြင်းဖြင့် အကျိုးအမြတ်များစွာ ရကြလေသည်။

အကျိုးအမြတ် ရသည်ဆိုသော်လည်း ငွေကြေးဖြင့် ရင်းနှီးလုပ်ကိုင်သော အင်းလေလံ (သို့မဟုတ်)လိုင်စင်ရသူများက အများဆုံးရကြပြီး လက်လုပ်လက်စားအလုပ်သမားများကတော့ တစ်နေ့လုပ် တစ်နေ့စားရသော ဆင်းရဲသားဘဝမှ လွတ်ကင်းကြရသည် မရှိပါချေ။

သရဲကုန်းအင်းမှာ အထက်ပိုင်းဘက်မှာတော့ အတော်ကြီးသော အင်းထဲမှာပါပြီး ငါးပုစွန်လည်းလွန်စွာ ပေါသည်။

ထိုအင်းနှင့် မနီးမဝေး မြောက်ဘက်တွင် မှိုင်းညို့နေသော သစ်တောကြီးများရှိပြီး လွန်ခဲ့သော အချိန်များက ထိုနေရာများတွင် ပျူလူမျိုးတို့ လာရောက်နေထိုင်ခဲ့ကြသော အမှတ်အသားများ ရှိလေသည်။

အုတ်များ၊ ကျောက်တုံးများဖြင့် ပြုလုပ်ထားခဲ့သော အ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်အဦး အပြိုအပျက်များ၊ စေတီပုထိုးအချို့နှင့် တစ်ချိန်က စည်ကားခဲ့သော မြို့ရွာတစ်ခု၏ လက္ခဏာများလည်း တွေ့ကြရသည်။

ထိုတောနှင့် ဆက်စပ်မှုရှိနေသော သရဲကုန်းအင်းနှင့် အနီးတစ်ဝိုက်မှာလည်း ရှေးကလူတို့၏ အသုံးပြုခဲ့ကြသော ရှေးဟောင်းပစ္စည်းများ ရှာဖွေတွေ့ရှိကြသည်။

တောထဲတွင် သစ်ခုတ်သူ၊ အမဲလိုက်သူများသည်လည်းကောင်း၊ အင်းထဲမှာ ငါးရှာသူများသည်သော်လည်းကောင်း ထိုကဲ့သို့သော ထူးဆန်းလှသည့် ပုံပန်းသဏ္ဌာန်ရှိသော ရှေးဟောင်းပစ္စည်းအချို့ကို အမှတ်မထင် ရှာဖွေတွေ့ကြလေသည်။

သို့သော်လည်း ထိုပစ္စည်းတို့ကို မိမိတို့နေရာသို့ သယ်ဆောင်ယူလာ၍ မရပေ။

မိသူများကတော့ မယူကြပေ။ ထိုအကြောင်းကို မသိသူများကတော့ ထိုပစ္စည်းမျိုးတွေ့လျှင် ရောင်းစားရန်အတွက် အိမ်သို့ သယ်ယူလာလေ့ရှိသည်။

ထိုကဲ့သို့သယ်လာမိပါက ညတွင်းချင်းလိုက်တောင်းခြင်း ခံရသည်။

ညအချိန်ရောက်သည်နှင့် သရဲသဘက်များ၊ နာနာဘာဝများရောက်လာပြီး ပြန်တောင်းကြသည်။

အချို့လည်း လာတောင်းသူကိုမြင်ရသည်။ အချို့လည်း မမြင်ရဘဲ အသံကိုသာကြားရသည်။

"ငါတို့ပစ္စည်းတွေ ပြန်ပေး. . . ပြန်ပေး"





ထိုသို့ တစ်ညလုံးလာတောင်းနေရာ ကြောက်သဖြင့် နောက်တစ်နေ့တွင် ပြန်ပို့ပေးကြရသည်။

ပြန်မပို့ပေးလျှင်တော့ နောက်တစ်ညမှာလည်း ရောက်လာပြီး တောင်းပြန်သည်။

ထိုသို့မှ သုံးရက်ပြည့်အောင် လာတောင်းသည်ကို ပြန်မပို့ဘဲနှင့် ဆက်ထားလျှင်တော့ နောက်ရက်များ၌ အန္တရာယ်ဖြင့် တွေ့ကြရတော့သည်။

အချို့လည်း သွေးပျက်လောက်အောင် ကြောက်လန့်ဖွယ်ရာများနှင့် တွေ့ကြရသည်။

အချို့လည်း အသက်သေဆုံးသည်အထိ ဖြစ်ကြရသည်။

တစ်ခါက တောလိုက်သမားတစ်ယောက်သည် တောင်းမှ ရွှေဖြင့်ပြုလုပ်ထားသော ပန်းအိုးတစ်လုံးကို သစ်ပင်အောက်၌တွေ့သဖြင့် ယူလာခဲ့လေသည်။

ညအချိန်ရောက်သောအခါ အသံနက်ကြီးဖြင့် တကျီကျီလာတောင်းနေတော့သည်။

ထိုလူလည်း အရက်မူးအောင်သောက်ပြီး မကြားချင်ယောင်ဆောင်နေသည်။

နောက်တစ်ညမှာလည်း ထိုကဲ့သို့ လာတောင်းနေပြန်ရာ ဒေါသဖြင့် ပြန်အော်လိုက်သည်။

"နားညီးလိုက်တာ. . . ရော့. . . နင်တို့ပစ္စည်း လိုချင်ရင် ပြန်ယူသွားကြ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောပြီး သူယူလာသောရွှေပန်းအိုးအား အပြင်ဘက် သို့ ပစ်ချပေးလိုက်သည်။

ကိစ္စက ထိုမျှနှင့်မပြီးပေ။

"ယူလာတဲ့နေရာပြန်ပို့ပေး. . . ယူလာတဲ့သစ်ပင် အောက်ကို ပြန်ပို့ပေးပါ"

ဟူသောအသံကို တစ်ညလုံးကြားနေရသောကြောင့် မ အိပ်ရတော့ပေ။

နောက်တစ်နေ့ရောက်တော့ ရွှေပန်းအိုးက သူပစ်ချ ထားသောနေရာ၌ပင် ပြန်တွေ့ရသည်။

နောက်ဆုံးမှာတော့ ထိုပန်းအိုးကိုယူသွားပြီး မူလယူ လာခဲ့သော သစ်ပင်အောက်သို့ ပြန်ပို့ပေးလိုက်တော့မှ လာ တောင်းသောအသံ မကြားရတော့ခြင်း ဖြစ်သည်။

သရဲကုန်းအင်းနှင့် ပတ်သက်သော အခြားဆန်းကြယ်မှု များလည်း ရှိသည်။

အချို့အချိန်မတော်မှ ထိုနေရာတစ်ဝိုက်သို့ ရောက်သွား သည့်အခါ ထူးဆန်းမှုများနှင့် ကြုံတွေ့ကြရသည်။

ညအချိန်တွင် တောထဲမှာ သွားလာနေသော မီးရောင် များ မြင်ရခြင်း၊ အချင်းချင်း အော်ဟစ်ပြောဆိုနေသော လူသံသူ သံများ ကြားရခြင်းများအပြင် တစ်ခါတစ်လေ အင်းဘက်သို့ဆင် လာသော လူအချို့ကိုပါ တွေ့ကြရသည်။

အချို့လည်း ညအချိန်မတော်မှ အင်းထဲသို့ ငါးခိုးဖမ်းရန် ရောက်လာရာ အင်းထဲ၌ မီးရောင်တထိန်ထိန်နှင့် ငါးဖမ်းနေသူ





တို့ကိုတွေ့ကြရသဖြင့် မဖမ်းဝံ့ဘဲရှိကြလေသည်။

မည်သို့ပင် ရှိစေ. . . .

ပျူတို့၏ရှေးဟောင်းမြို့ပျက်ကြီးနှင့် မနီးမဝေးမှာရှိနေ သည့် သရဲကုန်းအင်းကတော့ စိတ်ဝင်စားစရာကောင်းသော အ ချက်အလက်များ၊ အဖြစ်အပျက်များ ရှိနေလေတော့သည်။

အချိန်က ညဦးပိုင်းအချိန်ဖြစ်သည်။

လဆန်းရက်ဖြစ်သောကြောင့် လရောင်က မှုန်ပျပျလေး သာရှိသေးသည်။

တစွန်းတစ ကျနေသော လရောင်က အင်းရေပြင်ပေါ် မှာရှိသော အရာဝတ္ထုတို့ကို ဇာပုဝါဖြင့် လွှမ်းခြုံသကဲ့သို့ ပါးပါး လေး လွှမ်းထားလေသည်။

ထိုအချိန်တွင် အင်းထဲသို့လှေတစ်စင်း လှော်ဝင်လာ သည်။ လှေပေါ်မှာ လူရွယ်သုံးယောက်ပါလာသည်။

လှေဦးမှကွန်ကိုင်သူက နီမောင်ဖြစ်ပြီး အလယ်မှမီးပြ ပေးသူက ငမဲအောင်ဖြစ်သည်။

နောက်မှရေသံမကြားအောင် လှေလှော်ပေးနေသူက တော့ စောထီးပင်ဖြစ်သည်။

"ငမဲအောင် မင်း မီးရောင်က အပေါ်ဘက်ကိုသိပ်မတင် နဲ့ တော်ကြာ သရဲကုန်းသူကြီးလူတွေ မြင်သွားလို့ လာဖမ်းနေဦး မယ်"

နီမောင်က သတိပေးလိုက်သည်။

ထိုသို့ပြောသောအခါ ငမဲအောင်က မီးအုပ်ထဲမှာထည့်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ရေနံဆီမီးခွက်မီးရောင်ကို အောက်ဘက်သို့ အနည်း ငယ်နှိမ့်ချလိုက်သည်။

"တကယ်တော့ ဒီအင်းက အစိုးရက လိုင်စင်ချပေး တဲ့သူမ ရှိသေးပါဘူး၊ သရဲကုန်းသူကြီးက တမင်သက်သက် လက် ဝါးကြီးအုပ်နေတာ၊ ငါတော့ မကျေနပ်ဘူး"

"ဟုတ်ပါရဲ့ကွာ. . . ပိုင်ရှင်မရှိတဲ့အင်းထဲမှာ ငါးဖမ်းရ တာတောင်မှ သူ့ကိုကြောက်နေရသေးတယ်"

စောထီးကပါ ဝင်ပြောလိုက်သည်။

"ကဲ. . . ကဲ. . . တော်ကြပါတော့ကွာ. . . မင်းတို့ မကျေနပ်လည်း ဘာမှလုပ်လို့မရဘူး၊ အခုအချိန်မှာတော့ ဒီနယ် တစ်ဝိုက်မှာ သူက သြဇာအာဏာအရှိဆုံးပဲ၊ မင်းတို့ ငါတို့တော့ ပြောမနေနဲ့၊ သရဲကုန်းဌာနကို ရောက်လာတဲ့ ဌာနအုပ်မှန်သမျှ ဘယ်မှာမြဲကြလို့လဲ၊ ရောက်လို့မှ ဖင်တောင်မပူသေးဘူး၊ နောက် တစ်နေ့ ပြန်ပြေးကြရတာပဲ မဟုတ်လား၊ ဖွတ်ပေနေလို့ကတော့ သေရင်သေ မသေရင်တောင် အနည်းဆုံးတော့ ဒုက္ခတွေ့ကြရ တာပဲ"

နီမောင်က လှေဦးပေါ်မှာရပ်ကာ ၁၂ တောင်ကွန်ကို ပစ်ရန် လက်ထဲမှာ ခွဲဝေနေသည်။

အချို့ လက်နှစ်ဘက်မှာ မှျကိုင်ပြီး အချို့ကိုတော့ ဝဲ ဘက်တတောင်ဆစ်မှာ ခွဲချိတ်ထားသည်။

ခပိသချိန်က အတော်လေးသော ၁၂ တောင်ကွန်ကို ဖူးချာပွင့်အောင်ပစ်နိုင်ဖို့ မလွယ်ကူလှပေ။





မကျွမ်းကျင်ပါက တစ်ဝက်တစ်ပျက်သာပွင့်ပြီး ရေထဲ ကျလေ့ရှိသည်။

မဟုတ်လျှင်လည်း ကွန်နှင့်အတူ လူပါရေထဲပြုတ်ကျ လေ့ရှိသည်။

"ဒါကလည်း သူကြီးမှာလူမိုက်တွေရှိတော့ သူ့လူတွေကို လုပ်ခိုင်းတာလည်း ဖြစ်မှာပေါ့"

"သရဲကုန်းတစ်ရွာလုံး လူဆိုးလူမိုက်တွေချည်းပဲ နေကြ တာ၊ ဘိန်းချတဲ့လူတွေ. . . အရက်ချက်ရောင်းတဲ့လူတွေ. . . သစ်ခိုးရောင်းတဲ့လူတွေများတော့ ဌာနမှာ လူကြီးလာတာ ဘယ် ကြိုက်ပါ့မလဲ၊ ဒါကြောင့် နည်းအမျိုးမျိုးနဲ့ မနေနိုင်အောင် နှိပ် စက်ကြတာဖြစ်မှာပေါ့"

ထိုသို့ စကားတပြောပြောနှင့် လှေလှော်လာရာ သင့် တော်သောနေရာရောက်တော့ စောထီးက လှေကိုရပ်တန့်ပေး လိုက်သည်။

ထို့နှင့်တစ်ပြိုင်နက် နီမောင်က အဆင်သင့်ကိုင်ထား သောကွန်ကို အားဖြင့်လွှဲကာ ပစ်ချလိုက်သည်။

ကွန်၌ဆွဲထားသော ခဲသီးကလေးများ အစီအရီနှင့် ရေ ပြင်ပေါ်သို့ ကျသွားသောအသံက သံစဉ်မညီသော ဂီတသံသ ဖွယ် ပေါ်ထွက်လာလေသည်။

ကွန်ပစ်ချလိုက်ပြီးလျှင် ခဲဆွဲထားသောကွန်သားများ အောက်ခြေရောက်သွားသည်အထိ စောင့်ပေးရသည်။

ရေနက်သော မြစ်၊ ချောင်းများအတွင်း၌ ကွန်ပစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာအောင် စောင့်ရသော်လည်း အင်းထဲမှာ ရေ တိမ်သဖြင့် သိပ်ကြာကြာမစောင့်ရပေ။

မြေပေါ်သို့ ကွန်သားကျသွားလျှင် ငါးမိနေပါက ဖူး ချာကြိုးမှာလှုပ်နေသောကြောင့် ကွန်ပစ်သူက ထိနိုင်သည်။

ထိုအခါ ဖြေးဖြေးချင်း ချော့ဆွဲရသည်။

အောက်ခြေကွန်သားများ ခဲသားချင်းစုမိသွားတော့မှ လှေပေါ်သို့ ဆွဲတင်ရသည်။

နီမောင်က ကွန်ဆွဲတင်နေစဉ် ငမဲအောင်က မီးရောင် ဖြင့် ထိုးပြပေးရသည်။

ကွန်ထဲတွင် အဆိပ်ပြင်းသော မြွေခေါင်းများသော် လည်းကောင်း၊ ငါးဆူးတောင်များ အပြင်ထွက်နေပါက လက်နှင့် ထိလျှင် အန္တရာယ်ရှိသည်။

ထို့ကြောင့် နေ့ဘက်ဆိုလျှင် အရေးမကြီးသော်လည်း ညအချိန်ဆိုပါက မီးရောင်ကိုအသုံးပြုကြရသည်။

ကွန်သားအားလုံး လှေပေါ်ရောက်လာသောအခါ ပိုက် ကွန်ထဲမှာပါလာသော ငါးပုစွန်တို့ကို လှေဝမ်းထဲသို့ဖြုတ်ချလေ သည်။

အများဆုံးဖမ်းမိသောငါးများမှာ ငါးမျက်ဆံနီ၊ ငါးပါးနီ၊ ငါးခုံးမ၊ ငါးဖယ်၊ ငါးဖယ်အောင်း၊ ငါးရံ့၊ ငါးခူနှင့်ငါးကြင်း စ သောငါးများဖြစ်သည်။

နီမောင်က ငါးများဖြုတ်ချပြီး ကွန်ကိုရေဆေးနေစဉ် သူတို့ရှိရာဘက်သို့ လှော်လာသောလှေတစ်စင်းကို လှမ်းမြင်ကြ





သည်။

အမှောင်ရိပ်ရှိနေသဖြင့် လှေပေါ်၌ပါလာသူတို့ကို သဲ သဲကွဲကွဲမမြင်ရပေ။

"နီမောင် ဟိုမှာလှေတစ်စင်း ဒီဘက်လာနေတယ်"

"သူကြီးလူတွေများလား"

"ဖမ်းလား ဆီးလားလုပ်ရင်တော့ မခံနဲ့ဟေ့"

ဟု အချင်းချင်း တီးတိုးပြောဆိုနေကြသည်။

ထိုအခိုက်မှာပင် အမှောင်ထဲတွင် မီးရောင်မပါဘဲ လှော် သာသောလှေက မနီးမဝေးရောက်လာသည်။

လရောင်ပိုးတဝါးရှိနေသဖြင့် လှေပေါ်မှာ လူနှစ် ယောက်သာပါလာသည်ကို လှမ်းမြင်ရသည်။

ထိုအခြေအနေကိုမြင်တော့ လူမိုက်များမဟုတ်ဘဲ မိမိ တို့လို ငါးဖမ်းထွက်လာသော လှေဖြစ်မည်ထင်သဖြင့် စိတ်သက် သာရာ ရသွားကြသည်။

ခဏကြာတော့ လှော်လာသောလှေက သူတို့လှေနှင့် နီးမဝေးရောက်လာပြီး အရှိန်တန့်သွားသည်။

လှေပေါ်မှာတော့ အဘိုးကြီးတစ်ယောက်နှင့် အမျိုးသ မီးတစ်ယောက်သာပါပြီး ဦးတစ်ယောက် ပဲ့တစ်ယောက်လှော် သာကြခြင်းဖြစ်သည်။

အဘိုးကြီးက အသက် ၆၀ ပတ်ဝန်းကျင်အရွယ်ခန့်ရှိ သော်လည်း သွက်လက်ဖျတ်လတ်သည့် အမူအယာမျိုး ရှိသည်။

ရှမ်းဘောင်းဘီ၊ အင်္ကျီအနက်ကိုဝတ်ထားပြီး တဘက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ထည်ကို ခေါင်းပေါ်မှာပတ်ထားသည်။

လှေဦးမှာထိုင်နေသော အမျိုးသမီးကတော့ ရုပ်ရည်ချောမောလှပသူဖြစ်ပြီး အသက် ၂၀ ကျော် ဝန်းကျင်ခန့်သာ ရှိပေဦးမည်။

" ငါးအရအမိကောင်းကြရဲ့လား မောင်ရင်တို့"

အနားရောက်တော့ အဘိုးကြီးက လှမ်းမေးသည်။

"ရပါတယ် အဘ. . . ဒါထက် အဘတို့ရော ငါးရှာဖို့ ထွက်လာတာလား"

"မဟုတ်ပါဘူးကွယ်. . . ဟိုတလောက အင်းထဲမှာ ဟင်းစားဆင်းရှာတာ သရဲကုန်းက သူကြီးလူတွေနဲ့တွေ့ပြီး အ ဖမ်းခံရလို့ ကွန်ပါပါသွားတယ်လေ"

"ဒီလိုဖြင့် လှေနားကိုကပ်ပါ အဘ. . . ကျွန်တော်တို့ ဟင်းစားအတွက် ငါးထည့်ပေးလိုက်ပါရစေ"

"နေပါစေ မောင်ရယ်. . . ရောင်းချဖို့အတွက် နည်း နေပါဦးမယ်"

"ကျွန်တော်တို့ရောင်းဖို့ ငါးဖမ်းတာမဟုတ်ပါဘူး၊ ဟင်း စားအတွက်ဖမ်းတာပါ. . . ပိုတော့လည်း မရှိတဲ့သူတွေ ဝေ ပေးရတာပေါ့"

ထိုသို့ပြောတော့မှ နောက်မှလှော်သောအဘိုးကြီးက လှေဦးကို တိုးကပ်ပေးလိုက်ရာ နီမောင်တို့လှေနှင့် လှေဦးချင်း ထိမိသွားလေသည်။

လှေချင်းထိသွားသကဲ့သို့ လှေဦးမှာထိုင်နေသည့် အမျိုး





သမီးကိုလည်း နီးကပ်စွာ မြင်တွေ့ရသည်။

နီမောင်က တစ်ချက်ကြည့်လိုက်တော့ ထိုအမျိုးသမီးက ပြုံးပြသည်။

နီမောင်ခမျာ အယောင်ယောင် အမှားမှားနှင့်ပင် လှေထဲမှာရှိသော ငါးအချို့ကိုယူကာ ထိုလှေဝမ်းထဲသို့ ပစ်ချပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကို. . . တော်လောက်ပါပြီ"

ထိုသို့ပြောတော့မှ ရပ်လိုက်တော့သည်။

"ဒါထက် အစ်ကိုတို့က ဘယ်ရွာကလဲ"

"မာလာမြိုင်ရွာကပါ. . . ငါ့ညီမတို့ကရော ဘယ်ရွာမှာ နေကြတာလဲ"

အခွင့်အရေးရခိုက် နီမောင်ကမေးလိုက်လေသည်။

"ကျွန်မတို့က ပေါင်ညိုရွာမှာနေကြပါတယ်. . . ရွာဘက်ရောက်တဲ့အခါ ဝင်လည်နိုင်ပါတယ်"

"ဟို. . . ဟို. . . ဘယ်လိုမေးလာရမလဲဟင်"

"ဆရာကြီးဦးစိုင်းလုံတို့ခြံ ဘယ်မှာလဲဆိုရင် မသိသူမရှိကြပါဘူး"

နီမောင်က ထိုမိန်းကလေးအမည်ကို သိရလေမလားဟု ခမေးသော်လည်း နောက်မှပါလာသော အဘိုးကြီးအမည်ကိုသာ သိရလေသည်။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၂ ]

## လက်တံရှည်ပြင့် ငါးဖမ်းသူများ

တောင်ညိုရွာမှာ သရဲကုန်းမြောက်ဘက်၊ တောင်ခြေ တစ်နေရာ၌ တည်ထားသော ရှေးဟောင်းရွာကြီးတစ်ရွာ ဖြစ်သည်။

ရှေးဟောင်းရွာကြီးဟု ရေးသားရခြင်းမှာ ရှေးနှစ်ပေါင်း များစွာကတည်းက ရွာအဖြစ် တည်ရှိနေခဲ့သောကြောင့် ဖြစ်သည်။

သရဲကုန်းအင်း၏ ပတ်ဝန်းကျင်၌ ရွာကြီးလေးရွာတို့က ဝန်းရံထားရာ သရဲကုန်းရွာ၊ တောင်ညိုရွာ၊ ကျွန်းကုန်းရွာနှင့် ဆလာမြိုင်ရွာတို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားရွာငယ်ကလေးများ၊ တဲစုကလေးများ နေရာအနှံ့တွင် ရေကြည်ရာ မြက်နုရာနေကြသော်လည်း အထက်ဖော်ပြသော ရွာလေးရွာကတော့ ရွာကြီးစာရင်းဝင်များ ဖြစ်ကြသည်။

တောင်ညိုရွာမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့ပြီး၊ ရှမ်း၊ ပျူလူမျိုးနွယ်များနှင့် အခြားလူမျိုး အချို့တို့ရှိကြသည်။

ယခင်က ပျူမြို့ဟောင်းကြီးရှိခဲ့ဖူးသောကြောင့် ထိုရွာတွင် ပျူမျိုးနွယ်အချို့ ရှိလေသည်။

ထို့ပြင် ခန္တီး ရှမ်းမျိုးနွယ်များလည်း ရှိသည်။

သဘာဝသစ်တောကြီးများ၊ ဥယျာဉ်ခြံများ၊ လယ်ကွင်းများ စိုက်ခင်းများရှိသည့်အပြင် သရဲကုန်းအင်းနှင့် မဝေးလှသောကြောင့်လည်း အသီးအနှံ၊ ဆန်ရေစပါး၊ သား၊ ငါး ပေါလှသည်။

အချို့နေရာများတွင် ဘိန်းစိုက်ပျိုးသူအချို့လည်း ရှိကြသည်။

ဒေသခံများက တစ်နိုင်တစ်ပိုင် ဘိန်းစိုက်ကြသော ရည်ရွယ်ချက်မှာ ဆေးဝါးအတွက်အသုံးပြုရန်နှင့် မိမိတို့နေအိမ်၌ အသုံးပြုကြရန်အတွက် ဖြစ်သည်။

အချို့ များများစိုက်နိုင်သော စိုက်ခင်းရှင်များကတော့ ပိုလျှံသောဘိန်းတို့ကို ကုန်သည်များထံသို့ရောင်းချကာ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရစေရန် ပြုလုပ်ကြသည်။

တောင်ညိုရွာနှင့် မဝေးလှသောနေရာမှာ ခြံကျယ်ကြီးတစ်ခြံရှိသည်။





ခြံဝန်းထဲမှာ သစ်ပင်ကြီးများဖြင့် အရိပ်အာဝါသကောင်းလှပြီး အချို့နေရာတို့တွင် မြေကွက်ကျယ်အချို့လည်း ရှိသည်။

မနီးမဝေးတွင် ကျောက်တောင်မြင့်အချို့ရှိကာ ထိုကျောက်တောင်များတွင် ဂူပေါက်အချို့လည်း ရှိသည်။

ထိုဂူပေါက်များမှာ စိတ်စွမ်းအင် လေ့ကျင့်မှုပြုလုပ်သော နေရာများ ဖြစ်သည်။

ခြံဝန်းကျယ်ကြီး၏ အနောက်ဘက် နေရာလောက်မှာတော့ ကျွန်းသစ်များဖြင့် ဆောက်ထားသော အိမ်မြင့်ကြီးတစ်လုံး ရှိသည်။

ရှေးအခါကတည်းက ဆောက်ထားခဲ့သော အိမ်ကြီးတစ်လုံးဖြစ်ပြီး ရေနံများ အထပ်ထပ်သုတ်ထားသောကြောင့် မည်းမှောင်နေလေသည်။

ခြေတံရှည်အိမ်မျိုးဖြစ်ပြီး အပေါ်တွင် လူနေလျက် အောက်ဖက်၌မူ အခြား အသုံးအဆောင်ပစ္စည်းအချို့လောက်သာထားပြီး အခြားမရှိပေ။

အပေါ်သို့တက်ရန် နံဘေး၌ လှေခါးတစ်ခုသာရှိသည်။

ထိုအိမ်ကြီး၌ နေထိုင်ကြသူများမှာ များများတော့မရှိပေ။

ရှမ်းဆရာကြီးဦးစိုင်းလုံးနှင့် နှမဖြစ်သူ ဒေါ်စောဝတီတို့နှင့်အတူ မြေးဖြစ်သူ မြဝင်းသူတို့သာ ရှိကြသည်။

၎င်းတို့မှာ ချမ်းချမ်းသာသာ မရှိကြသော်လည်း အခြားသူများနှင့် ရောရောထွေးထွေးမနေဘဲ သီးခြားနေလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကတော့ ၎င်းတို့မှာ ပျူခေတ်မှ အဆက်အနွယ် များဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။

ဆရာကြီးဦးစိုင်းလုံမှာ ဆေးကုသခြင်း၊ အကြောကိုင် ပညာကျွမ်းကျင်သဖြင့် ရောဂါဖြစ်သူများမှလာခေါ်လျှင် ဆေးကု ပေးသည်။

ရွာထဲမှသော်လည်းကောင်း၊ အခြားနေရာများမှသော် လည်းကောင်း လူငယ်လူရွယ်များရောက်လာပြီး သိုင်းပညာ လာ ရောက်သင်ယူပါကလည်း သင်ပေးသည်။

အလုပ်အားသောအချိန်များမှာ လာရောက်သင်ယူသူ များသော်လည်း အခြားအချိန်များမှာတော့ အနည်းငယ်သာရှိ လေသည်။

သိုင်းပညာသင်ပေးလျှင်လည်း အခြေခံအဆင့်နှင့် သာ မန်အဆင့်လောက်ဆိုလျှင်တော့ မြဝင်းသူကသော်လည်းကောင်း၊ ဆရာကြီး၏ အားကိုးရပြီဖြစ်သော တပည့်ဖြစ်သူ ကျော်သီဟ ဆိုသူကသော်လည်းကောင်း သင်ပေးကြရလေသည်။

မြဝင်းသူရော ကျော်သီဟပါ ဆရာကြီး၏ယုံကြည်အား ထားရသော တပည့်များဖြစ်ကြသလို ပညာအဆင့်အတန်းက လည်း ဆရာကြီး၏အမွေကို အတော်ပင်ရရှိထားကြသူများ ဖြစ် ကြလေသည်။

ကျော်သီဟက ထိုအရပ်မှတော့ မဟုတ်ပေ။

ရှမ်းပြည်နယ်ဘက်မှဖြစ်ပြီး သိုင်းပညာနှင့် ဆေးပညာ ကို ဝါသနာပါသဖြင့် လာရောက်သင်ယူနေသူ ဖြစ်သည်။





သူသည် ထိုအိမ်မှာပင်နေပြီး ဆရာကြီးတို့လိုအပ်သော ကိစ္စများကို ဒိုင်ခံဆောင်ရွက်ပေးသဖြင့် အိမ်၌ ယောကျ်ားလေးမ ရှိသော ဆရာကြီးတို့အတွက်ကတော့ ကျော်သီဟရှိနေခြင်းက အဆင်ပြေစေသည်။

ကျော်သီဟက ထိုနေရာတွင် ထိုကဲ့သို့လာရောက်နေ ထိုင်ခြင်းမှာ ရည်ရွယ်ချက်နှစ်မျိုး ရှိပေသည်။

တစ်ချက်က ဆရာကြီးထံမှ ပညာအမွေအားလုံးရကာ တစ်နေ့ကျလျှင် ဆရာတစ်ယောက်ဖြစ်စေရန် ရည်ရွယ်ချက်နှင့် နောက်တစ်ချက်ကတော့ မြဝင်းသူကို နှစ်သက်သဘောကျနေ သောကြောင့်ပင် ဖြစ်၏။

ကျော်သီဟမှာ အသက် ၃၀ အရွယ်ခန့်ရှိပြီး အရပ် မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည် ကျစ်လစ်သည်။

မျက်နှာပေါ်မှာ နှုတ်ခမ်းမွေးရှိသဖြင့် တင်းမာခက်ထန် သည့်သွင်ပြင်မျိုးတော့ ရှိသည်။

သူက မြဝင်းသူ၏ အချစ်ကိုရရှိရန် သွယ်ဝိုက်သည့်နည်း နဲ့ သော်လည်းကောင်း၊ ပွင့်ပွင့်လင်းလင်း ကြိုးစားသောနည်းဖြင့် သော်လည်းကောင်း ကြိုးစားနေသူဖြစ်၏။

မြဝင်းသူက ထိုအကြောင်းကို ရိပ်မိတန်သလောက် ရိပ် မိသော်လည်း ထိုကိစ္စအား စိတ်ဝင်စားခြင်း သိပ်မရှိလှဘဲ အေး အေးဆေးဆေးသာ နေလေသည်။

သူမအနေနှင့် လူတစ်ယောက်၏ အတွင်းသဘောကို မသိရသေးပါဘဲနှင့် ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



မိမိဘ၀ကို တန်ဖိုးများသူများသာ ပြုလုပ်လေ့ရှိသောလုပ်ရပ်ဟု ခံယူထားရာ ဘယ်သောအခါမှ ထိုအကြောင်းနှင့် ပတ်သက်လာလျှင် လွယ်လွယ်တွေး၊ လွယ်လွယ်ဆုံးဖြတ်ခြင်းမျိုး မပြုလုပ်ခဲ့ပေ။

ကျော်သီဟကတော့ ရည်ရွယ်ချက်နှစ်မျိုးကို တစ်ပြိုင်နက် အောင်မြင်စေရန် ကြိုးစားနေခြင်းဖြစ်ရာ မလျော့သောဇွဲလုံ့လဖြင့် ဆက်လက်ကြိုးစားနေလေသည်။

တစ်နေ့တော့ ခြံထဲတွင် မြ၀င်းသူတစ်ယောက်တည်းရှိနေစဉ် ကျော်သီဟ အနားရောက်လာသည်။

"ဟိုတလောက ဆရာကြီးနဲ့ မြ၀င်းသူတို့ အင်းထဲသွားကြတာ. . . ဟိုဘက်ရွာကလူတွေ ဖမ်းခေါ်သွားတယ်လို့ သတင်းကြားမိတယ်. . . ဘာသွားလုပ်တာလည်းဟင်"

"ငါးသွားဖမ်းတာပါ"

"မြ၀င်းသူကလည်း မဟုတ်တာ အတော်ပြောတာပဲ . . . ငါးလိုချင်ရင် လာရောင်းတဲ့လူတွေဆီက ၀ယ်ရင်ရတာပဲ . . . ကိုယ်တိုင်ဆင်းဖမ်းစရာမှ မလိုတာ"

ကျော်သီဟ မကျေမနပ်ဖြင့် ပြောသော်လည်း မြ၀င်းသူကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောနေတော့ဘဲ လုပ်စရာရှိတာ လုပ်နေလေသည်။

"ဒါထက် ဟိုဘက်ရွာခေါ်သွားပြီး ဘာတွေလုပ်ကြသေးလဲ. . . သူတို့က ဆရာကြီးကိုတောင် မသိကြဘူးလား"

"မသိလို့ဖြစ်မှာပေါ့"

"ကိုယ်ကတော့ အဲသည်လိုစော်ကားလာတာကို သိပ်ဘ





ဝင်မကျဘူး၊ တစ်ယောက်ချင်းစိမ်ခေါ်ပြီး ဖြေရှင်းလိုက်ချင်တာပဲ"

"အဲဒါမျိုးက လူမိုက်တွေလုပ်ကြတဲ့အလုပ်မျိုးပါ. . . ကိုကျော်သီဟရယ်. . . အခုလို အေးအေးဆေးဆေးနဲ့ ပြီးသွားတော့လည်း ပိုကောင်းတာပေါ့"

"တစ်ခါတစ်ခါတော့ နဂါးမှန်းသိအောင် အမောက်ထောင်ပြရတာတွေ ရှိတယ်. . . လူတွေက သိုးခံနေရင် အဆိပ်ရှိတဲ့ ရေမြွေလို့ထင်ပြီး နှိပ်စက်ချင်ကြတယ်. . . အဆိပ်ပြင်းတဲ့ နဂါးမှန်းသိမှသာ ဝေးဝေးပြေးကြတာ၊ ဒီတစ်ခါ အင်းထဲငါးဖမ်းဖို့သွားရင် ကိုယ့်ကိုပါခေါ်စမ်းပါ လိုက်ခဲ့ပါရစေ"

"ဒီအင်းက ကြမ်းတယ်. . . ရှင်လိုက်လို့ ဖြစ်မယ်မထင်ဘူး"

"ဘယ်လိုကြမ်းတာလဲ"

"သရဲခြောက်တာ အတော်ကြမ်းတယ်"

ထိုစကားကြားသောအခါ ကျော်သီဟက လှောင်ပြောင်သည့်အမူအယာမျိုးဖြင့် ရယ်မောလိုက်သည်။

"မြ၀င်းသူကလည်း ရယ်စရာအတော်ပြောတယ်"

"ကျွန်မပြောတာကို ရှင်မယုံဘူး မဟုတ်လား"

"ကိုယ်က အဲဒါမျိုးမှာ အယုံအကြည်မရှိဘူး. . . သက်တွေ့ပဲယုံတယ်"

"ရှင် သရဲကြောက်တတ်သလား"

"မကြောက်ပါဘူး. . . တစ်ခါမှမတွေ့ဘူး မကြုံဘူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျွန်မပြောတာကို မယုံကြည်ဘူးဆိုရင် လကွယ်နေ့ညရောက်ရင် သရဲကုန်းအင်းထဲမှာသွားပြီး ငါးဖမ်းပါလား"

မြဝင်းသူက စိမ်ခေါ်သည့်သဘောမျိုးဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

"တကယ်လို့ အင်းထဲသွားပြီး ငါးရအောင်ဖမ်းလာနိုင်ခဲ့ရင် မြဝင်းသူဘက်က ကိုယ်လိုချင်တဲ့အဖြေပေးမလား"

"ဒါကတော့ ဖြေးဖြေးပေါ့လေ. . . ဒါပေမယ့် လကွယ်ညမှာ အင်းထဲမှာသွားပြီး ငါးဖမ်းဝံ့တယ်၊ ငါးရလာတယ်ဆိုရင် ရှင့်ရဲ့သတ္တိကို အသိအမှတ်ပြုတဲ့အနေနဲ့ ကျွန်မဘက်က တစ်မျိုးစဉ်းစားတန် စဉ်းစားပေးရမှာပေါ့"

ကျော်သီဟမှာ တက်ကြွရွှင်လန်းသော အမူအယာဖြင့် ပြုံးလိုက်လေသည်။

"ဒါကတော့ အတော်ကောင်းတဲ့ စိမ်ခေါ်မှုပါပဲ. . . ကိုယ့်အနေကလည်း အတွေ့အကြုံသစ် ရှာချင်နေတာနဲ့ အတော်ပါပဲ. . . ဒါပေမယ့် ငါးမဖမ်းတတ်ဘူး၊ လှေလည်း မလှော်တတ်ဘူး၊ ဘယ်လိုလုပ်ရမလဲ"

"စိတ်မပူပါနဲ့. . . ရှင်သွားမယ်ဆိုရင် လှေလှော်တတ်တဲ့သူတစ်ယောက်နဲ့ ကွန်ပစ်တတ်တဲ့သူတစ်ယောက် ထည့်ပေးလိုက်ပါ့မယ်"

"ကောင်းပြီလေ. . . သွားပါဆိုတော့လည်း သွားရတာပေါ့၊ ကိုယ်သွားတဲ့အချိန်မှာ ဟိုတစ်နေ့ကလို ဖမ်းမယ်ဆီးမယ့်သူတွေရောက်လာရင်တော့ ကောင်းကောင်းဆုံးမပေးလိုက်ပါ့မယ်"





ဟု ပြောဆိုနေစဉ် မြဝင်းသူက ထိုနေရာမှ ထွက်သွားလေသည်။

ထိုအခါ ကျော်သီဟနှင့် သိကျွမ်းနေသူတစ်ယောက်က အနားရောက်လာပြီး မေးသည်။

"စောစောက မြဝင်းသူနဲ့ ဘာတွေပြောနေတာလဲ. . . ခင်ဗျားတို့ချင်း အဆင်ပြေသွားပြီလား"

"မပြေသေးပါဘူး၊ ဒါပေမယ့် အဆင်ပြေကာတော့ နီးပါဘူး၊ သူနဲ့ငါနဲ့ အလောင်းအစားလုပ်နေကြတာပါ"

"ဘယ်လိုအလောင်းအစားမျိုးလဲ"

မြဝင်းသူပြောသော အကြောင်းအရာများကို ကျော်သီဟက ပြန်ပြောပြလိုက်သည်။

ထိုစကားကြားသောအခါ နားထောင်နေသူက မျက်လုံးပြူးသွားလေသည်။

"ခင်ဗျားက ဒီနယ်သားမဟုတ်တော့ ဒီအကြောင်းတွေ သိပုံမရသေးဘူး၊ ဒီအင်းက သာမန်မဟုတ်ဘူးဗျ. . . သရဲကြမ်းလွန်းလို့ သရဲကုန်းအင်းလို့ အမည်တွင်နေခဲ့တာ"

"ငါမှသရဲမကြောက်တတ်တာ. . . ဒါမျိုးတွေလည်း မယုံဘူး"

"တချို့ကိစ္စတွေက အယူသီးလို့မရတာတွေ ရှိတယ်ဗျ. . . ဒီအင်းထဲကို ရိုးရိုးသွားပြီး ငါးရှာတဲ့အခါ ဘာမှမဖြစ်ဘူးဆိုပေမယ့် အခုလို အလောင်းအစားလုပ်ပြီးသွားရင်တော့ မရဘူး၊ ကြောက်စရာ လန့်စရာတွေနဲ့တွေ့ပြီး ပြန်ပြေးရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သီဟကတော့ ထိုစကားကြားသော်လည်း ထူးထူးခြားခြား ကြောက်ရွံ့ခြင်းမျိုးတော့ မရှိလှပေ။

"အဲဒါတွေက ဘယ်သူတွေက လုပ်နေတာလဲ"

"အင်းစောင့်သရဲက လုပ်တာပေါ့"

"ဘာပဲဖြစ်ဖြစ် ငါကတော့ ကြောက်လည်းမကြောက်ဘူး . . . အယုံအကြည်လည်းမရှိဘူး . . . မြဝင်းသူနဲ့လည်း ကတိပေးထားပြီးပြီဆိုတော့ သွားရမှာပဲ . . . ငါနဲ့မင်း လိုက်ခဲ့မလား"

"မလိုက်ဝံ့ပါဘူးဗျာ . . . ရန်သူ ဆယ်ယောက်ကို တစ်ယောက်တည်းနဲ့ သွားသတ်ဆိုရင် သတ်ဝံ့ပါတယ် . . . အင်းထဲကိုတော့ အချိန်မတော်ကြီး မလိုက်ဝံ့ပါဘူးဗျာ"

ဟုပြောကာ အနီးမှ ခပ်သုတ်သုတ်ထွက်သွားလေတော့သည်။

လကွယ်နေ့ ညဦးပိုင်းရောက်တော့ မြဝင်းသူကိုယ်တိုင် အင်းစပ်သို့ဆင်းလာပြီး လှေတစ်စင်း၊ ပိုက်တစ်လက်နှင့် လူနှစ်ယောက်ကို အဆင်သင့်စီစဉ်ပေးသည်။

"ရှင်က လှေထဲမှာ ထိုင်လိုက်သွားရုံပါပဲ . . . ငါးရှာတဲ့အလုပ်ကတော့ သူတို့နှစ်ယောက်ကပဲ လုပ်ပါလိမ့်မယ် . . . မနက်လင်းလို့ ငါးဟင်းစားပါလာပြီး ချောချောမောမောပြန်ရောက်လာရင် ရှင်ရဲ့သတ္တိကို အသိအမှတ်ပြုတဲ့အနေနဲ့ ရှင်ပြောထားတာကို စဉ်းစားပေးမယ်"

"မင်းပေးထားတဲ့ကတိသာ တည်ပါစေကွာ . . . ငါးကဟင်းစားမကပါဘူး . . . ရောင်းစားလို့ရအောင် ရှာယူလာခဲ့ပါ့မယ်"





ဟု ခပ်ကြွားကြွားပြောဆိုကာ လှေပေါ်သို့တက်လေသည်။

သူ လှေပေါ်ရောက်တော့ ကျန်နှစ်ယောက်ကလည်း လှေပေါ်သို့တက်ကြပြီး လှေကို ကမ်းစပ်မှ ခွာထွက်ခဲ့ကြသည်။ လှေထဲမှာတော့ ငါးဖမ်းရန် ကွန်တစ်လက်သာပါပြီး မီးအုပ်ဆောင်းတော့ မပါပေ။

လူနှစ်ယောက်ကတော့ စကားတစ်ခွန်းမှမပြောဘဲ ရှေ့ဘက်တစ်ယောက် နောက်တစ်ယောက်ဖြင့် လှေကိုလှော်ထွက်လာခဲ့ကြရာ ကမ်းနှင့် အတော်ဝေးဝေးရောက်လာသည်။

ကျော်သီဟထံတွင် ဓားတစ်လက်ပါလာပြီး အရေးအကြောင်းရှိလျှင် အသုံးပြုရန်အတွက် နံဘေးနားမှာ အဆင်သင့်ချထားသည်။

လကွယ်ညဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများက ဖုံးထားလေသည်။

ထို့ကြောင့် လှေလှော်လာသူတို့မျက်နှာကို ကြည့်သော်လည်း သဲသဲကွဲကွဲ မမြင်ရပေ။

နှစ်ယောက်စလုံး ဆင်းရဲသားများ ဖြစ်ဟန်ရှိသည်။

ဆံပင်စုပ်ဖွားနှင့် အကျႌအပြဲအစုတ်များကိုသာ ဝတ်ထားကြသည်။

"မင်းတို့နှစ်ယောက်က တောင်ညိုရွာကပဲလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီ. . . အင်းထဲမှာသရဲကြမ်းတယ်ဆိုတာ အမှန်ပဲလား"

"သရဲကတော့ နေရာတကာမှာ ရှိတာပေါ့. . . ခင်ဗျားက မယုံဘူးလား"

"ငါကတော့ တစ်ခါမှမတွေ့ဘူး မမြင်ဘူးသေးတော့ ယုံလည်းမယုံဘူး၊ ကြောက်လည်း မကြောက်ဘူး"

"မယုံဘူးဆိုတာ လက်တွေ့မကြုံဖူးသေးလို့ပါ. . . မကြောက်ဘူးဆိုတာလည်း ကြောက်အောင်အခြောက်မခံရဖူးသေးလို့ပါ"

ဟု တစ်ယောက်က လှေလှော်နေရင်းမှ ပြောသည်။

ထိုစကားကြားတော့ ကျော်သီဟစိတ်ထဲမှာ တစ်မျိုးဖြစ်သွားလေသည်။

"ငါကို ဘယ်နေရာခေါ်သွားကြမှာလဲ"

ဟုလည်း စိတ်ထဲမှတွေးလိုက်မိသည်။

"ငါတို့ အခုဘယ်သွားကြမှာလဲ"

"ငါးဖမ်းကြမယ်လေ. . . ငါးက သရဲခြောက်တဲ့နေရာကပိုရတယ်"

ဟုပြောကာ လှေကို ဗျိုက်တောများရှိသောနေရာနှင့် မနီးမဝေးမှာ ရပ်တန့်လိုက်သည်။

ထိုနေရာသည် ကိုင်းတောနှင့်ကိုင်းပင်များ ဖုံးအုပ်နေသောနေရာ ဖြစ်သည်။

ကိုင်းပင်များက အတော်ပင်ရှည်ရာ ရေအောက်၌ တစ်





ဝက်ရှိနေပြီး ရေပြင်ပေါ်မှာ တစ်ဝက်ပေါ်နေကြသည်။

ရေပြင်ပေါ်မှာလည်း ဗေဒါပင်များကပြည့်နေသည်။ အချို့နေရာများလောက်သာ ရေပြင်ကိုမြင်ရပြီး နေရာအတော်များများမှာတော့ ဗေဒါပင်များက ဖြန့်နေသည်။

"ဒီနေရာက ငါးပေါတယ်"

လှေဦးမှာထိုင်နေသူက နောက်သို့လှည့်မကြည့်ဘဲ ပြောလိုက်လေသည်။

"ဖမ်းရင်လည်း မြန်မြန်ဖမ်းကြကွာ"

ကျော်သီဟက ပြောလိုက်သည်။

"ဘာဖြစ်လို့လည်းဗျ"

"ငါးရရင် မြန်မြန်ပြန်ရတာပေါ့"

"ခင်ဗျား ကြောက်နေပြီလား"

"ဘာကြောက်စရာရှိသလဲ. . . ငါကလူလည်း မကြောက်ဘူး. . . သရဲတစ္ဆေလည်း မကြောက်ဘူး"

ပြောမယ့်သာပြောရသည် စိတ်ထဲမှာတော့ လန့်နေမိသည်။

ထိုသို့ပြောပြီးနောက် လှေဦးမှာထိုင်နေသူက လှော်တက်ကိုချပြီး ငါးဖမ်းရန်ပြင်သည်။

လှေထဲမှာ ငါးဖမ်းရန်ကွန်တစ်လက်ပါလာသော်လည်း ထိုလူက ကွန်ဖြင့် ငါးမဖမ်းပေ။

ရေထဲသို့ လက်တစ်ဖက်ချပြီး ငါးရှာနေသည်။

လှေပေါ်မှချလိုက်သောလက်က လှေနှင့်အတော်ဝေး

www.burmeseclassic.com

www.burmeseclassic.com



ဝေး ကိုင်းတောအတွင်းအထိ ရောက်သွားသည်ကိုတော့ အလယ်နေရာမှာထိုင်နေသည့် ကျော်သီဟက လှမ်းမမြင်ရပေ။

ထိုသူက ကိုင်းတောထဲမှာ လက်ဖြင့်လိုက်စမ်းနေရင်းမှ အတန်ကြာတော့ သူလက်ထဲမှာ ငါးတစ်ကောင်ပါလာလေသည်။

ထိုသို့ပါလာသောအခါ နောက်ဘက်မှလှေလှော်နေသူအား လှမ်းပစ်ပေးလိုက်သည်။

"ရော့ဟော့. . . မင်းအတွက်"

နောက်ကလူကလည်း ဖျံတစ်ကောင် ငါးဖမ်းသည့်အလား ကျင်လည်စွာဖြင့် ဖမ်းယူကာ အစိမ်းလိုက်ကိုက်ဖြတ်စားသောက်နေသည်။

လှေဦးမှာထိုင်နေသူကလည်း နောက်ထပ်တစ်ကောင်ဖမ်းယူကာ တဂျွပ်ဂျွပ်နှင့် ထိုင်စားနေသည်ကိုမြင်သောအခါ ကျော်သီဟမှာ မျက်လုံးပြူးသွားလေသည်။

"ဟင်. . . မင်းတို့က ငါးတွေကို အစိမ်းစားနေကြပါလား"

"ဟီး. . . ဟီး. . . ဟုတ်တယ်ဗျ၊ ကျုပ်တို့က ငါးဆိုရင် အစိမ်းလိုက်စားရမှ သဘောကျတာ"

"မင်းတို့က အထူးအဆန်းတွေပါလား"

ထိုအချိန်တွင် ကိုင်းပင်တွေကြားမှ ငါးတစ်ကောင်က အပေါ်သို့ ခုန်တက်လာသည်။

ငါးခုန်လိုက်သောနေရာမှာ လှေရှိသောနေရာနှင့် အနည်းငယ်ဝေးသည်။

ငါးခုန်တက်လာသည်ကိုမြင်သည်နှင့် လှေဦးမှာထိုင်နေသူက လက်တစ်ဖက်ဖြင့် လှမ်းဖမ်းလိုက်သည်။

"ရပြီဟေ့"

ထိုအသံကြောင့် ကျော်သီဟက လှမ်းကြည့်လိုက်ရာ ရှည်ထွက်သွားသော လက်တံရှည်ကိုမြင်ရသဖြင့် မျက်လုံးပြူးသွားရပြန်လေသည်။

"ဟင်. . . မင်းတို့က လူတွေမှမဟုတ်တာဘဲ"

ကျော်သီဟက ဓားကိုကိုင်ထားရင်း ကြောက်ကြောက်သန့်လန့်ဖြင့် ပြောလိုက်လေသည်။

"လူတွေပါဗျ"

ထိုသို့ပြောပြီး နှစ်ယောက်စလုံးက ရယ်ပြကြသည်။

ရယ်ပြတော့မှ ပါးစပ်ထဲမှ သွားများပေါ်လာပြီး ပိုမိုကြောက်စရာကောင်းသည့် မျက်နှာမျိုး ဖြစ်သွားတော့သည်။

ကျော်သီဟမှာ ကြောက်တတ်သူတော့ မဟုတ်ပေ။ သိုင်းပညာလည်း အတော်အသင့် တတ်သူဖြစ်သဖြင့် လူလူချင်း ဘွေ့လျှင် ရင်ဆိုင်ဝံ့သူဖြစ်သည်။

ယခု လှေပေါ်မှာရှိနေသူမှာ တစ်ယောက်မှ လူမဟုတ်ပေ။

ထိုအခြေအနေမျိုးမှာ လှေပေါ်၌ ရောက်နေသောကြောင့် ပြေးစရာမြေ မရှိပေ။

"ခင်ဗျားက ကျုပ်တို့ကို သရဲတစ္ဆေတွေ ထင်လို့လား၊





www.burmeseclassic.com

www.burmeseclassic.com

သရဲတစ္ဆေဖြစ်တော့လည်း ခင်ဗျား မကြောက်ဖူးမဟုတ်လား"

ကျော်သီဟမှာ ဘာပြန်ပြောရမှန်းမသိပေ။

"အေး. . . မကြောက်ဘူး၊ ဒါပေမယ့် ငါတို့ပြန်ကြမယ် လှေကိုကမ်းဘက်ကိုသာ ပြန်လှော်ပေတော့"

"သခင်မလေးမှာတဲ့အတိုင်း ငါးမဖမ်းတော့ဘူးလား"

"ဘယ်ကသခင်မလေးလဲ"

"ခင်ဗျားနဲ့အလောင်းအစားလုပ်ခဲ့တာ ကျုပ်တို့သခင်မ လေးပေါ့. . . သူ့အတွက် ငါးဖမ်းပေးရဦးမယ်လေ"

"အို. . . မဖမ်းတော့ဘူး. . . မဖမ်းတော့ဘူး. . . သူနဲ့လည်း အလောင်းအစားမလုပ်တော့ဘူး၊ ငါးလည်း မလို ချင်တော့ဘူး. . ပြန်ကြမယ်"

"ကောင်းပြီလေ. . . ဒါကတော့ ခင်ဗျားသဘောပါပဲ . . . ဟိုရောက်ရင်တော့ ခင်ဗျားသဘောနဲ့ခင်ဗျား ပြန်ခဲ့တာ သခင်မလေးကို အလျှော့ပေးလိုက်ပေါ့ဗျာ"

ဟုပြောဆိုကာ လှေကို ထိုနေရာမှ ပြန်လှည့်ခဲ့ကြလေ သည်။

လကွယ်နေ့ညဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များက ဖုံးလွှမ်းလျက်ရှိနေတော့သည်။



# အခန်း [ ၆ ]

## သရဲကျွန်းအင်းမှ ထန်းကြယ်မှုများ

တစ်နေ့တော့ နီမောင်တို့သုံးယောက် တောင်ညိုရွာသို့ ရောက်လာကြသည်။

၎င်းတို့လက်ထဲမှာ ငါးတွဲများ ပါလာလေသည်။

ဦးစိုင်းလုံတို့နေသော နေရာမှာ မေးမြန်းရတာ မခက်ခဲ လှပေ။

သူတို့ရောက်သွားတော့ ခြံကျယ်ကြီးအတွင်းမှာ သိုင်းပ ညာလေ့ကျင့်နေသော လူရွယ်အချို့ကို တွေ့ကြရသည်။

"ဆရာကြီးက ဒီရွာမှာ သိုင်းပညာသင်ပေးနေတာကိုး. . . ငါတို့လည်း အချိန်ရရင် ဒီရွာမှာ သိုင်းပညာလာသင်ထား


www.burmeseclassic.com

www.burmeseclassic.com

ရင် ကောင်းမယ်"

ဟု စောထီးကပြောသည်။

ထိုအချိန်မှာပင် သူတို့ကိုမြင်သဖြင့် မြဝင်းသူက အပြင်သို့ ထွက်လာသည်။

"အစ်ကိုတို့ပါလား. . . ဘယ်ကလှည့်လာကြတာလဲ"

"အင်းထဲမှာ ငါးဖမ်းရင်းနဲ့ ဒီဘက်လာကြတာပါ. . . ဒီမှာ ငါးဟင်းစားလည်း ပါလာတယ်"

နီမောင်က ငါးတွဲကိုပေးလိုက်သောအခါ မြဝင်းသူက လှမ်းယူပြီး ကျေးဇူးတင်ကြောင်း ပြောသည်။

ထို့နောက် အိမ်ထဲဝင်ရန် ဖိတ်ခေါ်သဖြင့် သုံးယောက်သား သူမနောက်မှ လိုက်သွားကြသည်။

အိမ်ကြီးအောက်ရောက်သောအခါ ကွပ်ပျစ်များပေါ်မှာ ထိုင်လိုက်ကြသည်။

မြဝင်းသူက အစားအသောက်အချို့ယူလာပြီး ဧည့်ခံလေသည်။

"အစ်ကိုတို့ထမင်းစားပြီးမှ ပြန်ကြပေါ့"

"နေပါစေတော့. . . ခဏနေရင် ပြန်ကြမှာပါ. . . ဒါထက် ဒီနေရာက သိုင်းပညာသင်ပေးတယ်နော်"

"ဟုတ်ပါတယ်. . . ကျွန်မအဘက သင်ပေးတာပါ. . . အစ်ကိုတို့လည်း ဝါသနာပါရင် လာသင်ကြပေါ့"

"အလုပ်အားတဲ့အခါမှ လာသင်ပါ့မယ်. . . ဝါသနာ တော့ပါပါတယ်"





"ဒါထက် အစ်ကိုတို့နာမည်တွေကိုရော ပြောပြပါဦး"

"အစ်ကို့နာမည်က နီမောင်ပါ. . . သူတို့နှစ်ယောက်က စောထီးနဲ့ ငမဲအောင်လို့ခေါ်တယ်. . . အစ်ကိုတို့သုံးယောက်က ညီအစ်ကိုတွေလိုပဲ နေကြတယ်"

မြဝင်းသူကပြုံး၍ ခေါင်းညိတ်ပြသည်။

"ကျွန်မအဘိုးက ဦးစိုင်းလုံလို့ခေါ်တယ်. . . ကျွန်မနာမည်ကတော့ မြဝင်းသူပါ"

ထိုအခါမှ သူမနာမည်ကို သိကြရသည်။

ထိုသို့ပြောဆိုနေကြစဉ်မှာ ဦးစိုင်းလုံပါ ရောက်လာလေသည်။

"မောင်ရင်လေးတို့ အလယ်လာကြတာလား"

"ဟုတ်ကဲ့. . . ငါးဟင်းစားဝင်ပို့ရင်းနဲ့ ဝင်လာကြတာပါ အဘ"

"နောက်လည်း လမ်းသင့်ရင် ဝင်လာကြပေါ့၊ ဒါအပြင် သိုင်းပညာကို စိတ်ဝင်စားရင်လည်း ဒီမှာလာပြီး သင်ယူနိုင်ကြတယ်. . . အဘ သင်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အဘ. . . ဝါသနာတော့ ပါပါတယ် . . . ဒါပေမယ့် အလုပ်မအားသေးတာမို့ နောက်မှပဲ လာသင်ပါ့မယ်"

ဟုပြောသောအခါ ဦးစိုင်းလုံက ခေါင်းညိတ်ပြသည်။

"ဟဲ့. . . သမီး. . . နင့်အစ်ကိုတွေ ရပ်ဝေးက [illegible]ကူးဘက လာကြတာ. . . ထမင်းကျွေးဖို့ စီမံတော့လေ"


www.burmeseclassic.com

"ဟုတ်ကဲ့ အဘ"

"နေပါစေခင်ဗျာ. . . ကျွန်တော်တို့အတွက်တော့ တ
ကူးတက မလုပ်ပါနဲ့. . . ခဏနေရင် ပြန်တော့မှာမို့ပါ. . .
ကျေးဇူးတင်ပါတယ်"

"ဘယ်ဟုတ်ပါ့မလဲကွယ်. . . တစ်နေရာနဲ့တစ်နေရာ
တကူးတက ဖိတ်ကျွေးဖို့တောင်လွယ်မှမလွယ်တာ. . . အခုလို
ကြုံကြိုက်တုန်း အေးအေးဆေးဆေးပေါ့၊ ထမင်းစားပြီးမှသာ
ပြန်ကြပေတော့"

ဟုပြောရာ မြဝင်းသူကလည်း နေရာမှထသွားပြီးဖြစ်ရာ
ထပ်မငြင်းသာတော့ပေ။

ထို့နောက် ဦးစိုင်းလုံကပါ နေရာမှ ထသွားလေသည်။

ခဏကြာတော့ မြဝင်းသူကလာခေါ်သဖြင့် သုံး
ယောက်သား လိုက်သွားပြီး ထမင်းစားကြလေသည်။

မြဝင်းသူကိုယ်တိုင် ပြင်ဆင်ပြီး ကျွေးမွေးရာများစွာ ခံ
တွင်းမြိန်လှပေသည်။

ထိုသို့စားသောက်ရင်းနှင့်ပင် မြဝင်းသူနှင့် စကားပြော
ခွင့်ရရာ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှု ဖြစ်သွားကြသည်။

ထမင်းစားပြီးပြန်တော့လည်း မြဝင်းသူကိုယ်တိုင် သိုင်း
လေ့ကျင့်နေသူများရှိရာသို့ လိုက်ပို့ပြန်သဖြင့် ကြည့်ရှုခွင့်ရကြ
လေသည်။

မြဝင်းသူက နီမောင်တို့သုံးယောက်ကို ခေါ်လာစဉ်
ကျော်သီဟက အနားရောက်လာပြီးမေးသည်။





"သူတို့က သိုင်းပညာသင်ကြမယ့်လူသစ်တွေလား"

"မဟုတ်ပါဘူး. . . ဟိုဘက်ရွာကလာကြတဲ့ ကျွန်မတို့
ဧည့်သည်တွေပါ"

"အရင်က တစ်ခါမှမမြင်ဖူးလို့ မေးကြည့်တာပါ"

မြဝင်းသူက ထွေထွေထူးထူး ဘာမှရှင်းပြမနေတော့ဘဲ
အခြားနေရာထွက်သွားရန်ပြင်တော့ ကျော်သီဟက ဆက်မေး
ပြန်သည်။

"ဒါထက် သူတို့ကရော လူအစစ်တွေ ဟုတ်ကြရဲ့လား"

နီမောင်တို့ကတော့ ဘယ်လိုအဓိပ္ပာယ်နှင့် မေးသည်ကို
သိကြသော်လည်း မြဝင်းသူကတော့ ကျော်သီဟ ဘယ်လိုအ
ဓိပ္ပာယ်ဖြင့် မေးသည်ကို သဘောပေါက်သဖြင့် တစ်ချက်ပြုံးလိုက်
လေသည်။

တစ်လောက မြဝင်းသူနှင့် အလောင်းအစားလုပ်ပြီး
အင်းထဲလိုက်သွားပြီးကတည်းက ကျော်သီဟတစ်ယောက်
နောက်ထပ်စိမ်ခေါ်မှုမျိုး မလုပ်တော့ပေ။

"သူတို့ပြန်ရင် အင်းထဲကပြန်ကြမှာပဲ. . . ရှင်သိချင်ရင်
လိုက်သွားကြည့်ပါလား"

"အင်းထဲလိုက်ရမယ့်အလုပ်မျိုးတော့ ဘယ်တော့မှမ
လုပ်တော့ပါဘူး"

ဟုပြောကာ အနီးမှပြန်ထွက်သွားလေသည်။

နီမောင်တို့လည်း မြဝင်းသူတို့အိမ်မှာ အချိန်အတော်
ကြာအောင်နေကြပြီးမှ ညနေစောင်းအချိန်ရောက်သောအခါ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ပြန်ခဲ့ကြသည်။

ညနေပိုင်းအချိန်ပင်ဖြစ်သော်လည်း နေရောင်ခြည် ပျောက်သွားပြီဖြစ်သောကြောင့် အင်းရေပြင်ပေါ်မှာ အမှောင် ရိပ်သမ်းစပြုနေပြီ။

နေဝင်ချိန်နီးသဖြင့် အိပ်တန်းရှိရာ ပျံလာကြသော ငှက် မျိုးစုံတို့ကို နေရာအနှံ့အပြားတွင် တွေ့မြင်ရသည်။

သုံးယောက်သား စကားတပြောပြောနှင့် အေးအေး ဆေးဆေးပင် လှေလှော်လာကြသည်။

"မြဝင်းသူက ချောလည်းချောတယ်. . . သဘော လည်းကောင်းတယ်နော်"

"ဒါပေမယ့် သူ သဘောမကျရင်တော့ ကျားသစ်မလေး တစ်ကောင်လို ခက်ထန်တဲ့ပုံမျိုးလည်း တွေ့ရတယ်. . . ဟိုလူနဲ့ စကားပြောနေတဲ့အချိန်မှာ သူ့အမူအယာ ကြည့်ပါလား"

"ဒါပေမယ့် နီမောင် သူနဲ့အခုလို ခင်မင်ခွင့်ရထားတာ လေးကို အပျက်မခံနဲ့၊ မင်းအနေနဲ့ ဆက်ပြီးကြိုးစားရင် အခြေအ နေကောင်းလာနိုင်တယ်"

စောထီးက ပြောသည်။

"ငါက ဘာကြိုးစားရမှာလဲ"

"အောင်မယ်. . . မသိချင်ယောင် ဆောင်နေပြန်ပါပြီ . . . မင်း သူ့ကိုသဘောမကျဘူးလား"

"သဘောကျလည်း အခုမှတွေ့ကြတာ တစ်ခါ နှစ်ခါပဲ ရှိ သေးတယ်. . . ချက်ချင်းကြီးတော့ ဘယ်ဖြစ်ပါ့မလဲ"





"အေးပါ. . . ကြိုးစားတာတော့ ဒီလိုပဲ ဖြည်းဖြည်းချင်း ကြိုးစားယူရမှာပေါ့. . . ဒါပေမယ့် ကိုယ့်ဘက်ကမကြိုးစားခင် မှာ မင်းသဘောထားကို သူရိပ်မိထားအောင် အရင်လုပ်ရမယ် ကွ"

"မင်းကလည်း ဆရာကြီးကျနေတာပဲ စောထီးရယ် . . . အကြောင်းမရှိအကြောင်းရှာပြီး ခဏခဏသွားနေလို့ လည်း ဘယ်ဖြစ်ပါ့မလဲကွာ"

"ယောကျ်ားကြိုက်တော့ စိုက်စိုက်လာဆိုတဲ့စကားက ယောကျ်ားလေးတွေအတွက်ပဲကွ. . . ကိုယ်ကြိုက်ရင်တော့ သွားရမှာပေါ့. . . မင်းမသွားဘဲနဲ့တော့ သူက အိမ်ရှေ့ဖျက်ပြီး မင်းဆီကို ဘယ်လာပါ့မလဲ"

"လောလောဆယ်တော့ အဲဒီအကြောင်းတွေ ခေါင်းထဲ မထည့်အားသေးပါဘူးကွာ"

နီမောင်ကလည်း ဆည်းဆာရောင်များ လွှမ်းနေသော အင်းရေပြင်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

အင်းရေပြင်ပေါ်မှာတော့ အရှယ်လွန်ဆည်းဆာရောင် များအစား အမှောင်ရိပ်များက တဖြည်းဖြည်းနှင့် အစားထိုးဝင် ရောက်လာကြလေပြီ။

လှပသောဆည်းဆာရောင်တို့မှာ အချိန်အကန့်အသတ် ဖြင့်သာ တောက်ပခွင့်ရကြရာ နောက်ဆုံးမှာတော့ အမှောင်ရိပ် တို့၏ ဖုံးလွှမ်းခြင်းကိုခံရပြီး ပျောက်ကွယ်သွားကြရချည်းသာဖြစ် ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေကုန် အစာရှာထွက်ရာမှ အိပ်တန်းပြန်လာကြသောငှက်မျိုးစုံတို့မှာလည်း သစ်တောနှင့် သစ်ပင်များပေါ်မှာ အော်ဟစ်ရင်းနှင့် ပျံဝဲနေကြသည်။

အော်သံများက ငှက်အချင်းချင်း ပြောဆိုနှုတ်ဆက်ကြသောအသံများဖြစ်ပြီး ပျံဝဲနေကြခြင်းက နေသားကျသော အိပ်တန်းမရသေးသောကြောင့် ဖြစ်၏။

သုံးယောက်သား စကားတပြောပြောနှင့် လှော်လာကြရာ တစ်နေရာရောက်တော့ ကိုင်းတောများကြားမှ ထွက်လိုက်လာသော လှေတစ်စင်းက သူတို့လှေနောက်မှ လှော်လိုက်လာသည်။

"နောက်က လှေတစ်စင်းလိုက်လာတယ်"

ငမဲအောင်က သတိပေးလိုက်သည်။

သူတို့လှေထဲမှာတော့ ဓားရှည်သုံးလက်ပါပြီး အရေးအကြောင်းပေါ်ပါက အသုံးပြုရန် အဆင်သင့်ချထားသည်။

နောက်ကလိုက်လာသောလှေပေါ်မှာ လူငါးယောက်ပါလာပြီး ခေါင်းဆောင်လုပ်သူက အသံကျယ်ကျယ်ဖြင့် လှမ်းအော်ပြောလိုက်သည်။

"ဟေ့. . . ရှေ့က လှေရပ်လိုက်စမ်း"

ထိုသို့ပြောသဖြင့် သုံးယောက်သား ဆက်မလှော်တော့ဘဲ ရပ်ပေးလိုက်ရာ နောက်မှလိုက်လာသောလှေက မီလာပြီး လှေချင်းဘေးချင်း ယှဉ်ကပ်လိုက်သည်။

တစ်ဘက်လှေပေါ်မှာတော့ လက်နှိပ်မီး၊ ဓား၊ လှံ၊ ကြိုး





ခွေ စသည်တို့ ပါလေသည်။

"မင်းတို့ ဘယ်ရွာကလဲ"

"မာလာမြိုင်ရွာကပါ"

"အင်းတဲကို ဒီအချိန်ကျမှ ဘာလာလုပ်တာလဲ"

"တောင်ညိုရွာဘက်က ပြန်လာတာပါ"

နီမောင်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"မင်းတို့မလိမ်နဲ့. . . အင်းထဲမှာငါးဖမ်းမလို့ မဟုတ်သား"

"မဟုတ်ပါဘူး. . . မယုံရင် ခင်ဗျားတို့လှေထဲမှာ ရှာကြည့်ပေါ့၊ ငါးဖမ်းတဲ့ပစ္စည်း ဘာမှမပါဘူး"

ခေါင်းဆောင်လုပ်သူက လှေထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

"လှေထဲမှာ ငါးဖမ်းကိရိယာမပါလည်း ငါးဖမ်းလို့ရတာပဲ. . . တစ်နေရာမှာ ပိုက်တွေချထားခဲ့ရင်လည်း ရတာပဲမဟုတ်သား"

"ကျွန်တော်တို့မှာ ဘာပိုက်မှမပါဘူး. . . ခင်ဗျားတို့မယုံရင် လိုက်သာရှာကြည့်ပေတော့၊ တကယ်လို့တွေ့ရင် ကြိုက်သလိုလုပ်လို့ရတယ်"

နီမောင်က လေသံမာမာဖြင့် ပြောလိုက်တော့ ခေါင်းဆောင်လုပ်သူက တစ်ချက်ကြည့်သည်။

"မင်းက လေသံအတော်မာပါလား. . . ငါတို့က သရဲ


www.burmeseclassic.com

www.burmeseclassic.com



ကုန်းက သူကြီးသံပချိုင့်ရဲ့လူတွေပဲ. . . မင်းတို့ကိုဖမ်းခေါ်သွားပြီး ထိပ်တုံးခတ်ထားလို့ရတယ်. . . နားလည်ရဲ့လား"

နီမောင်က ဘာမှပြန်မပြောတော့ပေ။

"နောက်ပြီး မင်းကြည့်ရတာ ငါ့ကိုသိပုံမရဘူး. . . သရဲကုန်းနယ်တစ်ဝိုက်မှာ ငါကိုမသိတဲ့သူ ဘယ်သူမှမရှိဘူး၊ ငါ့နာမည်က မြဒင်တဲ့မှတ်ထား"

ထိုသို့ပြောနေစဉ် အမှောင်ထုကလည်း တဖြည်းဖြည်းပိုများလာလေသည်။

ထိုအခိုက်မှာပင် သူတို့ရပ်နေသောနေရာနှင့် မနီးမဝေးနေရာဆီမှ မီးရောင်တစ်ချက် ပေါ်လာသည်။

အချင်းချင်းစကားပြောသံများ ကြားရသည်။

"ကိုမြဒင်. . . ဟိုဘက်မှာ ငါးခိုးဖမ်းနေတာဖြစ်မယ်. . . သွားကြည့်ရအောင်"

ဟု ပြောသဖြင့် နီမောင်တို့ကို ဆက်မမေးတော့ဘဲ လှေချင်းပြန်ခွာသွားလေသည်။

နီမောင်တို့လည်း ရှေ့သို့ဆက်လှော်သွားကြသည်။

မြဒင်တို့လှေမှာ မီးရောင်များမြင်ရသောဘက်သို့ ရေသံတက်သံ မကြားရအောင် လှော်လာကြသည်။

အတော်နီးလာသောအခါ ကွန်ပစ်သံ၊ စကားပြောသံများကို ကြားရသည်။

ကိုင်းတောများ ကွယ်နေသောနေရာဘက်မှ လှည့်သွားပြီး အလစ်ဝင်ဖမ်းရန် အကြံအစည်ဖြင့် လှေကို ခပ်သွက်သွက်လှော်သွားကြသည်။





မနီးမဝေးနေရာရောက်တော့ အချင်းချင်းပြောဆိုနေသော ယောကျ်ားသံ၊ မိန်းမသံများကိုပါ ကြားရသည်။

ကိုင်းတောအပေါ်မှ ကျော်တက်နေသည့် မီးရောင်အချို့ကိုပါ လှမ်းမြင်ရသည်။

သေချာပေပြီ။ ကိုင်းတောဟိုဘက်မှာ ငါးဖမ်းနေသောလှေရှိနေပေပြီ။

ထို့ကြောင့် လှေကိုကွေ့ထွက်လိုက်သည်။

အားလုံး မျက်လုံးပြူးသွားကြသည်။

ထိုနေရာတွင် လှေတစ်စင်းမှမတွေ့ရဘဲ ဗေဒါပင်များသာရှိနေသည်။

"စောစောကလူတွေ ဘယ်ရောက်သွားပြီလဲ. . . "

"မီးရောင်လည်းတွေ့ စကားပြောသံလည်း ကြားရတာပဲ. . . အခု ဘယ်ပျောက်သွားပြီလဲ"

"ငါတို့လာမှန်းသိလို့ ကိုင်းတောထဲမှာဝင်ပုန်းနေတာများလား"

ထိုသို့ပြောပြီး ကိုင်းတောထဲလိုက်ရှာကြည့်တော့လည်း လှေမဆိုထားနှင့် ဖရဲခွံတစ်ခွံပင် မတွေ့ရပေ။

ထိုအချိန်မှာပင် ကိုင်းတော၏အခြားတစ်နေရာမှ မီးရောင်အချို့ မြင်ရပြန်သည်။

အချင်းချင်းပြောဆိုနေသော စကားသံများအပြင် ကွန်ပစ်သံမျိုး ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မင်းဒင်တို့မှာ အသံကြားရာဘက်သို့ သွားကြပြန်သည်။

သူတို့ရောက်သွားပြန်တော့ လှေလည်းမတွေ့၊ လူလည်းမတွေ့ရပြန်ပေ. . . . ။

ထိုအခါမှ မင်းဒင်တို့မှာ သဘောပေါက်ကြရပေပြီ။

"ဒါ ရိုးရိုးမဟုတ်ဘူး. . . ငါတို့ကို သရဲခြောက်နေတာဖြစ်မယ်၊ ဒီနေရာက အမြန်သွားကြရအောင်"

ဟုပြောကာ ထိုနေရာမှလှေကို ခပ်သုတ်သုတ်လှော်ထွက်ခဲ့ကြလေသည်။

အတော်ဝေးဝေးရောက်မှ နောက်သို့ပြန်လှည့်ကြည့်လိုက်ကြသောအခါ စောစောက သူတို့ရောက်နေသော နေရာတစ်ဝိုက်တွင် မီးရောင်များ၊ တစ်နေရာမှ တစ်နေရာ သွားလာနေသောလှေများ၊ အချင်းချင်း စကားပြောဆိုနေသံများကို အတိုင်းသား မြင်ရကြားကြရလေသည်။

ထိုအဖြစ်အပျက်တို့မှာ သရဲကုန်းအင်း၏ ဆန်းကြယ်သော အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ပေသည်။



# အခန်း [ ၇ ]

## သရဲကုန်းမှ လူပျိုကြီးများအကြောင်း

သရဲကုန်းရွာနတွင် ဌာနအုပ်မမြဲသောအကြောင်းများကို ရှေ့အခန်းများတွင် ရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်ပေသည်။

ထိုသို့ မမြဲရခြင်းမှာလည်း သံပချိုင့်နှင့် ၎င်း၏တပည့်များကြောင့် ဆိုသည်ကိုလည်း 'ကျွဲကူးရေပါ'ဆိုသလို ရှေ့အခန်းများတွင် ဇာတ်လမ်းရေးသားရင်းနှင့် စာဖတ်သူက သဘောပေါက်နေလောက်ပြီ ဖြစ်၏။

ယခု ဆက်လက်ရေးသားမည့် အကြောင်းများကတော့ သံပချိုင့် အားကိုးအားထားပြုနေရသော သရဲကုန်းရွာမှ လူပျိုကြီးနှစ်ယောက်အကြောင်းပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဘိုးထင်ဖြစ်ပြီး ကျန်တစ်ယောက်က မြဒင်ဖြစ်သည်။

၎င်းတို့နှစ်ယောက်ကို တစ်နယ်လုံးက လူမိုက်ဟု အသိ အမှတ်ပြုထားကြသဖြင့် လူမိုက်ဘိုးထင်၊ လူမိုက်မြဒင်ဟု ခေါ် ဝေါ်ကြသည်။

၎င်းတို့ကလည်း ကိုဘိုးထင်၊ ကိုမြဒင်ဟုခေါ် လျှင် မနှစ် သက်ကြဘဲ လူမိုက်ဘိုးထင်၊ လူမိုက်မြဒင်ဟုခေါ်မှသာ ပိုမိုသ ဘောကျ ကြလေသည်။

'လူမိုက်'ဟူသော ဝိသေသတစ်ခု နာမည်ရှေ့မှတပ်ခေါ် ခံခြင်းကိုပင် ဂုဏ်ယူရမည့်အလုပ်မျိုးဟု ထင်ကြလေသည်။

လူမိုက်မြဒင်က အသက် ၄၀ ကျော် အရွယ်သာရှိသေး ပြီး လူသတ်မှု၊ ရိုက်မှု၊ ဓားပြမှုစသော ပြစ်မှုမျိုးစုံတို့ဖြင့် ထောင်ထဲ သို့ အကြိမ်ကြိမ်ရောက်ဖူးသူ ဖြစ်သည်။

သို့သော် ဆရာဖြစ်သူ သံပချိုင့်ကောင်းမှုကြောင့် အ ချုပ်ထဲရောက်နေလည်း ခဏ၊ ထောင်ထဲရောက်နေသည့်တိုင် ရက်စေ့အောင်မနေရဘဲ ပြန်လွတ်ခဲ့ရသည်က များသည်။

သူတို့နှစ်ယောက်က ကျွန်းကိုင်းမီး၊ ကိုင်းကျွန်းမီဆိုသ ကဲ့သို့ မြဒင်က သံပချိုင့်အတွက် ဘာမဆို လုပ်ပေးတတ်သလို သံပချိုင့်ကလည်း မြဒင်အတွက် ဆောင်ရွက်ကူညီပေးတတ်လေ သည်။

ထို့ကြောင့် အမှုတစ်ခုဖြစ်လျှင် ဂါတ်နှင့်ပြီးတန်တာပြီး တရားရုံးရောက်လျှင်လည်း တရားသူကြီးနှင့် ပြီးပြတ်အောင်





လုပ်တန်လုပ်သဖြင့် အမှုဖြစ်သော်လည်း တော်ရုံအပြစ်ဒဏ် ခလောက်နှင့် ပြီးတာများလေသည်။

မြဒင်ကလည်း သူလုပ်ချင်တာလုပ်သည်ကို သံပချိုင့်က နောက်မှလိုက်ပြီး ဒိုင်ခံရှင်းပေးနိုင်သောကြောင့် မကြောက်မရွံ့ ဖြင့် လုပ်ချင်တိုင်း လုပ်နေခြင်း ဖြစ်တော့သည်။

မြဒင်ရုပ်က အသားမည်းမည်း မျက်နှာပေါက်ဆိုးဆိုးနှင့် ကိုယ်လုံးကိုယ်ထည်က တုတ်ခိုင်သည်။

တစ်ကိုယ်လုံးမှာ အင်းကွက်များ၊ အရုပ်များ ထိုးထား သည်။ အရေးကြုံလျှင် ဓားပြီး တုတ်ပြီးသည်အထိ ခရီးရောက် သည်ဟုလည်း သတင်းလွှင့်ထားသည်။

တစ်ခါက အခြားရွာမှ လူမိုက်တစ်ယောက်က မြဒင်ကို နောက်မှချောင်းပြီး ဓားဖြင့်ခုတ်ရာ တစ်ချက်မှမပြတ်သဖြင့် ထို လူမိုက်မှာ ခွေးပြေးဝက်ပြေး ထွက်ပြေးရလေသည်။

တစ်ခါကလည်း ဖဲဝိုင်းတစ်ဝိုင်းတွင် မြဒင် ဖဲလိမ်ရိုက်နေ သည်ကို ရိပ်မိသဖြင့် အခြားလူမိုက်များက ဓားမြှောင်တစ်လက် ကို ရှေ့မှစိုက်ချထားပြီး ကြိမ်းသည်။

"ကံတိုက်မဟုတ်ဖဲ. . . ဥာဏ်ပါလာရင်တော့ ဟောဒီ ဓားကိုသာ ကြည့်ထား၊ အူပွင့်ပြီသာမှတ်၊ ငါ့နာမည် လက်မရွံ့တဲ့"

ထိုအခါ မြဒင်ကသဘောကျစွာ ပြုံးလိုက်ရင်း ၎င်းခါးမှာ ထိုးထားသော ဓားမြှောင်ကိုထုတ်ယူကာ ဝိုင်းထဲပစ်ချလိုက်လေ သည်။

"လူမိုက်အချင်းချင်း ဒီလိုစကားမျိုးပြောလို့တော့ ဘယ်ရ



www.burmeseclassic.com

www.burmeseclassic.com

ပါမလဲ ကိုယ့်လူရာ. . . မင်း ဘယ်လောက်မိုက်သလဲ ငါဘယ်လောက်မိုက်သလဲသိရအောင် စမ်းကြည့်ကြတာပေါ့”

“ဘယ်လိုစမ်းမှာလဲ”

“ခေါင်းပန်းလှန်မယ်. . . မှန်တဲ့သူက အရင်ခေါ်နဲ့ထိုးပြီးရင် အထိုးခံရတဲ့သူက ပြန်ထိုးကြေးလေ. . . ဘယ်နှယ့်လဲ. . . ငါ့နာမည်လည်း မကြားဘူးရင် မှတ်ထား၊ သရဲကုန်းက လူမိုက်မြဒင်ဆိုတာ ငါပဲ”

ထိုသို့စိမ်ခေါ်လိုက်သော လက်မရွံ့ဟု အမည်ပေးထားသောလူမိုက်ခမျာ ရွံ့သွားလေသည်။

လူမိုက်ဆိုသည်မှာ မမိုက်ဝံ့သူများနှင့် တွေ့လျှင်သာ ပါးပျဉ်းထောင်လေ့ရှိသော်လည်း မိမိထက် ပိုမိုက်ဝံ့သူများနှင့် တွေ့ပါက ရေမြွေကဲ့သို့ ဦးခေါင်းချသွားလေ့ရှိသည်။

“ကျုပ်က ကိုမြဒင်မှန်းမသိလို့ စိမ်ခေါ်တာပါဗျာ. . . တောင်းပန်ပါတယ်”

ဟု လေပြေထိုးပြီး ဖဲဆက်ကစားလေသည်။

အချို့လူမိုက်များမှာ သူ့နေရာနှင့် သူမိုက်ဝံ့ကြသော်လည်း မြဒင်ကဲ့သို့ နောက်မှရပ်ပေးမည့်သူ မရှိပေ။

ကိုယ်လုပ်လျှင် ကိုယ်ခံသဘောမျိုးဖြင့် ကိုယ့်အပြစ်ကိုယ်ခံကြရသည်။

မြဒင်ကတော့ ပြဿနာတစ်ခုခုဖြစ်လာပါက နောက်မှ သံပချိုင်က ငွေဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လိုက်၍ သော်လည်းကောင်း ဖြေရှင်းပေးသဖြင့် ကြီးသောအမှုငယ်ပြီး





ငယ်သောအမှုမျိုးဆိုက ပပျောက်လေ့ရှိသည်။

ထို့ကြောင့် မီးကုန်ယမ်းကုန် ဆိုးမိုက်ဝံ့နေခြင်းဖြစ်၏။

၎င်းတို့သြဇာပါဝါ ထက်မြက်စေရန်အတွက် သရဲကုန်းဒေသသို့ ရောက်လာသော ဌာနအုပ်တိုင်းကို မနေနိုင်အောင်နည်း အမျိုးမျိုးဖြင့် ပြုလုပ်နေသူများထဲတွင် မြဒင်က ရှေ့ဆုံးမှ ပါဝင်ပေသည်။

သရဲကုန်းတွင် မြဒင်ကဲ့သို့ပင် နာမည်ကြီးသော လူမိုက်ကြီးတစ်ယောက် ရှိပေသေးသည်။

လူမိုက်ဘိုးထင်ဆိုသူပင် ဖြစ်၏။

လူမိုက်ဘိုးထင်ဟုခေါ်သော်လည်း အသက်က ၅၀ ကျော် အရွယ်ခန့်ရှိသည်။

အသားမည်းမည်း၊ အရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည်က ကြံ့ခိုင်သည်။

ကတုံးပြောင်အောင်တုံးထားပြီး နှုတ်ခမ်းမွေးအရှည်ထားသည်။

ပါးစပ်ထဲမှာ ကွမ်းအမြဲဝါးနေတတ်သဖြင့် ပါးစပ်နှင့် သွားများမှာ နီရဲမဲ မည်းနက်နေသည်။

အပေါ်အင်္ကျီမဝတ်ဘဲ ခါးမှာ ရှမ်းဘောင်းဘီတစ်ထည်သာ ဝတ်လေ့ရှိသည်။

ပေါင်နှစ်ဘက်၌ ထိုးကွင်းထားပြီး ပွဲကျောင်းပညာ အဓတ်အသင့်တတ်ကျွမ်းသည်။ ဓားဖြင့်သော်လည်းကောင်း၊ ဒုတ်ဖြင့် သော်လည်းကောင်း ရန်မူလာသူကို လက်ဗလာဖြင့်သက်


www.burmeseclassic.com

www.burmeseclassic.com

သက်ဖြင့် တိုက်ခိုက်သတ်ပုတ်နိုင်လေသည်။

ဘိုးထင်က လက်ဝှေ့ရေးလည်းကျွမ်းသည့်အပြင် သန် မာမှုလည်းရှိသဖြင့် တော်ရုံလူတို့ သူနှင့်ယှဉ်တိုက်ဖို့ မလွယ်ပေ။

ဦးသျှစ်သီးခန့်ကြီးသော ဂှင်းလက်သီးချက်ထိလျှင် နွား ဝှေ့ခံရသကဲ့သို့ ဖင်ထိုင်လဲကျရခြင်း၊ လူချင်းပူးပြီးချုပ်မိပါက ခါ မှကိုင်ပြီး ဇောက်ထိုးကိုင်ပေါက်ခံရလျှင် သေလျှင်သေ၊ မသေ လျှင်သော်မှ နလံမထူအောင်ရှိတတ်သဖြင့် လူအတော်များများ ကတော့ ဘိုးထင်နှင့် ယှဉ်ပြိုင် တိုက်ခိုက်လိုခြင်းမပြုလိုဘဲ တော ထဲမှ ကျားတစ်ကောင်ကိုသာ သွားဖမ်းလိုစိတ် ရှိကြပေသည်

ဘိုးထင်တို့မိသားစု နေသောတဲက ရွာအစွန်၌ရှိပြီး ကျယ်ဝန်းသော တဲကြီးတစ်လုံး ဖြစ်သည်။

မိသားစုဟု ဆိုသော်လည်း များများတော့မရှိပေ။

သူ့မိန်းမ မဂျမ်းစိန်နှင့် သမီးဖြစ်သူတင်မေတို့ နှစ်ယောက် သာရှိသည်။

မဂျမ်းစိန်က အသက် ၄၀ ကျော်အရွယ်ခန့်ရှိပြီး တင်မေ ကတော့ အသက် ၂၀ ဝန်းကျင်သာ ရှိသေးသည်။

တင်မေကိုတော့ တစ်ရွာလုံးက တင်မေဟုမခေါ်ဘဲ ပေါက်ကျော်မဟုသာ ခေါ်ကြသည်။

တင်မေက အပျိုအရွယ်ဖြစ်နေသော်လည်း စိတ်ကြမ်း လူကြမ်းနှင့် ယောကျ်ားလေးတစ်ယောက်လို နေသူဖြစ်သည်

ထိုသို့မနေလို့လည်း မဖြစ်ပေ။

သူမဘဝက ငယ်စဉ်ကာလကတည်းက အရက်ဆိုင်ထဲ





မှာမွေး၊ အရက်ဆိုင်ထဲမှာပင် ကြီးခဲ့ရသောကြောင့် ဖြစ်သည်။

လူမိုက်ဘိုးထင်နေသောတဲက အတော်ကြီးသည်။

သူ့အလုပ်က အရက်ချက်သည်။ အရက်ရောင်းသည်။

ထို့ပြင် ဖဲဝိုင်းထောင်သည့်အခါ ထောင်သည်။

သူကြီးသံပချိုင့်ကိုယ်တိုင်က မြဒင်ကို ညာလက်ရုံးဆို လျှင် ဘိုးထင်ကို ဘယ်လက်ရုံးသဖွယ် အားကိုးနေရပေရာ ဘိုး ထင်အတွက်လည်း အခွင့်အရေး ပေးထားရသည်။

တစ်နေ့လုံး အရက်ရောင်းရာ သူ့တဲအတွင်းမှာ လူပြတ် သည်မရှိလှဘဲ အရက်သောက်သူများဖြင့် စည်ကားနေတတ် သည်။

တဲအတွင်းမှာ သစ်သားများဖြင့် ဖြစ်သလိုရိုက်ထား သောစားပွဲများ၊ ထိုင်ခုံပုကလေးများ ချပေးထားသည်။

အရက်သောက်သူများက ကိုယ့်လူနှင့်ကိုယ်၊ ကိုယ်နေ ရာနှင့်ကိုယ် ထိုနေရာတို့တွင် ထိုင်သောက်ကြရသည်။

ဖန်ခွက်မရှိသဖြင့် ပုလင်းဖင်ပြတ်များကိုသော်လည်း ကောင်း၊ ဝါးဆစ်ပိုင်းများကိုသော်လည်းကောင်း အသုံးပြုလျှက် ထည့်သောက်ကြရသည်။

ထိုဆိုင်ထဲမှာ အရက်သောက်လျှင် အမြည်းအတွက်က ပူစရာမလိုပေ။

ထိုတဲကြီး၏ ထောင့်တစ်နေရာတွင် မီးဖိုတစ်ဖိုဖြင့် မ ဂျမ်းစိန်က အမြည်းကြော်ရောင်းသည်။ ဟင်းချက်ရောင်းသည်။

ကြက်ကြော်၊ ကြက်သားဟင်း၊ ငါးကြော်၊ ငါးဟင်းတို့အ


www.burmeseclassic.com

www.burmeseclassic.com

ပြင် တောတိရစ္ဆာန်တို့ရလျှင်လည်း ချက်တန်တာချက် ကြော်တန်တာကြော်၊ မီးဖုတ်မီးကင်တန်တာကင်ပြီး အရက်သောက်သူတို့အတွက် အမြည်းရောင်းချပေးသည်။

ဘိုးထင်က အရက်ကို ကိုယ်တိုင်ချက်သည်။ ကိုယ်တိုင်လည်း သောက်သည်။

ထို့ကြောင့် အရက်ကောင်းမကောင်း နားလည်သည်။

သူကိုယ်တိုင်ချက်သောအရက်ကို ဆိုင်မှာလည်း ရောင်းသည်။ အိုးကြီးအိုးငယ်တို့ဖြင့် ချက်ကာ ပိုလျှံသောအရက်တို့ကိုလည်း ရွှေလီမြစ်ရိုးတစ်လျှောက် တစ်နယ်လုံးကို လက်လီလက်ကား ဖြန့်ချီရောင်းချလေသည်။

သူသည် ထိုတစ်နယ်လုံးတွင် တစ်ဦးတည်း အရက်ချက်လုပ်ခွင့်ရထားသူပမာ အပွကြီး ပွပေါက်တိုးနေတော့သည်။

ထန်းလျက်လိုလျှင် ရွှေဘိုနယ်သို့လူလွှတ်ပြီး အဝယ်ခိုင်းရလေသည်။

ထို့ပြင် အရက်ချက်ရာတွင်သာမက အခြားပစ္စည်းများလိုလျှင်လည်း လှေများလွှတ်ပြီး အဝယ်ခိုင်းရပေရာ ၎င်းလှေများမှာ ရက်မှန်ထွက်သော သင်္ဘောများကဲ့သို့ ဖြစ်နေတော့သည်။

ထိုဈေးဝယ်ရန်သွားသော လှေများက ရွှေဘိုသာမကဘဲ ထီးချိုင့်၊ ကသာစသောမြို့များသို့ သွားလာကြရာ သရဲကုန်းရွာသာမက ထိုအနီးတစ်ဝိုက်မှာရှိသော ရွာများတွင် နေထိုင်ကြသူတို့မှာ မြို့သို့ဈေးမှာလျှင် ဘိုးထင်၏လှေများကို အားကိုးကြရသည်။





လူကြုံဈေးမှာကြရသည်။

ဘိုးထင်ကလည်း ဈေးလွှတ်သောလှေများနှင့် ၎င်း၏ဆရာဖြစ်သော သံပချိုင်အတွက် ကြိုက်နှစ်သက်သော အစားအသောက်နှင့် အသုံးအဆောင်တို့ကို မကြာခဏမှာကြားပြီး လက်ဆောင်ပို့ပေးလေ့ရှိသည်။

သံပချိုင်ကလည်း ထိုသို့သိတတ်မှုများကို သဘောကျရုံမကဘဲ အကျေနပ်ကြီးကျေနပ်ကာ သဘောကျလုပ်ကိုင်ခွင့်ပေးထားလေသည်။

ဘိုးထင်က ၎င်းဆိုင်ထဲတွင် အရက်သမားများသာမကဘဲ ဝါးထရံကာထားသော အတွင်းဘက်တွင် ဖဲဝိုင်းများကိုလည်း ဖွင့်ပေးထားသည်။

ဖဲချနေသူတို့ထံမှ ငွေကောက်ယူရုံမကဘဲ အစားအသောက်များလည်း ရောင်းချလေသည်။

ထိုခေတ်အခါက အုပ်ချုပ်မှု ကင်းကွာနေသောအချိန်မျိုးလည်းဖြစ်ရာ ဘိုးထင်နှင့်ယှဉ်ပြိုင်ပြီး အရက်ရောင်းသူ၊ ဖဲဝိုင်းဆောင်ဝံ့သူ မရှိသလောက် နည်းလေသည်။

တစ်ခါက အခြားရွာတစ်ရွာ၌ တိတ်တိတ်ပုန်းအရက်ရောင်းနေရာသို့ ဘိုးထင်ရောက်သွားလေသည်။

ထိုသူမှာလည်း မိမိပစ္စည်းများ ဖျက်ဆီးရန်လာရောက်ခြင်း ရိပ်မိသဖြင့် မထူးတော့ပြီမို့ နံဘေးမှာချထားသော ဝါးရင်းတုတ်ဖြင့် ထရိုက်လေသည်။

ဘိုးထင်က ခေါင်းပေါ်မိုးကျလာသောတုတ်ကို လက်ဖျ


www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ရိုက်ဖယ်ပြီး မျက်နှာကိုဖြတ်ရိုက်ရာ နှာခေါင်း ပါးစပ်မှသွေး များကျလာပြီး ပြန်မထနိုင်တော့ပေ။

"မလောက်လေး မလောက်စားနဲ့ ငါ့ကိုအံတုချင်တဲ့လူ မိုက်. . . သေပေတော့"

ဟု ပြောဆိုကြိမ်းမောင်းပြီး သူ့တုတ်နှင့်သူပြန်ရိုက်ရန် ဟန်ပြင်သည်နှင့် နံဘေးမှာရှိနေသူမှ ဝင်ဆွဲပေးကြသဖြင့် ကံ ကောင်းထောက်မစွာဖြင့် အသက်ချမ်းသာရာရသွားရလေသည်။

"လွှန်မယ် ဦးဘိုးထင်. . . သေသွားရင် အမှုကကိုယ့်စီ ပြန်ရောက်လာလိမ့်မယ်. . . ဒီလောက်ဆိုရင် သူလည်းမှတ်မိပြီး နောက်တော့လုပ်ဝံ့တော့မှာမဟုတ်ပါဘူး"

BURMESE CLASSIC .com

ထိုသို့ဝိုင်းတားတော့မှ. . . .

"ဒင်းတော့ကွာ. . . လူပြည်မှာနေရတာ အတော်ငြီး ငွေ့ကနေပြီထင်တယ်၊ စိတ်ရှိလက်ရှိလုပ်ရရင်တော့ သေတော့ မှာပဲ"

ကြိမ်းမောင်းပြောဆိုကာ တဲအတွင်းမှာရှိသော အိုးများ၊ စိမ်ရေထည့်သောအိုးများကို ရိုက်ခွဲဖျက်ဆီးခဲ့ပြီးမှ ပြန်ခဲ့ကြလေ သည်။

နောက်ပိုင်းမှာတော့ လူမိုက်ဘိုးထင်စက်ကွင်းနှင့် နီး သောနေရာများမှာ အရက်ပုန်းချက်ဝံ့သည့်သူ မပေါ်တော့သ ဖြင့် တစ်ဦးတည်းချက်၊ တစ်ဦးတည်းရောင်း၊ ဈေးကိုလည်း သူ ကြိုက်သောဈေးဖြင့် ရောင်းချရာမှ အဆင်ပြေနေတော့သည်။

အချိန်ကာလမှာ ဂျပန်ခေတ်ဦးကာလဖြစ်ပြီး ဂျပန်ငွေ





ဝလည်း ပေါလှပေရာ တောမှာရောင်းသော ဆိုင်ပင်ဖြစ်လင့် ကစား တစ်နေ့တစ်နေ့ ရောင်းချရသောငွေက မနည်းလှပေ. . . .။

ဘိုးထင်ရောင်းသောအရက်ကို အချို့နေရာများမှ သောက်သည်ယူကြရာ အချို့ လက်ငင်းငွေပေးသည်။

အချို့က ခေါက်ပြန်ချေသဖြင့် ကြွေးယူကြသည်။

အရက်သောက်သူတို့မှာလည်း အချို့လက်ငင်းပေး သောက်သည်။ အချို့က ကြွေးမှတ်ထားပြီး သောက်သည်။

ကြွေးမှတ်၍ပဲယူယူ ကြွေးမှတ်ပြီးပဲသောက်သောက် ဘိုး ထင်ကို ပေးစရာရှိသော ကြွေးကိုတော့ မည်သူမှမပေးဘဲ မနေဝံ့ ကြပေ။

"မင်းတို့ ငါ့အကြောင်းသိတယ်နော်. . . ငါဒေါသမ ထွက်ခင် ပေးစရာရှိတာပေးကြ. . . ."

ဟု ကြိမ်းလိုက်လျှင် မနေဝံ့တော့ဘဲ မရှိရှိတာ ပေါင်တာ တန်ပေါင်၊ ရောင်းတန်တာရောင်းပြီး ကျွေးဆပ်ကြရသည်။

ထိုကဲ့သို့ပင် ဆိုင်ထဲမှာလည်း လူပေါင်းစုံဝင်ပြီး အရက် သောက်ကြသော်လည်း မဆူဝံ့ ရန်မဖြစ်ဝံ့ပေ။

အရက်မူးလာပြီး ဆူဆူပူပူလုပ်လာလျှင် အခန်းထောင့် မှာ ကွမ်းဝါးရင်းထိုင်နေသောဘိုးထင် အသံကြားလိုက်လျှင် မီးကို ရေဖြင့် ငြိမ်းချလိုက်သကဲ့သို့ ချက်ချင်းငြိမ်ကျသွားလေသည်။

အချို့သွေးဆိုးသူများကပြောလျှင် ဆက်ဆူမြဲဆူကာ ပြ သနာရှာချင်လျှင်တော့. . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ပိုက်ဆံနဲ့ကိုယ် အရက်သောက်တာ မူးအောင် သောက်၊ ငါ့ဆိုင်ထဲမှာ ပြဿနာရှာလို့ကတော့ ပိုက်ဆံပေးပြီး ရောဂါဝယ်သလို ဖြစ်မယ်"

ဟု ကြိမ်းသည်။

ထိုကဲ့သို့ကြိမ်းလျှင်လည်း မရဘဲ ဆက်ဆိုးနေလျှင် နေရာမှထသွားပြီး မျက်နှာကို နှစ်ချက်သုံးချက်ရိုက်ပြီးမှ ခါးကကိုင်ကာ ဒရွတ်တိုက်ဆွဲယူသွားကာ တစ်နေရာမှာ သွားပစ်ချထားလိုက်သည်။

ထိုလူမှာ အမူးပြေသော်လည်း ဆိုင်သို့ ပြန်မလာဝံ့ကြပေ။

သို့သော်လည်း အရက်စွဲနေကြသည့် အရက်သမားတို့မှာ အရက်မသောက်ရလျှင် မနေနိုင်ကြပေ။

အခြားနေရာမှာလည်း အရက်ဝယ်သောက်၍မရသောအခါ အဘိုးထင်ထံသို့ ပြန်ရောက်လာကြပြီး တောင်းတောင်းပန်ပန်နှင့် ပြောဆိုကာ ပြန်ဝယ်သောက်ကြသည်။

BURMESE CLASSIC .com

ဘိုးထင်ကသာ ကြမ်းသည်မဟုတ်ပေ။

အမြည်းအတွက် ချက်ပြုတ်ကြော်လှော်ရောင်းချနေသော မဂျမ်းစိန်ကလည်း နာမည်နှင့်လိုက်အောင် ကြမ်းသည်။

အသားမဲမဲ ဝဝဖိုင့်ဖိုင့်ဖြစ်ပြီး မီးဖိုနံဘေးမှာ တစ်နေကုန် ထိုင်ကာ ကြော်လှော်ရောင်းချသည်။

အသားမည်းသော်လည်း ပါးစပ်ထဲမှာ ကွမ်းကမပြတ် ဝါးနေသဖြင့် နီရဲနေသည်။





ထင်းချောင်းများဖြင့် မီးထည့်ပြီး ချက်ပြုတ်ရသဖြင့် မီးအပူဟပ်ခြင်း၊ ပြာများလွင့်ခြင်းကြောင့် အသားများက ကွဲအက်နေကာ ပြာထုတက်နေသည်။

သူကလည်း ကြွေးယူလျှင် ပေးသည်။

အချိန်တန်၍ မပေးလျှင်တော့ မကြားဝံ့မနာသာ ဆဲဆိုကြိမ်းမောင်းပြီး တောင်းတတ်လေသည်။

မိဘနှစ်ယောက်စလုံးက ကြမ်းတမ်းသောအခါ အပျိုအရွယ်ဖြစ်နေသော တင်မေကလည်း မနူးညံ့ပေ။

နေ့စဉ် အရက်သမား၊ ဖဲသမားများမှာ ကြီးပြင်းခဲ့ရသူမို့ မိဘကြမ်းသလို စိတ်ကလည်းကြမ်းသည်။

အချို့ သက်တူရွယ်တူ လူပျိုကာလသားများက အရက်မူးလာလျှင် မထိတထိ စကြသည်။

ထိုအခါတွင် တင်မေက မည်သူကိုမှမကြောက်ဘဲ သူ့သဘောမကျပါက လူရှေ့သူရှေ့မရှောင် ပက်ပက်စက်စက် ပြန်ပြောတတ်ပေသည်။

တင်မေကရုပ်ရည်က အသင့်အတင့်ရှိပြီး ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်သည်။

သူ့ကိုရအောင်ပိုးနိုင်လျှင် ဘိုးထင်အရိုက်အရာဖြင့် ကောင်းမွန်စွာနေရလိမ့်မည်ဟုထင်ပြီး သွေးတိုးစမ်းသူက စမ်းကြည့်သည်။

ဘိုးထင်က ထိုအကြောင်းကိုသိလျှင်လည်း ဝင်မပါဘဲ အေးဆေးပင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူကိုပဲ စိတ်ချထားလို့လား. . . ဒါမှမဟုတ် လူငယ်လူရွယ်တွေကိစ္စဖြစ်သဖြင့် နားလည်ပေးထားသလား တော့ မပြောတတ်ပေ။

သိလျှင်တော့ မသိဟန်ပြုပြီး မျက်နှာလွှဲထားတတ် သည်။

BURMESE CLASSIC .com

တစ်ခုတော့ ရှိသည်။

တင်မေကသဘောမကျဘဲ ငြင်းနေသည့်ကြားက ဇွတ် တိုးလာလျှင်တော့ ဘိုးထင်ကိုယ်တိုင် ခေါ်သတိပေးတတ်သည်။

"မင်းကို ငါ့သမီးက သဘောမကျဘူး၊ ဒီတော့ နောက် ထပ်မနှောက်ယှက်နဲ့တော့"

ထိုသို့သတိပေးထားပြီး ဆက်တိုးလာလျှင်တော့ နာ သာပြင်ပေတော့. . . .။

.တစ်နေရာမှာ တစ်ခုခုဖြစ်ပြီး နောက်ထပ်မလာဝံ့တော့ လောက်အောင် ဖြစ်သွားကြလေသည်။

ဘိုးထင်တို့မိသားစုက ထိုကဲ့သို့မျိုး ဖြစ်ကြလေသည်။

ဘိုးထင်၏အရက်ဆိုင်မှာ မနက်ပိုင်း၊ နေ့လည်ပိုင်းအ ချိန်မျိုးထက် ညနေပိုင်းအလုပ်သမားများ အလုပ်သိမ်းချိန်ရောက် လျှင် ပိုစည်ကားသည်။

ပိုပြီး လူများသည်။

အဘယ်ကြောင့်ဆိုသော် တော. . . တောင်များထဲ ရောက်နေသူများက ညနေပိုင်းအချိန်ရောက်မှ အလုပ်သိမ်းပြီး ပြန်ရောက်လာကြသောကြောင့် ဖြစ်သည်။





တောရွာများ၌ နေကြသူ အများစုမှာ အလုပ်ကြမ်းသ မားများဖြစ်သည်။

အလုပ်ကြမ်းသမားတို့မှာ တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ကြရပြီး ညနေပိုင်း အလုပ်နားချိန်ရောက်လျှင် အရက်ဆိုင် ရောက်လာတတ်သည်ကတော့ အပြစ်ဆိုစရာ မရှိပါချေ။

ထိုသို့ အရက်လာသောက်သူများထဲမှာ မြဒင်လည်းပါ သည်။

မြဒင်ကိုတော့ သူကြီးလက်ရုံးဖြစ်သဖြင့် ဘိုးထင်ကငွေမ ယူဘဲ အလကားတိုက်သည်။

မြဒင်ဝင်လာတော့ တင်မေကိုယ်တိုင်ထွက်လာပြီး ထိုင် ခုံတစ်လုံးနှင့် စားပွဲငယ်တစ်ခုချပေးသည်။

အရက်ပုလင်းနဲ့ ဖန်ခွက်ကိုလည်း သူကိုယ်တိုင်လာချ ပေးသည်။

"ကိုမြဒင်ကြီး. . . အမြည်းဘာယူမလဲ"

"ငါက ဘာနဲ့ဖြစ်ဖြစ်ရတာပဲ. . . နင်စေတနာရှိတာသာ ယူလာပေးတော့"

ဟု ပြောသဖြင့် တင်မေက ပြန်ထွက်သွားသည်။

ခဏကြာတော့ ငါးကင်နှင့် ကြက်ပေါင်ကြော်ထည့်ထား သော သံပန်းကန်တစ်ချပ်ယူလာပြီး မြဒင်ရှေ့ လာချပေးသည်။

မြဒင်က အရက်တစ်ခွက်သောက်လိုက်ပြီးမှ ဘိုးထင် ထိုင်နေရာဘက်သို့ကြည့်ပြီး ပြောသည်။

"အစ်ကိုဘိုးထင် သတင်းကြားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းလဲကွ"

"အခုလထဲမှာ သရဲကုန်းဌာနကို ဌာနအုပ်အသစ် ထပ်ရောက်လာတော့မယ်တဲ့ဗျ"

"မင်းကို ဘယ်သူပြောသလဲ"

"သူကြီးပြောတာကြားခဲ့ရတယ်. . . ဒီတစ်ခါလာရင် ငါးယောက်မြောက်ပေါ့"

"လာပေလေစေပေါ့ကွာ. . . သူကလည်း သူတို့အလုပ် သူလုပ်တာပဲ. . . ရောက်လာတော့လည်း ငါတို့ကလည်း ကိုယ့်အလုပ် ကိုယ်လုပ်ကြရုံရှိတာပေါ့"

"ဒါကတော့ ကျုပ်တာဝန်သာယားစမ်းပါဗျာ. . . ဘယ်လိုဌာနအုပ်မျိုး ရောက်လာရောက်လာ တစ်ပတ်ထက်ပိုမကြာစေရပါဘူး"

"ဒါကြောင့်လည်း သူကြီးက မင်းကိုအားကိုးနေရတာပဲ. . . ဒါပေမယ့် စကားတော့ အကုန်မပြောနဲ့မောင်ရေ. . . ရောက်လာတဲ့လူက ဘယ်လိုလူမျိုးလည်းဆိုတာ အကဲခတ်ကြည့်ရဦးမယ်"

"သိပ်လည်း စိတ်ပူမနေစမ်းပါနဲ့ဗျာ. . . မြဒင်အကြောင်းလည်း အသိသားနဲ့ မြဒင်နဲ့တွေ့လို့မှ ချက်ချင်းအထုပ်ပြင်ပြီး ပြန်မပြေးရဘူးဆိုရင် ပြောချင်သလိုပြောတော့. . . မြဒင်ဆိုတဲ့နာမည်ပါ ပြောင်းပစ်လိုက်မယ်"

မြဒင်က ဘိုးထင်သာမကဘဲ တဲအတွင်းမှာရှိနေကြသည့် အရက်သောက်နေသူများ ဖဲချနေသူများပါကြားအောင် အသံကျယ်ကျယ်ဖြင့် ပြောလိုက်ရာ အားလုံးအသံတိတ်ပြီး နားထောင်နေကြရလေသည်။

မြဒင်အသံတိတ်သွားတော့မှ အခြားသူများ၏စကားပြောသံများ ပြန်လည်ဆူညံလာလေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၈ ]

## ဦးပန်ကောင်းနှင့် တွေ့ကြရခြင်း

၁၉၄၁ ခုနှစ် ကာလဝန်းကျင်လောက်ကတော့ ရန်ကုန်မြို့၏ အခြေအနေမှာ မကောင်းလှပေ။

အင်္ဂလိပ်များ ပြေးရကာနီးအချိန်ဖြစ်သောကြောင့် အုပ်ချုပ်မှုကလည်း မရှိတော့သဖြင့် ဒုစရိုက်မှုများက နေရာအနှံ့အပြား၌ ပေါ်ပေါက်လျက်ရှိနေတော့သည်။

လူဆိုးလူမိုက်များ ခေါင်းထောင်ထနေသော အချိန်လည်း ဖြစ်သည်။

ထို့ပြင် ဂျပန်လေယာဉ်ပျံတို့က နေရာအနှံ့သို့ မကြာခဏ ဗုံးကြဲနေသည့်အချိန်လည်း ဖြစ်သဖြင့် နေ့တ[illegible]ထိတ်



www.burmeseclassic.com

www.burmeseclassic.com



ညတထိတ်ထိတ် နေကြရလေသည်။

ရန်ကုန်မြို့၌ နေကြသူများမှာ ဗုံးဒဏ်မခံနိုင်သဖြင့် ဆွေ မျိုးသားချင်းများရှိသော တောနယ်များသို့ ရွှေ့ပြောင်းနေထိုင်ကြ ရသဖြင့် ရန်ကုန်မြို့မှာ မြို့ဟုသာ ခေါ်သော်လည်း ကျိုးလန့်စာ စားဖြင့် မြို့ပျက်ကြီးကဲ့သို့ ဖြစ်နေတော့သည်။

၁၉၄၂ ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် ဗိုလ်ချုပ်အောင် ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်ဝင်များနှင့်အတူ ဂျပန် တပ်များပါ ဝင်ရောက်လာပြီးနောက်တွင် ဂျပန်ခေတ်ကာလကို စတင်ခဲ့ခြင်း ဖြစ်လေသည်။

ရန်ကုန်မြို့ကို ဂျပန်တို့သိမ်းပိုက်ပြီးနောက်မှာလည်း နေ ရောညပါ ဗုံးဒဏ်များဒဏ်ကို မခံကြရသော်လည်း ဖက်ဆစ်ဂျ ပန်တို့၏ ညှင်းပန်းနှိပ်စက်မှုဒဏ်ကိုတော့ အလူးအလဲ ခံကြရ သည်။

သို့သော်လည်း ယခင်ကလောက် ကြောက်ကြောက် လန့်လန့်နှင့် ပြေးလွှားနေရခြင်းမျိုးတော့ မရှိတော့ပေ။

ထိုအချိန်က ဒေါက်တာမင်းထင်ကျော်မှာ မိဘများထံ မှ အမွေရထားသော ရွှေတောင်ကြားဘက်မှ ခြံကျယ်ကြီးထဲတွင် အိမ်ကြီးတစ်လုံးဖြင့် တပည့်အချို့နှင့်အတူ နေထိုင်လျက်ရှိသည်။

၎င်းမှာစီးပွားရေးအရ ပူပန်စရာ မရှိသူဖြစ်သောကြောင့် ဝါသနာပါသော အလုပ်များကို လုပ်ကိုင်နေလေသည်။

သူဝါသနာပါသောအလုပ်မှာ စွန့်စွန့်စားစား သွားလာရ သောခရီးများနှင့် ပျောက်ဆုံးနေသောမြို့ဟောင်းများ ရတနာ



သိုက်များကို ရှာဖွေသောအလုပ်များကို များစွာ ဝါသနာပါလှပေ သည်။

ထိုသို့ သွားလာရာမှာတော့ တစ်ကိုယ်တော် စွန့်စားသွား သောခြင်းမျိုးတော့ မဟုတ်ပေ။

သူနှင့်အတူ စိတ်တူကိုယ်တူ ခင်မင်ရင်းနှီးသော မိတ် ဆွေအချို့ရှိရာ ၎င်းတို့ထဲမှ တစ်ယောက်မဟုတ် တစ်ယောက်နှင့် အဖော်ပြုကာ သွားလာကြလေ့ရှိသည်။

ဒေါက်တာမင်းထင်ကျော်နှင့် လက်တွဲဖော်များ၊ ခင်မင် ရင်းနှီးသော မိတ်ဆွေများမှာ ဆရာကြီးသူရဿ၊ ဦးဗန်ကောင်း၊ ဦးမောင်၊ ဦးထန်ဖုန်းရှိန်၊ ဦးမွန်ထော်၊ ဇမုန်းထန်နှင့် ကျွန်ုပ် (စာ ရေးဆရာ အောင်မင်းအောင်)တို့ပင် ဖြစ်ကြလေသည်။

စုံထောက်ကျော်စွာကတော့ ရာဇဝတ်မှုများ စုံစမ်းဖော် ထုတ်ရာတွင် အကူအညီလာတောင်းပါက လက်တွဲပြီး ကူညီ ဆောင်ရွက်ပေးလေ့ရှိသည်။

ဒေါက်တာမင်းထင်ကျော် လိုက်လံအကူအညီပေးသ ဖြင့် ခက်ခဲသောရာဇဝတ်မှုများ၊ လူသတ်မှုများပေါ်ပေါက်ခဲ့သည့် မှာ မနည်းတော့ပေ။

ကျွန်ုပ်ကတော့ စာရေးဆရာတစ်ယောက်ဖြစ်သည့်အား လျော်စွာ အခါခပ်သိမ်း ၎င်းတို့နှင့်အတူ ခရီးမထွက်နိုင်သော်လည်း အချို့ခရီးစဉ်များကိုကြိုးစားပြီး လိုက်ဖြစ်အောင်ကြိုးစားရလေ သည်။

အကယ်၍ ကိုယ်တိုင်မလိုက်နိုင်လျှင်သော်မှ ၎င်းတို့ယူ



www.burmeseclassic.com

www.burmeseclassic.com



လာသော ခရီးစဉ်မှတ်တမ်းများမှတစ်ဆင့် ဝတ္ထုဇာတ်လမ်းများ ရေးသားနိုင်ခဲ့ပေသည်။

ဒါက အလျဉ်းသင့်သဖြင့် ထည့်သွင်းရေးသားခြင်းသာ ဖြစ်ပေသည်။

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော် နေအိမ်သို့ ပုလိပ်ဌာနတွင် အရာရှိများ အသုံးပြုလေ့ရှိသော လင့်ရိုဗာကား တစ်စင်း ရောက်လာသည်။

အိမ်ပေါက်ဝရောက်လာပြီးနောက် ကားရပ်ကာ လူနှစ်ယောက်ဆင်းလာကြသည်။

ရာဇဝတ်ဝန် ဦးမင်းဟန်နှင့် စုံထောက်အင်စပက်တော် ကျော်စွာတို့နှစ်ယောက်ပင် ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း အိမ်မှာရှိနေချိန်နှင့် ကြုံကြိုက်သဖြင့် ၎င်းတို့နှစ်ယောက်ကို ဧည့်ခန်းသို့ဖိတ်ခေါ်ပြီး အကျိုးအကြောင်း မေးရသည်။

"ဦးမင်းဟန်ရော ကိုကျော်စွာရော ရောက်လာပုံ ထောက်တော့ အရေးကိစ္စရှိလို့များလား"

"ရှိတာပေါ့ ဆရာရယ်. . . တခြားတော့ မဟုတ်ပါဘူး ဆရာ့ဆီအပူကပ်ပြီး အကူအညီတောင်းရအောင် လာခဲ့တာပါပဲ"

ဟု ကျော်စွာက ပြောသည်။

"ပြောပါဦး. . . တတ်နိုင်တဲ့ကိစ္စမျိုးဆိုတော့လည်း အကူအညီပေးတန်ပေးရမှာပေါ့"

ထိုအခါ ဦးမင်းဟန်က ဝင်ပြောပြသည်။





"တခြားတော့ မဟုတ်ပါဘူး၊ သရဲကုန်းဌာနနဲ့ပတ်သက်တဲ့ ကိစ္စပါပဲ"

"သရဲကုန်းဌာနတဲ့လား. . . နာမည်ကြားရတာနဲ့တင် အတော်ကလေး စိတ်ဝင်စားဖို့ကောင်းနေပြီ၊ ဒါထက် သရဲကုန်း ဌာနဆိုတာ ဘယ်နေရာမှာရှိတာလဲ"

"ကသာခရိုင် ရွှေလီချောင်းရိုးမှာရှိတဲ့ ဂါတ်တဲပါ. . . အရင်ကတော့ အဲဒီနယ်တစ်ဝိုက်မှာ ပေါ်ပေါက်တဲ့ ရာဇဝတ်မှုတွေထိန်းချုပ်ဖို့ထားခဲ့တာပါ. . . အခုနောက်ပိုင်း အဲဒီဂါတ်တဲမှာ ဌာနအုပ်မမြဲတဲ့ဒုက္ခတွေ ကြုံတွေ့နေရတယ်ဗျာ"

"ပြောပါဦးဗျ. . . ဘယ်လိုမမြဲတာလဲ. . . သရဲကုန်း ဌာနဆိုတော့ သရဲခြောက်လို့များ"

"အင်း. . . ခင်ဗျားပြောသလို သရဲခြောက်ခံရလို့ ပြေးရတာလည်း ပါတာပေါ့ဗျာ. . . စိန်မြဆိုတဲ့ဌာနအုပ်တစ်ယောက် ဆိုရင် အဲဒီဌာနရောက်ပြီး မကြာပါဘူး၊ သရဲခြောက်ခံရလို့ ပြန်ပြေးခဲ့ရတယ်"

"ပြောပါဦး"

"ကျန်တဲ့ဌာနအုပ်တွေကတော့ တခြားအကြောင်းတွေကြောင့် ပြေးကြရတာပါ. . . အခုနောက်ပိုင်းမှ အဲဒီဌာနကိုပို့တာ လေးယောက်ရှိနေပြီ၊ တစ်ယောက်မှမမြဲဘဲ ပြန်ပြေးကြရတာချည်းပဲ"

ဦးမင်းဟန်က သရဲကုန်းဌာနမှ ဌာနအုပ်များဖြစ်ကြသော မင်းဒင်၊ စိန်မြ၊ ဂျမဒါ၊ ထွန်းသောင်တို့အကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com

အတိုချုပ်ပြီး ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စီးကရက်ဖွာလိုက်၊ ကော်ဖီသောက်လိုက်နှင့် ဦးမင်းဟန်ပြောနေသောအကြောင်းများကို လေးလေးနက်နက် စဉ်းစားနေသည်။

စကားဆုံးတော့မှ. . . .

"ဒါတွေက အကြောင်းမဲ့တော့ဖြစ်ကြတာ ဟုတ်ဟန်မတူပါဘူး၊ တစ်စုံတစ်ယောက်က တမင်ဖန်တီးနေတာလည်း ဖြစ်နိုင်ပါတယ်"

ဟု မှတ်ချက်ချသည်။

ထိုအခါ ကျော်စွာက ပါဝင်ပြောလေသည်။

"ကျွန်တော်အထင်ပြောရရင်တော့ အဲဒီနယ်မှာရှိတဲ့ ဒုစရိုက်လုပ်နေတဲ့သူတွေက ဌာနမှာရှိတဲ့ ပုလိပ်အချို့နဲ့ပေါင်းပြီး ဌာနအုပ်တွေ မနေနိုင်အောင် လုပ်နေဟယ်လို့ ထင်တာပဲ"

"ဒါလည်း ဖြစ်နိုင်ပါတယ်. . . ဌာနတစ်ခုမှာ တာဝန်ယူပြီးလုပ်နေရပေမယ့် ဌာနကပေးတဲ့လစာထက် အခြားနေရာက ပိုရမယ်ဆိုရင် ဌာနကိစ္စတွေကို ဥပေက္ခာပြုတတ်ကြတာမျိုးတွေလည်း အများကြီးရှိပါတယ်"

ဦးမင်းဟန်က ခေါင်းတစ်ချက်ညိတ်ပြရင်း သောက်လက်စ ကော်ဖီပန်းကန်ကို ပြန်ချထားလိုက်သည်။

"အခုလာတာက တခြားမဟုတ်ပါဘူး. . . အခုပုလိပ်မင်းကြီးက အဲဒီဌာနကို ဌာနအုပ်ပို့ဖို့ အမိန့်ထုတ်ထားတယ်. . . တခြားလူတွေပို့ရင်လည်း အဆင်မပြေမှာဆိုတော့ ကျော်စွာကိုပဲ





ဌာနအုပ်ရာထူးနဲ့ အဲဒီနေရာစေလွှတ်ဖို့ ဆုံးဖြတ်လိုက်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ကိုကျော်စွာသဘောကရော. . . ."

"ကျွန်တော်သဘောကတော့ တာဝန်ပေးရင် သွားမှာပါပဲ. . . ဒါပေမယ့် ဒီလိုနေရာမျိုးသွားမယ်ဆိုရင်တော့ ဆရာ့အကူအညီရရင် ပိုပြီး အဆင်ပြေလိမ့်မယ်ထင်တယ်၊ ဒါကြောင့်လာပြီး အကူအညီတောင်းတာပါ"

ဟု ပြောသည်။

"ကျွန်တော်ကလည်း ဒီလိုပါပဲ. . . စိတ်ဝင်စားဖို့ကောင်းတဲ့နေရာမျိုးဆိုရင် သိပ်မငြင်းချင်ပါဘူး၊ လိုက်ခဲ့ပေးပါ့မယ်"

"ဝမ်းသာလိုက်တာဆရာရယ်. . . ဆရာသာပါမယ်ဆိုရင်တော့ ကျွန်တော်က ငရဲပြည်သွားဖို့ဆိုရင်တောင် သွားဝံ့ပါတယ်"

"ဒါပေမယ့် အဲဒီနေရာနဲ့ပတ်သက်ပြီး အရေးကြီးတဲ့အချက်တွေကိုကြိုတင်ပြီး လေ့လာလို့ရရင် ပိုကောင်းမယ်ထင်တယ်"

"ဒီအတွက်တော့ မပူပါနဲ့ဆရာ. . . သရဲကုန်းဌာနအကြောင်းရော. . . သရဲကုန်းရွာအကြောင်းရော နောက်ပြီး အဲဒီမှာကြီးစိုးနေကြတဲ့ လူမိုက်ကြီးတွေအကြောင်းတွေ ရေးထားတဲ့ အစီရင်ခံစာတွေရှိတယ်၊ ဆရာလေ့လာလို့ရအောင် ပေးထားခဲ့ပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမင်းဟန်ကပြောသည်။

ထို့နောက်မှာတော့ ခရီးထွက်ကြမည့်ရက်နှင့် ခရီးစဉ်များကို အကြမ်းဖျင်းတိုင်ပင်ဆွေးနွေးပြီးနောက် ဖိုင်တွဲကိုထားခဲ့ပြီး နှစ်ယောက်သားပြန်သွားကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း အခြားကိစ္စများရှိနေသဖြင့် သရဲကုန်းဖိုင်တွဲကို တစ်နေရာမှာ သိမ်းထားလိုက်သည်။

ညအချိန်ရောက်တော့မှ မိမိအခန်းထဲသို့ယူပြီး အေးအေးဆေးဆေး ဖတ်ကြည့်သည်။

ထိုအစီရင်ခံစာများကို ဖတ်ကြည့်ရုံနှင့်ပင် သရဲကုန်းဌာနမှ လူမမြဲသောအကြောင်းကို ရိပ်မိလေသည်။

ရွာလူကြီးအဖြစ် တာဝန်ယူနေသည့်သံပချိုင်. . . .

၎င်း၏လက်ရုံးသဖွယ် အားကိုးအားထားပြုနေသည့် လူမိုက်မြဒင်၊ လူမိုက်ဘိုးထင်တို့အကြောင်းကိုတွေ့သောအခါ ထိုဌာနတွင် လူမမြဲရခြင်း အကြောင်းရင်းတရားခံများ ဖြစ်ရမည်ဟုလည်း ခန့်မှန်းမိလေသည်။

ထိုမှတ်တမ်းများမှာပင် အခြားစိတ်ဝင်စားဖွယ်ရာကောင်းသော အကြောင်းအရာတစ်ခုလည်း တွေ့ရလေသည်။

သရဲကုန်းအင်းနှင့် ပတ်သက်သည့် အကြောင်းများဖြစ်သည်။

သရဲကုန်းအင်းမှာ ပျောက်ဆုံးနေသော ပျူမြို့ဟောင်းရှိသဖြင့် သရဲကြမ်းသောအကြောင်းများကိုလည်း ရေးသားထားကြလေသည်။





အခြားအကြောင်းများထက် ပျောက်ကွယ်နေသော ပျူမြို့ဟောင်းကိုဖတ်ရသောအခါ ပိုမိုစိတ်ဝင်စားမိလေသည်။

ထို့ကြောင့်လည်း ကျော်စွာနှင့် ဦးမင်းဟန်တို့လာရောက်အကူအညီတောင်းသောကိစ္စကို အစအဆုံး အကူအညီပေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုအခါ သူနှင့်အတူ အဖော်ခေါ်သွားရမည့်သူတစ်ယောက်ကိုလည်း ချက်ချင်းသတိရလိုက်သည်။

အခြားသူမဟုတ်ပါချေ။ သူတို့နှင့်လက်တွဲဖော် မိတ်ဆွေကြီးဖြစ်သူ ဦးဗန်ကောင်းပင်ဖြစ်ပေတော့သည်။

နောက်တစ်နေ့ မနက်ပိုင်း ကျော်စွာရောက်လာသောအခါ ဦးဗန်ကောင်းနေသောနေရာသို့ သွားကြလေသည်။

သူနေသောနေရာမှာ ကြားတောရလမ်းမှ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်ရောက်သွားသောအခါ ဦးဗန်ကောင်းက အခန်းတစ်ခန်းထဲတွင် ပိဆွဲနေရာမှ ထလာသည်။

"တကူးတကရှာဖွေပြီး ရောက်လာကြပုံထောက်တော့ အတူတကွ ခရီးဝေးသွားကြမယ့် အစီအစဉ်တစ်ခု ပေါ်လာကြပြီ ဆင်ပါရဲ့. . . ကဲ. . . လာကြ လာကြ"

"မှန်ပါတယ်ဗျာ. . . ဦးဗန်ကောင်း ထင်မှတော့ ဘယ်လွဲပါ့မလဲ"

နှစ်ယောက်သား တစ်နေရာမှာ ဝင်ထိုင်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းက လက်ဖက်ရည်အိုးနှင့် ပန်းကန်ထည့်ထားသော ဗန်းကို ယူလာပြီး ချပေးကာ သူပါဝင်ထိုင်လေသည်။

"ဘယ်နေရာကိုသွားကြမှာလဲ"

"ရွှေလီချောင်းဘက်သွားမှာပါ. . . ဒါထက် သရဲကုန်းဆိုတဲ့ရွာကို ကြားဖူးသလား ဦးဇန်ကောင်း"

"ကြားဖူးပ့ါဗျာ. . . လူဆိုးလူမိုက် အလွန်ပေါများတဲ့နေရာပေါ့၊ သေချင်ရင် စိန်မစားနဲ့ သရဲကုန်းသွားဆိုတဲ့စာမျိုးတောင် ရှိသေးပေါ့"

"မှန်ပါတယ်. . . အခုသွားကြမှာ အဲဒီကိုပါပဲ"

"ဘာလဲ. . . လူဆိုးလူမိုက်တွေ သွားဖမ်းကြမှာလား"

"ဒါလည်း ပါတာပေါ့. . . ဒါ့အပြင် အဲဒီနေရာနဲ့ပတ်သက်တာတွေ ဦးဇန်ကောင်းသိတာရှိရင် ပြောပြပါဦး"

ဦးဇန်ကောင်းက ပါးစပ်ထဲမှာဝါးနေသော ကွမ်းဖပ်များကိုထွေးထုတ်ပစ်ကာ လက်ဖက်ရည်ဖြင့် အာလုပ်ကျင်းပြီးမှ ပြောပြသည်။

"အဲဒီဘက်က ဂမ္ဘီရဆန်တဲ့နေရာတွေထဲမှာ တစ်ခုပါတယ်. . . ရှေးအခါက အဲဒီနယ်ဘက်မှာ ပျူလူမျိုးတွေနေကြတဲ့ မြို့ဟောင်းကြီးတစ်ခုရှိခဲ့ဖူးတယ်. . . နောက်တော့ ပျောက်ချင်းမလှ ပျောက်သွားတယ်လို့ ကြားမိတယ်"

"ဟုတ်တယ်. . . မှတ်တမ်းတွေထဲမှာတော့ပါတယ်"

"အဲဒီမြို့ဟောင်းကြီးက ထူးဆန်းတဲ့ မြို့ဟောင်းတွေထဲမှာ တစ်နေရာပါတယ်. . . ကမ္ဘာပေါ်မှာ ထူးထူးဆန်းဆန်း





ပျောက်ကွယ်သွားတဲ့ မြို့ဟောင်းကြီးတွေရှိတယ်. . . အတ္တလန္တစ်မြို့ဟောင်း. . . အင်ဂါမြို့ဟောင်း. . . ကျူဂီမြို့ဟောင်း၊ သုဝဏ္ဏမြို့ဟောင်းကြီးတွေကတော့ ကွယ်ပျောက်သွားခဲ့ပြီးဖြစ်ပေမယ့် လူတွေစိတ်ဝင်စားမှု အများဆုံး ရှိနေကြသေးတယ်"

"ဘာကြောင့်လည်း အဘ"

"အတ္တလန္တစ်မြို့ဟောင်းကြီးကတော့ ရှေးဟောင်းဂမ္ဘီရပညာရပ်တွေ ထွန်းကားခဲ့တော့ အဲဒီအမွေအနှစ်တွေကိုလိုချင်ကြလို့ လိုက်လံရှာဖွေနေကြတာ. . . အခုအချိန်အထိပဲ"

"မှန်ပါတယ်"

"အင်ဂါမြို့ဟောင်းကြီးဆိုရင် ရွှေတုံးရွှေခဲတွေနဲ့ကျောက်မျက်ရတနာတွေ မရေမတွက်နိုင်အောင်ရှိတယ် အင်ဂါလူမျိုးတွေဟာ သူတို့မြို့ကိုရန်သူတွေ ရောက်မလာခင်မှာ မြို့ကြီးကိုရော ရွှေနဲ့ရတနာတွေကို အစပျောက်ပစ်ခဲ့ကြတာ အခုအချိန်ထိရှာဖွေလို့ မတွေ့ကြသေးဘူး"

"မှန်ပါတယ်"

"ကျူဂီမြို့ဟောင်းဆိုရင် ကမ္ဘာကျော်စိန်နဲ့ ကျောက်မျက်ရတနာတွေ အများဆုံးထွက်ခဲ့တဲ့နေရာပဲ. . . ဒါပေမယ့် မြို့ပျောက်သွားတဲ့နောက်မှာ တောင်ပုံရာပုံများတဲ့ ရတနာတွေကို အစအနတောင် မတွေ့ကြရတော့ဘူး"

"အံ့သြစရာပဲ. . .

မြို့စောင့်နတ်တွေကွယ်ပျောက်ထားတာလည်း ဖြစ်နိုင်တာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူးလို့တော့ ငြင်းလို့မရဘူးပေါ့. . . တစ်ချိန်က မြန်မာနိုင်ငံအတွင်းမှာလည်း ထင်ရှားခဲ့တဲ့ မြို့ဟောင်းကြီးတွေ ရှိခဲ့တာပဲ. . . သုဝဏ္ဏဘူမိမြို့ဟောင်းဆိုရင် ကမ္ဘာကတော စိတ်ဝင်စားနေကြတဲ့ နေရာပဲ၊ အခု မောင်ရင်တို့ပြောတဲ့နေရာမှာ ရှေးက စည်ကားခဲ့တဲ့ ပျူမြို့ဟောင်းတစ်ခု ရှိခဲ့ဖူးတယ်"

"ဟုတ်တယ်"

"သမိုင်းအထောက်အထား ပြည့်ပြည့်စုံစုံ မကျန်ခဲ့ပေ မယ့် ရှိတယ်ဆိုတာတော့ အားလုံးက လက်ခံကြရတယ်၊ လက် သလို စိတ်ဝင်စားမှုလည်း ရှိကြတယ်"

"ဘာကြောင့်လည်း အဘ"

"သူလည်း တစ်ချိန်က ကျောက်စိမ်းနဲ့ ကျောက်သံပတ္တ မြားတွေ အလွန်ပေါတဲ့နေရာတစ်ခုပဲ. . . မုဆိုးမအိမ်တော မီးအိမ်မဆောင်ရဘူးလို့ အဆိုရှိတယ်"

"ဘာဖြစ်လို့လည်းဟင်"

"အရည်အသွေးကောင်းလှတဲ့ ပတ္တမြားငမောက် ကျောက်မျက်ရတနာတွေက လူတိုင်း အိမ်တိုင်းမှာရှိကြလေတ ညအချိန်ရောက်လို့ ကျောက်တုံးတွေကို ရှေ့မှာချထားရင် ရောင်လိုပဲ လင်းထိန်နေတာကြောင့် သူတို့တွေဟာ မီးအိမ်ဆော စရာမလိုကြတာဖြစ်တယ်"

"စိတ်ဝင်စားစရာပါပဲ"

မြန်မာနိုင်ငံနှင့် ပတ်သက်သော ထင်ရှားသည့် ကြောင်းအရာများထဲတွင် ပတ္တမြားငမောက်ကဲ့သို့ ထင်ရှားသေ





ရတနာများရှိခြင်းကြောင့်လည်း ပါဝင်သည်။

ပတ္တမြားငမောက်နှင့်ပတ်သက်ပြီး နန်းတွင်းမှတ်တမ်း တစ်ခုရှိပေသည်။

မိုးကုပ်မြို့နှင့် မနီးမဝေး တောင်ယာမြေကွက်တစ်ခုတွင် ဆင်းရဲသော လင်မယားနှစ်ယောက် ရှိသည်။

ယောကျ်ားအမည်က ငမောက်ဖြစ်ပြီး မိန်းမဖြစ်သူက မယ်ခူဆိုသူဖြစ်၏။

တစ်နေ့သောအခါ ငမောက်သည် ရင်းပိုင်သောယာခင်း ထဲမှာ ထယ်ထွန်နေစဉ် ထယ်သွားက ကျောက်တုံးတစ်တုံးနှင့် ချိတ်မိသဖြင့် ကျိုးသွားလေသည်။

ငမောက်က ထိုကျောက်တုံးကိုဖော်ပြီး လယ်ကန်သင်း ပေါ်တင်ထားလိုက်သည်။

ထယ်သွားအသစ်ဟပ်ပြီး ဆက်ထွန်မြဲထွန်ပြန်လေ၏။

နေထွက်လာသောအခါ ကျောက်တုံးမှာနေထိသဖြင့် အလင်းရောင်များထွက်လာသည်ကိုမြင်သော်လည်း ငမောက်က ဂရုမထားဘဲ မိမိလယ်ကိုသာပြီးအောင် ဆက်ထွန်လေသည်။

အဆိုပါ ကျောက်တုံးကြီးသည် အလေးချိန်သုံးပိဿာ ခန့်စီးသည်။

ငမောက်သည် ညနေစောင်း၍ လယ်ထွန်ပြီးသောအခါ ထိုင်းကျောက်တုံးကြီးကို သူ၏တဲသို့စားဖိုခနောက်ပြုလုပ်ရန် ယူ သွားလေသည်။

တဲထဲတွင်ထားသော ထိုကျောက်တုံးကြီးသည် ညအခါ



www.burmeseclassic.com

www.burmeseclassic.com



၌ အလွန်တောက်ပသဖြင့် ကျောက်စုန်းကြီးထင်မှတ်၍ အသုံး
ပြုပဲထားလေ၏။

ညစာထမင်းစားသောအခါ မီးမထွန်းဘဲ ၎င်းကျောက်
တုံးကြီးကို ထမင်းပွဲနားချ၍ လင်မယားနှစ်ယောက်တို့သည် ထ
မင်းစားကြသည်။

ထိုကျောက်တုံးကြီးကိုမူ ထားမြဲနေရာ၌သာ ထားပြီး
သိမ်းဆည်းခြင်း မပြုကြပေ။

တစ်နေ့သောအခါ ဘုရင်မင်းမြတ်ရွှေနားတော်ကြား
လေသည်။

ထိုသို့ရွှေနားတော်ကြားသဖြင့် မင်းခစားယောက်ျား
အား ဆက်သစေရန် စေလွှတ်လေ၏။

တောင်သူကြီး ငမောက်သည် ၎င်းအကြောင်းကိုကြား
လေသော် ခဲသွေးကျောက်အကောင်းတို့ကို သိမ်းယူမည်စိုး၍
မြေတွင်မြှုပ်နှံ၍ထား၏။

ကျောက်စုန်းကြီးဟု ယူဆထားသောကျောက်တုံးကြီး
မူ သိမ်းဆည်းမထားဘဲ ထမင်းစားသည့်နေရာအနီးတွင် ထား
မြဲတိုင်းထားလေသည်။

မင်းခစားယောက်ျားတို့သည် ငမောက်နေသောဇနပုဒ်
သို့ရောက်သောအခါ ကျောက်အကြောင်းမေးရာ "ငါ့မှာကျောက်
မရှိ၊ ဤကျောက်မျှသာရှိသည်"ဟုဆို၍ ငမောက်သည် ခဲသွေး
ကျောက်အညံ့များကိုသာ ထုတ်ပြသည်။

မင်းခစားတို့သည်မကျေနပ်သဖြင့် "ရှိသမျှကျောက်အား





ကို ထုတ်ပြပါဦး"ဟု ခဏခဏပြောရာ မိန်းမဖြစ်သူက. . . .

"ကိုင်း . . ကိုင်း ဟောဒီကျောက်တုံးကြီးတစ်လုံးသာ
ကျန်တော့သည်၊ ဒီကျောက်စုန်းတုံးကြီးဟာ ငါတို့ ထမင်းစားတဲ့
အခါ မီးမထွန်းရဘူး၊ အနားမှာချထားရင် အကုန်မြင်အောင်
အလင်းရောင်ထွက်တယ်. . . ယူသွားကြ"

ဟုပြော၍ ပေးသည်။

ထိုအခါ မင်းခစားယောက်ျားတို့သည် များစွာ ရယ်မော
ကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ. . . .

"ကိုင်း မောင်ငမောက်. . . အဲဒီကျောက်ကြီးကို
မောင်မင်းကိုယ်တိုင်ရွှေတော်လာပြီး ဆက်ရမယ်လို့ ဘုရင်မင်း
မြတ်အမိန့်တော်မှတ်တယ်၊ ဒါကြောင့် မောင်မင်း နန်းတော်သို့
လိုက်ခဲ့ရမယ်"

ဟုပြောသောအခါ ငမောက်သည် မလိုက်ချင်လိုက်ချင်
ဖြင့် နန်းတော်သို့လိုက်ပါခဲ့ရသည်။

နန်းတော်သို့ ကျောက်နှင့်တကွ ငမောက်ရောက်သော
အခါ ဘုရင်မင်းမြတ်သည် အလွန်နှစ်သက်တော်မူသဖြင့် င
မောက်အား မေးတော်မူသည်။

"ကိုင်း . . မောင်မင်းအလိုရှိရာ သံတော်ဦးတင်လော့၊
ရွှေ့အရာအလိုရှိသလော. . . မြို့စား ရွာစား အလိုရှိသ
လော၊ ရွှေငွေဆုတော်လာဘ်တော် အလိုရှိသလော"

"ဘုန်းတော်ကြီးလှသောအရှင်ဘုရား အကျွန်ုပ်သည်
အလွန်ဆင်းရဲလှပါသဖြင့် လယ်ပိုင် ယာပိုင်မရှိပါ၊ အကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com

နှ္ငမ့္ပား‌ကျောင်းစရာ စားကျက်တစ်ခုမ,စတော်မူပါဘုရား"

ငမောက်၏လျှောက်ထားချက်အတိုင်း ဘုရင်မင်းမြတ်က စားကျက်မြေချီးမြှင့်လိုက်သည်။

"မောင်မင်း လယ်မြေနေရာက အရှေ့ခရီး ၂ တိုင်၊ အနောက်ခရီး ၂ တိုင်၊ တောင်ခရီး ၂တိုင်၊ မြောက်ခရီး ၂ တိုင်၊ ၎င်းခရီးအတွင်း'ငမောက်စားကျက်'အဖြစ် ယူစေ"

ငမောက်သည် ဘုရင်မင်းမြတ်ချီးမြှင့်ပေးသနားတော်မူသောဆုကိုယူ၍ မိမိ၏ဇာနပုဒ်သို့ပြန်လေ၏။

၎င်းကျောက်ကြီးကို ကျောက်သွေးသမားတို့ကိုခေါ်တော်မူ၍ ရှေ့တော်တွင် သွေးစေရာ ကျောက်သားကျောက်ကာများမရှိ ရှေ့ကထက်ပင်သာ၍ တောက်ပကြည်လင်လေ၏။

၎င်းကျောက်၏အမည်ကို ငမောက်ဆက်သသောကျောက်ဖြစ်၍"ငမောက်ကျောက်"ဟု ခေါ်ဆိုလေသည်။

ဘုရင်မင်းမြတ်က ငမောက်အား စားကျက်ပေးသနားသောရွာဖြစ်၍"ငမောက်စားကျက်ရွာ"ဟု ရှေးက ခေါ်တွင်ခဲ့သည်။

ယခုကာလတွင် ထိုရွာကို"မောင်သရက်ရွာ"ဟု ခေါ်ကြသည်။

အထက်ပါအကြောင်းအရာမှာ ပတ္တမြားငမောက်နှင့်ပတ်သက်သော အကြောင်းအရာတစ်ခုကို အကျဉ်းချုပ်ကာ ဖော်ပြပေးခြင်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်





မှာလည်း ဦးဗန်ကောင်းပြောပြသောရတနာများအကြောင်းကိုကြားသောအခါ သရဲကုန်းရွာမှလူဆိုးလူမိုက်များအကြောင်းကိုပင် သတိမရတော့ဘဲ ပျောက်ကွယ်နေသော ပျူမြို့ဟောင်းကြီးအကြောင်းကိုပင် ပိုမိုစိတ်ဝင်စားနေကြလေသည်။

"အဘဆီရောက်တော့မှပဲ ကျွန်တော်သိချင်တဲ့အချက်အလက်တွေ ထပ်သိရတော့မယ်. . . ကျွန်တော်ကတော့ ကိုကျော်စွာကို အကူအညီပေးရင်းနဲ့ သရဲကုန်းကိုလိုက်သွားမလို့ အဲဒါ အဘကိုပါ တစ်ပါတည်း လိုက်ခဲ့ဖို့လာခေါ်ကြတာပဲ. . . အဘသဘောက ဘယ်လိုလဲ"

"မေးနေစရာများ လိုသေးလို့လား. . . မောင်ထင်ကျော်ရယ် အတူတကွသွားလာနေကျ အဖွဲ့တွေပဲ. . . အကြောင်းရှိလို့ လာခေါ်မှတော့ မလိုက်ဘဲနေခဲ့ပါ့မလား၊ ဘယ်နေ့ဘယ်ရက် ခရီးထွက်ကြမယ်ဆိုတာသာ ပြောပေတော့"

ဦးဗန်ကောင်းထံမှ ထိုကဲ့သို့စကားကြားရသောအခါ နှစ်ယောက်သား ကျေနပ်မှုဖြစ်ကာ ခရီးထွက်မည့်နေ့ရက်ကို ပြောပြပြီးနောက် ပြန်ခဲ့ကြလေသည်။

ရှေ့အခန်းတွင် ကမ္ဘာပေါ်တွင် ထူးထူးခြားခြားပျောက်ကွယ်နေသော ရတနာသိုက်ကြီးများအကြောင်းကို ဖော်ပြပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၉ ]

## ကမ္ဘာပေါ်ရှိ ကွယ်ပျောက်နေသော ရတနာသိုက်များ

ကမ္ဘာပေါ်တွင် ကွယ်ပျောက်သွားသော ကွယ်ပျောက်နေသော မြို့ဟောင်းကြီးများ၊ ရတနာသိုက်ကြီးများ ရှိနေခဲ့ကြသည်။

ရှေးနှစ်ပေါင်းများစွာမှ ကွယ်ပျောက်သွားခဲ့သောမြို့ဟောင်းကြီးများနှင့် ရတနာသိုက်ကြီးများကို ကမ္ဘာပေါ်မှလူအတော်များများက စိတ်ဝင်စားကြသည်။

အချို့လည်း စွန့်စွန့်စားစားသွားရောက်ရှာဖွေကြသည်။

အချို့အနည်းငယ်တွေ့ရသည်။ အချို့တစ္စန်းတစ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အချို့မှာတော့ သဲလွန်စအချို့မှလွဲပြီး အခြားဘာမှမတွေ့ ကြရနေပေ။

လောကကို စောင့်ရှောက်နေကြသော နတ်မင်းကြီးများမှ ကွယ်ပျောက်ထား၍သာ မတွေ့ရခြင်းဖြစ်သည်ဟု ယူဆသူက ယူဆကြသည်။

ရွှေသားနန်းတော်ကြီးများဖြင့် ခမ်းနားလှပသော အတ္တလန္တစ်မြို့ဟောင်းကြီးမှာ အတ္တလန္တိတ် သမုဒ္ဒရာကြမ်းပြင်အောက် တစ်နေရာမှ လျှို့ဝှက်စွာဖြင့် နစ်မြုပ်ပျောက်ကွယ်လျက်ရှိသည်။

ရွှေမြို့တော်ကြီးဟု တင်စားခေါ်ဝေါ်ရလောက်အောင် ရွှေငွေရတနာ၊ ကျောက်သံပတ္တမြားတို့များစွာရှိသော သုဝဏ္ဏမြို့ဟောင်းကြီးမှာလည်း ကပ္ပလီပင်လယ်ရေပြင်အောက်၌ နစ်မြုပ်ပျောက်ကွယ်နေလေသည်။

ရွှေသားတန်ချိန်ပေါင်း မြောက်များစွာတို့အား လျှို့ဝှက်စွာသော တောင်ကြားတစ်ခုထဲမှာ မြုပ်နှံခဲ့ပြီး မြို့ပါပျောက်ဖျက်ခဲ့သော အင်ကာလူမျိုးတို့၏ မြို့ဟောင်းနှင့် ရတနာသိုက်ကြီးတို့မှာ ကမ္ဘာပေါ်၌ ထင်ရှားသော ကမ္ဘာ့ဘဏ္ဍာသိုက်ကြီးများပင် ဖြစ်ကြလေသည်။

ယခုရေးသားဖော်ပြမည့် ရတနာသိုက်များမှာ ပျောက်ကွယ်နေသော ရတနာသိုက်များပင် ဖြစ်သည်။

ရှေးခေတ်ကာလမှစ၍ ယခုခေတ်ကာလတိုင်အောင် ကမ္ဘာပေါ်တွင် ပျောက်ဆုံးနေသောရတနာ များစွာ ရှိပေသည်။

ထိုရတနာများကား လောကီရတနာများ ဖြစ်သည်။





မှန်းဆ၍ မရနိုင်အောင် အဖိုးထိုက်တန်မည်ဖြစ်သော အဆိုပါပျောက်ဆုံးနေသော ရတနာများသည် ရတနာသိုက်ရှာဖွေလိုသူများကို ညို့ယူဖမ်းစားကာ ဖြားယောင်းဆွဲဆောင်လျက်ရှိပေသည်။

ရှေးခေတ် ရှေးအခါကပင် ရှိခဲ့သည့်ပျောက်ဆုံးနေသော ရတနာများကို ရှာဖွေနိုင်သည့် အခွင့်အရေးသည် ကမ္ဘာပေါ်ရှိ လူသားများအားလုံးနှင့် သက်ဆိုင်ပါသည်။

သို့သော် ကမ္ဘာပေါ်တွင် ပျောက်ဆုံးနေသော ရတနာများစွာရှိသည်ဟုဆိုသည်မှာ ရှေးဟောင်းဒဏ္ဍာရီစကားပေလော။

သို့သော် ကမ္ဘာပေါ်တွင် ပျောက်ဆုံးနေသော ရတနာများစွာရှိသည်ဟုဆိုသည်မှာ ရှေးဟောင်းဒဏ္ဍာရီစကားပေလော။

သို့တည်းမဟုတ် ရှေးကာလကရှိခဲ့သည့် ရတနာများကို ရှာဖွေဖော်ထုတ်၍ တစ်ဖန်ပြန်လည်အသုံးချနိုင်ရန် အမှန်ဖြစ်ရပ်များပေလော။

ထိုအချက်ကို အမှန်အကန်သိနိုင်ရန် သေချာစွာ လေ့လာစူးစမ်းရန်လိုပေသည်။

ဥပမာအားဖြင့်. . . .

ဒုတိယကမ္ဘာစစ်အတွင်းက ဆုံးရှုံးသွားခဲ့သည့် ဂျာမန်ရွှေများသည် နောင်အခါတွင် တောင်အမေရိကတိုက်သို့ မှောင်ခိုသုတ်သွားနိုင်ချေရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ထိုဂျာမန်ရွှေများကို ဈေးကွက်တွင် တဖြည်းဖြည်း ပြန်လည်ရောင်းချကောင်း ရောင်းချနိုင်ပါသည်။

သို့မဟုတ်ပါက ဂျာမန်ရွှေများရရှိထားကြောင်း ထုတ်ဖော်ရန် မသင့်သဖြင့် ပုဂ္ဂလိကဘဏ်များ၏ မြေတိုက်ခန်းများရှိ အာမခံသေတ္တာများအတွင်းတွင် သော့ခတ်သိမ်းဆည်းထားသည့်ရွှေများ ရှိကောင်းရှိနိုင်ပေသည်။

ရုရှားနိုင်ငံတွင် အုပ်စိုးခဲ့သည့် နောက်ဆုံးဇာဘုရင်လက်ထက်မှာ ပျောက်ဆုံးခဲ့သောရွှေများသည် အစိုးရသစ်လက်ထက်တွင် ၎င်းတို့တွေ့ရှိပိုင်ဆိုင်မှု ရှိကောင်းရှိနိုင်သည်။

ထိုနည်းတူစွာ တိုင်တန်းနှစ်သဘော်နစ်မြုပ်စဉ်က သဘော်နှင့်အတူ နစ်မြုတ်ပျောက်ဆုံးသွားခဲ့ကြသည့် ရတနာများသည်လည်း မူလသဘော်နစ်မြုပ်သည့်နေရာတွင် မရှိနိုင်တော့ပေ။ နေရာပြောင်းနိုင်ပေသည်။

ကမ္ဘာပေါ်တွင် ပျောက်ဆုံးနေသော ရတနာများ အမှန်တကယ်ရှိနေသည့် နေရာအတိအကျကို မည်သူမျှ သေချာပိုင်နိုင်စွာ မသိရှိနိုင်ကြသေးပေ။

သို့ဖြစ်၍ စိတ်ဝင်စားသူများအတွက် ကမ္ဘာပေါ်တွင် လူတို့ ရှာဖွေမတွေ့ရှိသေးသည့် ပျောက်ဆုံးနေသော ရတနာများကို ၎င်းတို့၏တန်ဖိုးနှင့် နှစ်သက်မှုအရ စာရင်းပြုစုကာ (၁၀) မျိုး ဖော်ပြထားပါသည်။

## ၁၀။ လျှို့ဝှက်အပ်သောရွှေမြို့တော် ပိုင်တီတီ

## (SECRET CITY OF THE PAITITI)





တောင်အမေရိကတိုက်ရှိ မိုးများ သစ်တောများအတွင်း တစ်နေရာ၌ ပျောက်ကွယ်သွားသော ရွှေအပြည့်ရှိသော မြို့တော် အယ်(လ)ဒိုရာဒို၏ ဖြစ်ရပ်ဇာတ်ကြောင်းကို ကြားဖူးကြသူများစွာ ရှိပေသည်။

ဘာသာရေးအခမ်းအနားများ မစတင်မီ သူ့တစ်ကိုယ်လုံးကို ရွှေဖြင့်ဖုံးအုပ်ထားသော မူဆကာချိ(ဖ)တိန် (Muisca Chieftain)၏အကြောင်းကို နောက်လာနောက်သားတို့ ဒဏ္ဍာရီသဖွယ် တွင်ရစ်လောက်အောင် အမှတ်တရ ပြောစမှတ်ဖြစ်ရသည်မှာ အယ်(လ)ဒိုရာဒို(EL Dorado)တွင် ဖြစ်ပေသည်။

အမှန်တကယ် ရွှေမြို့တော်စစ်စစ်မှာ ပိုင်တီတီဖြစ်ပေသည်။

ဖြစ်စဉ် အကျဉ်းချုပ်မှာ စပိန်လူမျိုးတို့သည် ပီရူးရှိ အင်ကာများနှင့် နှစ် ၄၀ နီးပါးကြာအောင် စစ်ဖြစ်ပွားခဲ့ကြသည်။

အင်ကာတို့သည် ဗီ(လ)ကာဘမ်လွင်ပြင် (Vilcabamba Valley) ကို ပြောင်းရွှေ့သွားခဲ့ကြပြီး ဝင်ရောက်ကျူးကျော်သူများ ကို ၁၅၇၂ထိ ခုခံတိုက်ခိုက်ခဲ့ကြရသည်။

စပိန်တို့သည် အင်ကာတို့ကိုအနိုင်ရသောအခါ အင်ကာတို့၏မြို့တော်သည် သဲကန္တာရသဖွယ် လူသူကင်းမဲ့ကာ ခြောက်သွေ့လျက်ရှိပေသည်။

အကယ်၍ အင်ကာတို့သည် ဘရာဇီး(လ)တောင်ပိုင်းရှိ မိုးများသစ်တောများအတွင်းသို့ နေရာသစ်ရှာ၍ ရွှေ့ပြောင်းထွက်ပြေးသွားကြပါက သူတို့ပိုင်သည့် ရွှေအများအပြားကို သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ယူဆောင်သွားကြမည်မှာ သေချာသည်။

အင်ကာတို့ ပြောင်းရွှေ့သွားသည့် မြို့ကိုလည်းကောင်း၊ သူတို့ယူဆောင်သွားကြသည့် ရွှေများစွာကိုလည်းကောင်း မည်သို့မျှ ရှာဖွေမတွေ့ကြရသောအခါ ထိုဖြစ်ရပ်နှင့်အကြောင်းအရာများသည် ဒဏ္ဍာရီအဆင့်မျှသာ ဖြစ်သွားလေသည်။

အဆိုပါဖြစ်ရပ်ကို ယုံကြည်သူနည်းကာ မယုံနိုင်လောက်သည့်အကြောင်းအရာအဖြစ် ယူဆထားခဲ့ကြသည်။

၂၀၀၉ ခုနှစ်တွင် ဂြိုလ်တုဓာတ်ပုံများရိုက်၍ ဘရာဇီးရှိ ဘိုကို ဒိုအေကရာဒေသကို လေ့လာကြည့်သောအခါ ထိုသစ်တောများအတွင်း၌ တစ်ချိန်က လူအများ အခြေချနေထိုင်ခဲ့ဖူးသည့် နေရာကျယ်ကျယ်ပြန့်ပြန့် ရှိနေခဲ့ကြောင်း ဓာတ်ပုံမှတ်တမ်းများအရ လေ့လာတွေ့ရှိခဲ့ကြသည်။

ထိုအခြေအနေကို ဂူဂဲ(လ)ကမ္ဘာမြေပုံပေါ်တွင် ပီသရှင်းလင်းစွာ မြင်တွေ့နိုင်ပေရာ သမိုင်းသုတေသီများနှင့် ရှေးဟောင်းသုတေသနပညာရှင်များ ပြန်လည်စဉ်းစားသုံးသပ်ဖွယ် အခြေအနေ ဖြစ်လာလေသည်။

ရွှေမြို့တော်ဟု တစ်ချိန်ကနာမည်ကြီးခဲ့သော ပိုင်တီတီ (Paititi)သည် ယခုခေတ်တွင် ပြန်လည်ပေါ်ပေါက်လာဦးမည်လော။

ပျောက်ဆုံးသွားသော အင်ကာရွှေများနှင့်အတူ ပုန်းကွယ်နေရာမှတစ်ဖန် ပြန်လည်ပေါ်ပေါက်လာဦးမည်လော။

ရှေ့ဖြစ်ပေါ်လာမည့် အခြေအနေကို စောင့်ကြည့်ရန်





သာ ရှိပေသည်။

## ၉။ ကရူဂျာပိုင်သည့်ရွှေဒင်္ဂါးပြားများ၏ကံကြမ္မာ
## (A FORTUNE IN KRUGER RANDS)

ဒုတိယအကြိမ် အင်္ဂလိပ်ဘိုးဝါးစစ်ပွဲအတွင်းတွင် အခြေချနေထိုင်သည့် ဒတ်(ချ)တို့အနွယ်ဝင် တောင်အာဖရိကမျိုးဆက်များဖြစ်သောဘိုးဝါးတို့သည် ၎င်းတို့၏မြို့တော် ပရီတိုရီးယားကို ဗြိတိသျှစစ်သားများက သိမ်းပိုက်လိုက်သည့်အခါ အစိုးရဘဏ္ဍာတိုက်များ ဘဏ်များနှင့် သတ္တုတွင်းများမှရွှေများကို ပါနိုင်သမျှပါအောင် သယ်ယူ၍ မြို့တော်မှ အလျင်အမြန်ထွက်ခွာခဲ့ကြသည်။

ထိုသူတို့သည် ရွှေဒင်္ဂါးများစွာကို သွန်းလုပ်ခဲ့ပေသည်။

အဆိုပါရွှေများနှင့် ရွှေဒင်္ဂါးများကိုသယ်ဆောင်၍ ဘိုးဝါး၏သမ္မတ ပေါ(လ)ကရူဂျာ (Paul Kruger)နှင့် အဖွဲ့သည် မစ်ဒယ်ဘာ(ခ)၊ မက်ချာဒါဒေါ့(ပ)နှင့် ဝါးတာဗောဘိုဗင်တို့ကို ဖြတ်ကျော်၍ အရှေ့ဖက်ရှိ မိုဇမ်ဘစ်အထိ ခရီးဆက်ခဲ့ကြသည်။

၁၉၀၀ ပြည့်နှစ် အောက်တိုဘာလ ၁၉ ရက်တွင် သူသည် ပြင်သစ်နိုင်ငံသို့ သင်္ဘောဖြင့်ထွက်ခွာသွားခဲ့သည်။

နယ်စွန်နယ်ဖျားတွင် ရောက်ရှိနေသော ပေါ(လ)ကရူဂျာနှင့်အတူ ပါသွားသောရွှေများနှင့် ရွှေဒင်္ဂါးများ၏အခန်းကဏ္ဍမှာ ဇာတ်မြှုပ်လျက်ရှိပေသည်။

၂၀၀၁ ခုနှစ်တွင် အာဖရိကအနီးဒေသများတွင် ရတနာ



www.burmeseclassic.com

www.burmeseclassic.com



အချို့ကို တွေ့ရသည်ဟူသော သတင်းစကားများပေါ် ထွက်လာ ခဲ့သော်လည်း လက်တွေ့မပြနိုင်၍ ယုံရခက်လေသည်။

၈။ ကြေးနီစာလိပ်မှတ်တမ်းတွင်ပါသော ရတနာများ
(THE TREASURE OF THE COPPER SCROLL)

ပင်လယ်သေ၏ အနောက်ဖက်ထိပ်ဖျားတွင်တည်ရှိ သော ကွမ်ရန်ပိသုကာပညာရပ်ဆိုင်ရာ နယ်ပယ်သည် ကာ(လ) ရာမြို့အနီးတွင် ရှိသည်။

လျှိုမြောင်များဖြင့် ကာဆီးထားပြီး ခြောက်သွေ့သည့် ကုန်းပြင်မြင့်ပေါ် တွင်ရှိသောဂူများသည် နာမည်ကျော်သော ပင် လယ်သေမှ စိတ်ဝင်စားဖွယ်ရာများ ဖြစ်ပေသည်။

၁၉၄၆ ခုတွင် ဘီဒိုအင်သည် ထိုဂူများ၏သဲလွန်စကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။

နောက်ပိုင်းတွင် ဂျော်ဒန်ရှေးဟောင်းသုတေသနဌာနမှ ရှေးဟောင်းသုတေသီများသည် ဂူ(၁၁)လုံးကိုရှာဖွေတွေ့ရှိခဲ့ကြ သည်။

ထိုသူတို့သည် သားရေပုရပိုက်(၉၇၂)ခု၊ ကျူစက္ကူပေါ် တွင် ရေးထားသော မှတ်တမ်းမှတ်ရာများနှင့် ကြေးနီပေါ် တွင် ရေးမှတ်ထားသော စာလိပ်(၂)ခုကို တွေ့ရှိခဲ့သည်။

အဆိုပါစာလိပ်မှာ တစ်ခုတည်းဟု ထင်ရသော်လည်း နှစ်ခုပိုင်း၍ရပေသည်။





ထိုရှားပါးပစ္စည်းများကို ဂူအမှတ်(၃)၏နောက်ဖက်တွင် ၁၉၅၂ခု၊ မတ်လ (၁၄)ရက်နေ့၌ တွေ့ရှိရခြင်းဖြစ်ပေသည်။

အဆိုပါစာလိပ်မှာ တေဖောခတ်များ၍ အထိမခံနိုင် အောင် ကျွတ်ဆတ်နေပေသည်။ သို့ဖြစ်၍ ကြေးနီစာလိပ်သည် အခြားသားရေစာလိပ်များ၊ စက္ကူစာလိပ်များနှင့် မတူပေ။

အထိမခံသည့် ကြေးနီစာလိပ်တွင် ၎င်းတို့လျှို့ဝှက်မြှုပ်နှံ ထားခဲ့သော ရွှေရတနာများနှင့်ငွေများ ပစ္စည်းစာရင်းနှင့် မြှုပ်နှံ ထားခဲ့သည့် (၆၄)နေရာကို အသေးစိတ် ရေးသားမှတ်တမ်းပြု ထားသောစာရင်း ပါရှိပေသည်။

ထိုမှတ်တမ်းကို ဖတ်ရှုခွင့်ရသူများအနေဖြင့်မူ မှတ်တမ်း တွင်ပါသည့် ရတနာရွှေငွေများ မြှုတ်နှံထားသည့် နေရာများမှာ ၎င်းတို့သိဖူးသော ကြားဖူးသောဒေသများ ဖြစ်ပေသည်။ ထိုရွှေ ငွေရတနာများကို မြှုတ်နှံခဲ့သည့်ခေတ်ကာလမှာ ဘီစီ(၁၀၀)မှ (၃၀)ကြား ကာလဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။

သမိုင်းသုတေသီများကမူ ထိုရတနာများသည် ရောမ များအနေဖြင့် ၎င်းတို့၏ပိုင်ဆိုင်ခဲ့သော အင်ပါယာဒေသများတွင် မြှုပ်နှံခဲ့ခြင်းဖြစ်မည်ဟု ယူဆခဲ့ကြသည်။

သို့သော် ရတနာများ မြှုပ်နှံထားခဲ့သည်ဟု ယူဆရ သော အချို့ဒေသများသည် ယခုအခါ တိမ်မြှုပ်ပျောက်ကွယ်ခဲ့ ပေပြီ။

သို့ဖြစ်၍ နှောင်းကာလမှ သုတေသနပြုသူများ၊ ရှေး ဟောင်းရတနာပစ္စည်း ရှာဖွေသူများအနေဖြင့် အပြည့်အစုံရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်နိုင်ရန် အခက်အခဲရှိပေသည်။

၇။ ဂျွန်ဘုရင်၏သရဖူမှရတနာများ

အလိုလောဘကြီးမားပြီး အကျင့်စရိုက်ဆိုးရှိသော ဂျွန်ဘုရင်သည် ရတနာမျိုးစုံနှင့် ရွှေပန်းကန် ခိုးယူစုဆောင်းသည်မှာ သူကိုယ်တိုင်လွန်စွာ နှစ်သက်သည့်ပစ္စည်းများဖြစ်သောကြောင့် တွေ့မရှောင်နိုင်အောင် ယူတတ်ခြင်းဖြစ်ပေသည်။

ငွေဒင်္ဂါးပြားများကို ရသလိုစုဆောင်းခြင်းမှာမူ သူ၏ ကိုယ်ရံတော်များ၊ စစ်သားများနှင့် နန်းတော်တွင်းရှိ အရာထမ်း အမှုထမ်းများအတွက် ဖြစ်သည်။

၁၂၁၆ ခုတွင် ဂျွန်ဘုရင်သည် နော်ဖော့(ခ) (Norfolk) ရှိဘစ်ရှော့လင်းသို့ ခရီးထွက်ခဲ့ရာ ၁၂၁၆၊ အောက်တိုဘာလ(၉) ရက်နေ့တွင် ရောက်ရှိခဲ့သည်။

အဆိုဒေသသည် နေရာဒေသ၏ အခြေအနေနှင့်လိုက် ဖက်လှစွာ "ရေဆေးစခန်း"(The Wash)ဟု ခေါ်တွင်ခဲ့သည်။

အကြောင်းမှာ တစ်ချိန်က ထိုနေရာသည် ရွှံ့နွံများထူ ထပ်ပြီး စိမ့်မြေစိမ့်တောများဖြင့် ပြည့်နေသဖြင့် လမ်းလျှောက်ရန် လွန်စွာ ခက်ခဲလှသည်။

ရေမဆေးဘဲ နေ၍မဖြစ်အောင် ရွှံ့နွံများနှင့် စိမ့်မြေထေ များလိမ်းကျံသဖြင့် ခရီးသွားများအတွက် စိမ်အနှောင့်အယှက် ဖြစ်ကြရသည်။





စိုစွတ်၍ စိမ့်အေးနေသော ဘစ်ရှော့လင်းဒေသတွင် ဂျွန်ဘုရင်သည် ဝမ်းကိုက်ရောဂါ ခံစားရလေသည်။

ဝမ်းကိုက်ရောဂါဖြင့် ထိုဒေသတွင် ဆက်လက်မနေလို သောကြောင့် ဂျွန်ဘုရင်သည် ဝစ်ဘက်(ချ)ကိုဖြတ်၍ မိမိ၏စံ မြန်းရာ နေဝါ့(ခ)ရဲတိုက်သို့ ချက်ချင်းပြန်ရန် ဆုံးဖြတ်ခဲ့သည်။

ဂျွန်ဘုရင်နှင့် နောက်တော်ပါအဖွဲ့သည် "ရေဆေးစခန်း (The Wash)မှ အန္တရာယ်ကင်းကင်းဖြင့် ထွက်ခွာနိုင်မည့် လမ်းကြောင်းကိုရွေးချယ်၍ အပြန်ခရီးစခဲ့ကြသည်။

လောဘကြီးသောဂျွန်ဘုရင်သည် သူပိုင်ပစ္စည်းများကို နောက်လိုက်နောက်ပါ ဘဏ္ဍာတော်ထိန်းအဖွဲ့နှင့် စစ်သားများ ဘ လှည်းများဖြင့် ခက်ခက်ခဲခဲဖြတ်သန်း၍ စိမ့်မြေနှင့်ရွှံ့နွံထူထပ် သောလမ်းကြောင်းအတိုင်း ပြန်လာခဲ့ကြသည်။

ထိုပစ္စည်းတင်လှည်းများပေါ်တွင် ဂျွန်ဘုရင်သည် ဂျာမ န်ဘုရင်၏ မိဖုရားဖြစ်သော အဘွားဖြစ်သူထံမှ အမွေဆက်ခံရရှိ သည့် ရတနာများစွာ စီခြယ်ထားသည့် သရဖူအပါအဝင် တန်ဖိုး ကြီးရတနာရွှေငွေများစွာ ထည့်ပေးလိုက်သည်။

ထိုအပြန်ခရီးတွင် ဆပ်တန်တံတား(Sutton Bridge) အနီးရောက်သောအခါ ရေအတက်တွင် လှည်းများနှင့်လူများ အားလုံးနစ်မြုပ်ကုန်၏။

ဂျွန်ဘုရင်၏ အဖိုးတန်ရွှေငွေရတနာများ စီခြယ်ထား သော သရဖူအပါအဝင်ရတနာများစွာ တင်ဆောင်ထားသော သည်းများအားလုံးသည် ရေအောက်သို့ရောက်ရှိသဖြင့် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ယူ၍မရနိုင်တော့ပေ။

ဝမ်းကိုက်ဝေဒနာခံစားနေသည့် ဂွန်ဘုရင်သည် မိမိ နှစ်သက်သော ရတနာသရဖူနှင့် အဖိုးတန်ရတနာများစွာ ဆုံးရှုံး ရသည့် သောကဒဏ်၏ဖိစီးမှုကြောင့် ထိုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် နတ်ရွာစံသည်။

ရေအောက်သို့ နစ်မြုပ်ပျောက်ဆုံးသွားသော ရတနာ များစွာထဲတွင် ဂွန်ဘုရင်၏ အခြားအဖိုးတန်ရတနာများလည်း ပါဝင်ပေသည်။

သွားလာရန် ခက်ခဲသည်နှင့်အမျှ အန္တရာယ်များသော ထိုဒေသသို့သွားရောက်၍ ရေအောက်တွင် နစ်မြုပ်ပျောက်ဆုံး သွားသောရတနာများကိုပြန်လည်ရှာဖွေရန် မလွယ်ကူလှပေ။

## ၆။ ဖလော်ဒီလာမာ(ပင်လယ်ပန်းပွင့်) (FLOR DE LA MAR)

"ဖလော်ဒီလာမာ" (ပင်လယ်ပန်းပွင့်)ဆိုသည်မှာ ၁၅၀၂ ခုအတွင်း လစ်(စ)ဘွန်းကမ်းခြေ၌ တည်ဆောက်ခဲ့သော ပင် လယ်ခရီးသွား တိုက်သင်္ဘောတစ်စင်းဖြစ်သည်။

၎င်းသင်္ဘောသည် ပေါ်တူဂီကာရက်တန်ချိန်(၄၀၀)ခန့် ရှိသည်။

အဆိုပါ တိုက်သင်္ဘော၏ ရေကြောင်းခရီးစဉ် သမိုင်း တစ်လျှောက်ကို ဖော်ပြရမည်ဆိုပါက ဒန်ယုတိုက်ပွဲတွင် အောင်





နိုင်ခဲ့ခြင်း၊ ဂိုအာကိုအနိုင်တိုက်နိုင်ခြင်း၊ မလက္ကာကိုသိမ်းပိုက် နိုင်ခြင်းစသည့် အောင်ပွဲများဆက်တိုက်ရခဲ့ပေသည်။

ဖလော်ဒီလာမာ (ပင်လယ်ပန်းပွင့်)သင်္ဘော၏ ကပ္ပတိန် မှာ အယ်(လ)ဖွန်ဆို ဒီအယ်(လ)ဘူကွာ ဖြစ်သည်။

ကပ္ပတိန်သည် ဖလော်ဒီလာမာသင်္ဘောပေါ်တွင် မ လက္ကာမှ သယ်ဆောင်လာသည့် အဖိုးတန်ရတနာများနှင့် ဆီ သမ်ဘုရင်ထံမှ လက်ဆောင်ပဏ္ဏာများစွာကို တင်ဆောင်ခဲ့သည်။

သမိုင်းမှတ်တမ်း အထောက်အထားများကို လေ့လာ ကြည့်ရှုသောအခါ ကပ္ပတိန်အယ်(လ)ဖွန်ဆို ဒီအယ်(လ)ဘူကွာ သယ်ဆောင်ခဲ့သော ရတနာများသည် ပေါ်တူဂီရေကြောင်းသ မိုင်းတွင် အများဆုံးသယ်ယူခြင်းဟု ဆိုနိုင်ပါသည်။

ရတနာအပြည့် သယ်ဆောင်လာသော ဖလော်ဒီလာ မာ တိုက်သင်္ဘောသည် ရတနာပစ္စည်းများတင်ဆောင်၍ ပေါ်တူ ဂီသို့ ခရီးထွက်ခဲ့သည်။ အဆိုပါသင်္ဘောနှင့်အတူ အခြားသင်္ဘော ၄ စင်းလည်း ပါရှိသည်။

ဖလော်ဒီလာမာ တိုက်သင်္ဘောနှင့် ကျန်သောသင်္ဘော ၄ စင်းတို့သည် မလက္ကာရေလက်ကြားကိုဖြတ်စဉ် ပြင်းထန်လှ သော မုန်တိုင်းမိလေသည်။

၁၅၁၁ ခု၊ နိုဝင်ဘာလ(၂၀)ရက်နေ့တွင် စုမတြားကျွန်း များအနီးတွင် ဖလော်ဒီလာမာသင်္ဘောသည် နှစ်ခြမ်းကွဲသွားကာ နစ်သွား၍ မဖြစ်နိုင်လောက်အောင် ပျက်စီးသွားလေသည်။

သင်္ဘောကပ္ပတိန် အယ်(လ)ဖွန်ဆိုသည် ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်မစွာ အသက်သေဘေးမှ လွတ်မြောက်ခဲ့သည်။

သို့သော် ဖလော်ဒီလာမာသင်္ဘောပေါ်တွင် တင်ဆော သယ်ယူလာခဲ့သည့် အဖိုးတန်ရတနာများနှင့် သင်္ဘောသားမျာ စွာသည် လှိုင်းထန်သောရေအောက်သို့ နစ်မြုပ်ပျောက်ကွယ် သွားခဲ့ကြသည်။

အဆိုပါဖြစ်ရပ်များ ဖြစ်ပွားချိန်ကာလက ရေးဆွဲသော မြေပုံများ၏ မတိကျမှုကြောင့် အဖိုးတန်ရတနာများစွာပါရှိသည် ဖလော်ဒီလာမာ တိုက်သင်္ဘောနစ်မြုပ်ခဲ့သည့် နေရာအတိအက ကို မသိနိုင်ကြပေ။

သို့ဖြစ်၍ ရေအောက်တွင် နစ်မြုပ်ပျောက်ကွယ် သည့် ဖလော်ဒီလာမာတိုက်သင်္ဘောပေါ်တွင် တင်ဆောင်လာ သော အဖိုးတန်ရတနာများကို ရှာဖွေမတွေ့နိုင်ဘဲ ပျောက်ဆုံး ပေသည်။

## ၅။ ပျောက်ဆုံးသွားသောဖေဘာ၏ရွှေကြက်ဥများ (THE LOST FABERGE EGGS)

ကား(လ) ဂတ်(စ)တာဗိုဗစ် ဖေဘာဟူ၍ ခေါ်တွ သည့် ပီတာကား(လ) ဖေဘာနှင့် သူ၏ညီဖြစ်သူ အဂသ္တန် သည် ရုရှလူမျိုး ရတနာကုန်သည်များ ဖြစ်ကြသည်။

သူတို့သည် စိန့်ပီတာ(စ)ဘတ်တွင် အခြေချ၍ လုပ်င လုပ်ဆောင်ကြသည်။





ရတနာလုပ်ငန်းတွင် လှပသပ်ယပ်၍ လက်ရာမြောက်ပြီး ဆန်းဆန်းကြယ်ကြယ် တီထွင်ဆောင်ရွက်တတ်မှုများကြောင့် ဖေဘာတို့ညီအစ်ကို၏ စွမ်းရည်နှင့်ဂုဏ်သတင်းများသည် အချိန်တိုအတွင်း ထင်ပေါ်ကျော်ကြားလာပေသည်။

၁၈၈၅ တွင် တတိယမြောက် ဆာအလက်ဇင်ဒါးသည် ၎င်း၏မိဖုရား မာရီယာနှစ်သက်သည့် ကြက်ဥပုံသဏ္ဌာန်ကို ရွှေဖြင့်ပြုလုပ်ပေးရန် ဖေဘာတို့ကို တာဝန်ပေးအပ်ခဲ့သည်။

ဖေဘာသည် နန်းစဉ်သုံးသရဖူကို အထူးပြုလုပ်ပေးရန် တာဝန်ပေးခဲ့ဖူးပြီးဖြစ်၍ ရွှေကြက်ဥကိုလည်း လက်ရာမြောက်စွာ ပြုလုပ်စီမံ၍ ဆက်သခဲ့ပေသည်။

၃၃ နှစ်ခန့်ကြာသောအခါ ရုရှားတော်ဝင်မိသားစုအတွက် ရွှေကြက်ဥ(၅၂)လုံး ပြုလုပ်ဆက်သပေးနိုင်ခဲ့သည်။

ထို့ပြင် သီးသန့်မှာကြားဝယ်ယူသူများအား ရွှေကြက်ဥ(၁၅)လုံး ပြုလုပ်ပေးနိုင်ခဲ့သည်။

၁၉၁၇ တွင် ရုရှားတော်လှန်ရေးပြီးဆုံးပြီး ဒုတိယမြောက်ဆာနီကိုလပ်သည် ၁၉၁၈ ဇူလိုင်လတွင် နန်းတော်တွင်းရှိ ဘုရင့်မိသားစု၏ ဘဏ္ဍာတိုက်ကို သိမ်းယူခဲ့သည်။

အသက်ဘေးမှလွတ်မြောက်အောင် ကြိုးပမ်းရသည့်အခြေအနေဖြစ်၍ ပီတာကား(လ)ဖေဘာသည် ရုရှားနိုင်ငံကိုစွန့်ခွာခဲ့ပြီး ရှေးဦးစွာ လက်(တ)ဗီးယား၊ ထိုမှတစ်ဆင့် ဂျာမနီ၊ နောက်ဆုံးတွင် ဆွစ်ဇာလန်အထိ ခရီးဆက်ခဲ့သည်။

ဖေဘာသည် ၁၉၂၀ ပြည့်နှစ်တွင် လူဆိနီ၌ ကွယ်လွန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

တော်ဝင်မိသားစုအတွက် ဖေဘာဆက်သခဲ့သော ရွှေကြက်ဥများနှင့် အခြားရတနာများသည် အသစ်တက်လာသည့် ဘုရင်က ဘုရင့်ဘဏ္ဍာအဖြစ် သိမ်းယူပြီး ကရင်မလင်ဘဏ္ဍာတော်တိုက်တွင် လုံခြုံစွာ သိမ်းဆည်းထားလေသည်။

ထီးသစ်နန်းသစ်အတွက် လိုအပ်သည့်ဘဏ္ဍာငွေရရှိစေရန် ဘုရင့်ဘဏ္ဍာအဖြစ် သိမ်းပိုက်လိုက်သော ရတနာများမှ အချို့ကို ရောင်းချခဲ့သည်။

မူလရှိခဲ့သော တော်ဝင်ရတနာများဖြစ်သည့် ရွှေကြက်ဥ (၅၂)လုံးအနက် (၈)လုံးသည် ပျောက်ဆုံးသွားခဲ့သည်။

ပျောက်ဆုံးသွားသော ရတနာရွှေကြက်ဥရှစ်လုံး ပျောက်ဆုံးသည့် ခုနှစ်များကို ဖော်ပြပါမည်။

၁။ ၁၈၈၆ တွင် ရွှေကြက်ဥ ၁ လုံး

၂။ ၁၈၈၈ တွင် ရွှေကြက်ဥ ၁ လုံး

၃။ ၁၈၈၉ တွင် ရွှေကြက်ဥ ၁ လုံး

၄။ ၁၈၉၆ တွင် ရွှေကြက်ဥ ၁ လုံး

၅။ ၁၈၉၇ တွင် ရွှေကြက်ဥ ၁ လုံး

၆။ ၁၉၀၂ တွင် ရွှေကြက်ဥ ၁ လုံး

၇။ ၁၉၀၃ တွင် ရွှေကြက်ဥ ၁ လုံး

၈။ ၁၉၀၉ တွင် ရွှေကြက်ဥ ၁ လုံး

အဆိုပါ ပျောက်ဆုံးသွားသော ရွှေကြက်ဥများသည် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို အတိအကျ မဖော်ထုတ်





နိုင်ခဲ့သည်မှာ ယနေ့အထိဖြစ်ပေသည်။

## ၄။ စန်မိုက်ဂယ်နှင့်ရတနာသင်္ဘောများ(၁၇၁၅) (SAN MIGUEL & THE 1715 TREASURE FLEET)

အေဒီ ၁၇၀၂ တွင် စပိန်နိုင်ငံကိုအုပ်ချုပ်သည်မှာ ပဉ္စမ မြောက်ဖိလစ်ဘုရင်ဖြစ်သည်။

ထီးနန်းလုစစ်ပွဲများကိုဆင်နွှဲခဲ့ရသည်အတွက် စပိန်နိုင်ငံသည် ဘဏ္ဍာငွေများ လိုအပ်နေချိန်ဖြစ်သည်။

ထိုပြဿနာကိုဖြေရှင်းရန် စပိန်နိုင်ငံပိုင်ရတနာများ တင်ဆောင်သည့် သင်္ဘောအုပ်စုကြီးကို ဖွဲ့စည်းခဲ့သည်။

၁၇၁၅တွင် အဆိုပါသင်္ဘောအုပ်စုကြီးတွင် နယူးဗာအက်(စ)ပါနာ (မက္ကဆီကို)မှ သင်္ဘော(၅)စင်းနှင့် တီရာဖမ်း (အမေရိကနယ်မြေ)မှ သင်္ဘော(၆)စင်းတို့ ပါဝင်ကြသည်။

သင်္ဘောအုပ်စုထဲမှ ဗီရာကရူ၊ ကာတဂျီနာ၊ နမ်ဘရီဒီနိုင်အို(စ)နှင့် ပေါ်တိုဘယ်လို စသောသင်္ဘောကြီးများပေါ်တွင် ငွေပန်းကန်ပြားများ၊ ရွှေများ၊ ပုလဲများ၊ မြရတနာအပါအဝင် အခြားအဖိုးတန် ရတနာများစွာကို တင်ဆောင်ထားခဲ့သည်။

ထိုရတနာများရောင်းချရန် ထွက်ခွာမည့်ရေကြောင်းခရီးစဉ်တွင် ပြင်သစ်လူမျိုး ကုန်သည်ကြီး၏ ဂရစ်ဖွန်အမည်ရှိ သင်္ဘောတစ်စင်းလည်းပါဝင်လျက် ခြံရံလိုက်ပါခဲ့သည်။

ထိုခေတ် ထိုအခါက ပင်လယ်ဓားပြများနှင့် အခြားလု



www.burmeseclassic.com

www.burmeseclassic.com

ယက်တိုက်ခိုက်သည့် လူဆိုးများသည် ကုန်တင်သင်္ဘောကြီးများ ကို လုယက်ယူငင်တတ်ကြသည်ဖြစ်၍ ထိုအန္တရာယ်ကိုရှောင်ရန် ဂရုပြုရသည်။

သို့ဖြစ်၍ ရတနာပစ္စည်းများနှင့် ကုန်များအပြည့် တင် ဆောင်ထားသော သင်္ဘောအုပ်စုကြီးသည် ဟာရီကိန်းမုန်တိုင်းမ လာမီအချိန်မှာပင် ဟာဗားနားမှ ထွက်ခွာခဲ့ကြသည်။

ပင်လယ်ဓားပြများ၏ အန္တရာယ်ကိုရှောင်ရန် အချိန် တွက်ဆ၍ ထွက်ခွာခဲ့ကြသော သင်္ဘောအုပ်စုကြီးသည် ကံဆိုး လှစွာ မုန်တိုင်းနှင့် တည့်တည့်တိုးရလေသည်။

ကျူးဘားမှထွက်ခွာလာခဲ့ပြီး (၇)ရက်မြောက်သောနေ့မှာ ပင် ဟာရီကိန်းမုန်တိုင်းကြီးသည် ထိုသင်္ဘောအုပ်စုကြီးကို ဖျက် ဆီးပစ်လိုက်သည်။

သင်္ဘောများတွင် ပါရှိသော သင်္ဘောသားထောင်ပေါင်း များစွာ ရေနစ်သေဆုံးခဲ့သည်။

သင်္ဘောများနစ်မြုပ်ပြီး (၄)နှစ်ခန့်ကြာသောအခါ စပိန် နိုင်ငံသားတို့သည် နစ်မြုပ်ခဲ့သည့် သင်္ဘောများပေါ်မှ ရတနာ ပစ္စည်းများ ရနိုင်သမျှကို အမိအရ ဆယ်ယူခဲ့ကြသည်။

ပင်လယ်ဓားပြများ ဟန့်တားနှောင့်ယှက်သည့်ကြားမှ စပိန်နိုင်ငံသားများ ကြိုးစားဆယ်ယူရာ ပါသွားသည့် ရတနာ ပစ္စည်း များ၏ တစ်ဝက်ခန့်ကို ဆယ်ယူရရှိခဲ့သည်။

အဆိုပါရတနာသင်္ဘောများ နစ်မြုပ်ခဲ့သည့်ကမ်းခြေ တစ်ဝိုက်တွင် တစ်ခါတစ်ရံ ရတနာအချို့ကို တွေ့ရတတ်ေ





သည်။

ရေအောက် ရတနာရှာဖွေသူတစ်ဦးဖြစ်သော ကစ်(ပ) ဝက်(ဂ)နာ၏ အပြင်းအထန်ကြိုးပမ်းမှုကြောင့် နစ်မြုပ်ပျောက် ကွယ်နေသော ရတနာသင်္ဘော(၇)စင်း၏ တည်နေရာကို ဖော် ထုတ်နိုင်ခဲ့သည်။

သို့သော် ကစ်(ပ)ဝက်(ဂ)နာသည် ထိုသင်္ဘောများမှ ရ တနာ အနည်းငယ်မျှကိုသာ ရှာဖွေတွေ့ရှိခဲ့သည်။

နာအိုသင်္ဘောတစ်စင်းဖြစ်သော စန်မိုက်ဂယ်သင်္ဘော သည် ယခုထိ ရှာမတွေ့သေးပေ။ စပိန်နိုင်ငံသားတို့က ထိုသင်္ဘော သည် မုန်တိုင်းမမိမီ တစ်ရက်ကပင် သင်္ဘောအုပ်စုနှင့် ကွဲသွား ခြင်းဖြစ်နိုင်သည်ဟု ယူဆခဲ့ကြသည်။

ကာရက်များသည် ဂေါ်လီယန်တို့ထက်ပို၍ ပေါ့ပါးသ ဖြင့် ပင်လယ်ဓားပြ၏ရန်မှလွတ်အောင် မောင်းပြေးရန်နှင့် မုန် တိုင်းဒဏ်ကိုကာကွယ်ရန် ပို၍ သင့်လျော်သည်။

သို့ဖြစ်၍ ကာရက်သင်္ဘောများကို ရတနာများတင် ဆောင်သယ်ယူရာတွင် အသုံးများကြသည်။

ယခုတိုင် ရှာမတွေ့နိုင်သေးသော စန်မိုက်ဂယ်သင်္ဘော သည် ပျောက်ဆုံးနေသည့် ရတနာသင်္ဘောများအနက် အဖိုး တန်ရတနာ အများဆုံးပါဝင် တင်ဆောင်ထားသော သင်္ဘော တစ်စီး ဖြစ်လေသည်။

စပိန်လူမျိုးတို့သည် ထိုရတနာများပြန်လည်ရရှိရန်ကြိုး ပမ်းမှုကို ပြုကြမြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄၊ ပယင်းအခန်း
## (THE AMBER ROOM)

အဖိုးတန်ရတနာအစစ်များကို သိမ်းဆည်းထားသည်မှာ ပယင်းအစစ်ကို ရွှေများ၊ မှန်ချပ်များဖြင့် ပေါင်းစပ်ပြုလုပ်ထားသောအခန်းဖြစ်သည်။

သာမန်အရွယ်ထက် ပို၍ ကြီးမားသော မှန်ကူကွက်ပုံသဏ္ဌာန်ဖော်ထားသည့်ပယင်းများကို ရွှေဖြင့်ကွပ်၍ အခန်းဖွဲ့ထားပေရာ ခိုင်ခန့်၍ အဖိုးတန်ပေသည်။

သက္ကရာဇ် ၁၇၀၁ မှ ၁၇၀၉ ခုနှစ်အတွင်း ဒိန်းမတ်နန်းတော်၏ နန်းစဉ်တော်ဝင်ရတနာများကို အထူးကျွမ်းကျင်စွာပြုလုပ်ဆက်သခဲ့သည့် ဂေါ့(ထ)ဖရိုင် ဝုဖရမ်က တည်ဆောက်ပေးခဲ့သည်။

အဆောက်အဦပုံစံ ဒီဇိုင်းထုတ်ပေးခဲ့သူမှာ ဂျာမနီနိုင်ငံ၊ ဟမ်ဘာ့(ဂ)မှ ဗိသုကာပညာရှင် အင်ဒရီယာ(စ)ဆလူတာ ဖြစ်သည်။

ပယင်းခန်း တည်ဆောက်ထားရှိသည့်နေရာမှာ ပရပ်ရှားနိုင်ငံရှိ ချာလိုတင်ဘာ့(ဂ)နန်းတော်တွင်းတွင် ဖြစ်သည်။

သက္ကရာဇ် ၁၇၁၆ တွင် ပရပ်ရှားဘုရင် ပထမမြောက်ဖရိုင်ဒရစ်ဝီ(လ)ဟမ်မြဲ)သည် ၎င်းပယင်းခန်းကို ရုရှားအင်ပါယာ၏ဘုရင်၊ ကြီးမြတ်လှသောဆာပီတာထံ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။





ထိုစဉ်က ဆွီဒင်ကို ဆန့်ကျင်ရန်ပြုနေချိန်ဖြစ်၍ ပရပ်ရှားသည် ရုရှားနှင့် နှစ်နိုင်ငံချစ်ကြည်ရေးပြုလုပ်ထားခြင်း ဖြစ်သည်။

ရတနာများထည့်၍ သိမ်းဆည်းသည့် ပယင်းခန်းသည် လက်ဆောင်အဖြစ်ရယူစဉ်က ပထမဦးစွာ စိန့်ပီတာ(စ)ဘာ့(ဂ) မြို့တော်ရှိ မူလ ဆောင်းရာသီစံနန်းတော်သို့ သယ်ဆောင်ခဲ့သည်။

ထို့နောက် စိန့်ပီတာ(စ)ဘာ့(ဂ)မြို့တော်အနီးရှိ ကက်သရင်းနန်းတော်သို့ ထပ်မံပြောင်းရွှေ့ခဲ့သည်။

ချစ်ကြည်ရေးလက်ဆောင်အဖြစ် လက်ခံရရှိသည့်ပယင်း ခန်းကို ဂျာမနီနှင့် ရုရှားလူမျိုး လက်မှုပညာရှင်များပူးပေါင်း၍ မွမ်းမံချဲ့ထွင်ပြင်ဆင်ခဲ့ကြသည်။

သို့ဖြစ်၍ အဆိုပါပယင်းခန်းသည် ၁၇ မီတာရှည်ပြီး အသစ်မွမ်းမံပြင်ဆင်ပြီးသည်အထိ ပယင်း ၅၄၄၀ ကီလိုဂရမ်အသုံးပြုခဲ့ပေသည်။

သို့ဖြစ်၍ အဆိုပါပယင်းခန်းသည် လက်ရာမြောက်ကာ ခေသပ်လှပအချိုးကျ၍ ကြည့်ရှုမဝနိုင်အောင်ဆွဲဆောင်မှုရှိပြီး ဘန်ဖိုးလည်း ကြီးမားလှသည်။

ထိုခေတ် ထိုအခါက အဆိုပါပယင်းခန်းသည် နန်းတော်၏ အဓိကဂုဏ်ယူ၍ပြသသည့် အခန်းဖြစ်ပြီး ထီးဟန်၊ နန်းဟန် မဟာဆန်ပြီး ခမ်းနားထည်ဝါမှုရှိသည်ဟု ဂုဏ်သတင်းကျော်ကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၁ တွင် ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့ကြသော ဂျာမန်စစ်သားများက ထိုပယင်းခန်းကို ရှာဖွေတွေ့ရှိသွားကြသည်။

ဂျာမန်စစ်သားများသည် ထိုအခန်းကို တစ်စစီဖြုတ်၍ ကုန်သေတ္တာကြီး ၂၇ လုံးတွင်ထည့်ကာ ဘော(လ)တစ်ကမ်းရိုးတန်းအနီးရှိ ကိုနစ်(စ)ဘတ်သို့ သင်္ဘောဖြင့် သယ်ယူပို့ဆောင်ခဲ့ကြသည်။

ထိုပယင်းခန်းကိုပြန်လည်တပ်ဆင်၍ ကိုနစ်(စ)ဘတ်တွင် ထားရှိခဲ့သည်။

၁၉၄၃ တွင် ထိုပယင်းခန်းကို ကိုနစ်(စ)ဘတ်ရဲတိုက်တွင် သိမ်းဆည်းထားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် အနူမြူဗုံးဒဏ်ခံရသဖြင့် အဆိုပါ ပယင်းခန်းသည် ပျက်စီးသွားသည်ဟု တရားဝင်ကြေညာခဲ့သည်။

သို့သော် လေ့လာတွေ့ရှိရသော အထောက်အထားများအရ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးချိန်၏ နောက်မိုင်းလများတွင် အဆိုပါပစ္စည်းများကိုတင်၍ ရေကြောင်းခရီးထွက်ခဲ့သည်မှာ အမှန်တကယ် ဖြစ်နိုင်ချေရှိပေသည်။

ပယင်းခန်းနှင့် အခြားအဖိုးတန်ရတနာများစွာ တင်ဆောင်ထားသည့် အဆိုပါသင်္ဘောကို နာဇီတို့အလိုရှိသော်လည်း ယခုတိုင် ရှာမတွေ့နိုင်အောင်ပျောက်နေသည်မှာ အမှန်ဖြစ်ရပ်ဖြစ်သည်။





ကမ္ဘာပေါ်တွင် တန်ဖိုးမဖြတ်နိုင်သောရတနာများ ပျောက်ခြင်းဟုပင် မှတ်တမ်းတင်ရပေမည်။

## ၂။ ဘာသာရေးအတွက်စောင့်ရှောက်သော စစ်သည်သူရဲကောင်းတို့ စောင့်သည့်ရတနာများ (TREASURE OF THE KNIGHTS TEMPLAR)

အေဒီ ၁၁၁၉ တွင် အရှေ့အလယ်ပိုင်းဒေသများရှိ ဘာသာရေးဆိုင်ရာ မြင့်မြတ်သည့်နေရာများသို့ ခရစ်ယာန်ဘာသာဝင်များ သွားရောက်ကြရာ၌ အန္တရာယ်ကင်းရှင်းစေရန် စောင့်ရှောက်ကြသည့် စစ်သည်သူရဲကောင်းအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့သည်။

ထိုအဖွဲ့အစည်း၏ဌာနချုပ်သည် ဂျေရုဆလင်ရှိ မောင့်(သ)ဘုရားရှိခိုးကျောင်း၏နံဘေးတွင် တည်ရှိသည်။

မြေနေရာနှင့် အဆောက်အဦ၏အလှူရှင်မှာ ဒုတိယ ဗော်လ်ဒွင်ဘုရင်? 

ရာစုနှစ်ပေါင်းများစွာ ကြာလာသောအခါ သဒ္ဓါတရားရှိသူများ၏ လှူဒါန်းမှုများကြောင့် နိုက်(စ)တမ်ပလာခေါ် ထိုအဖွဲ့အစည်းသည် ဥရောပတခွင်၌ အချမ်းသာဆုံးနှင့် စစ်အာဏာအရှိဆုံးအဖွဲ့ ဖြစ်လာလေသည်။

သူတို့သည် ခေတ်ဦးကာလဘဏ်စနစ်ကို တည်ထောင်ဆောင်ရွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ကာလ ငွေချေးယူသူများသည် ဘဏ်စနစ်နှင့် ရင်းနှီးကျွမ်းဝင်မှု မရှိကြသေးပေ။

နှစ်ပေါင်း ၂၀ နီးပါးကျော်လာသောအခါ ငွေကြေးချမ်းသာကြွယ်ဝသော ထိုသူများသည် စုဆောင်းမိသော ငွေကြေးများကို မြေယာများ၊ ရဲတိုက်များ၊ ရွှေများ၊ ငွေမျး၊ ကျောက်မျက်ရတနာများနှင့် အဖိုးတန်ပစ္စည်းမျာ ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံခဲ့ကြသည်။

အေဒီ ၁၂၉၁ သို့ရောက်သောအခါ နိုက်(စ)တမ်ပလာ အဖွဲ့အစည်း၏ စစ်ရေးစစ်ရာဆိုင်ရာ တန်ခိုးအာဏာများလျော့ ကျလာခဲ့သည်။

၎င်းတို့ မူလတန်ခိုးသြဇာ သက်ရောက်ရာဒေသဖြစ် သော အရှေ့အလယ်ပိုင်းဒေသတွင် တန်ခိုးသြဇာသက်ရောက်မှု မှေးမှိန်လာသည်။

ပြင်သစ်ဘုရင် ဆဋ္ဌမမြောက်ဖိလစ်ကဲ့သို့ ကြွေးဆပ်ရန် ရှိသူများ၏လှုံ့ဆော်မှုများကြောင့် ထိုအဖွဲ့အစည်း၏ ကျော်စေ ထင်ရှားမှုဂုဏ်သတင်းသည် တဖြည်းဖြည်း ကျဆင်းလာလေ သည်။

၁၃၀၇ခုနှစ် အောက်တိုဘာလ ၁၃ ရက်(သောကြာနေ့) တွင် ဆဋ္ဌမမြောက်ဖိလစ်သည် ပုပ်ရဟန်းမင်းကြီး၏ ခွင့်ပြုချက် ဖြင့် ပြင်သစ်အခြေစိုက်ဒေသရှိ ထိုအဖွဲ့အစည်းမှ အဓိကခေါင်း ဆောင်များကို ဖမ်းဆီးခဲ့သည်။

ဆဋ္ဌမမြောက်ဖိလစ်သည် ဖမ်းဆီးထားသူများအား နှေ ရိုးအစဉ်အလာအယူနှင့် ကွဲလွဲသောအယူကို ယုံကြည်သက်ဝင်





ခြင်းနှင့် မိစ္ဆာဒိဋ္ဌိယုံကြည်ကိုးကွယ်မှုပြုကြကြောင်းကို ဝန်ခံမှုပြုစေ သည်။

ဖိလစ်ဘုရင်သည် ထိုအဖွဲ့ပိုင်မြေများကို အတင်းအကျပ်သိမ်းယူခဲ့သည်။ ရတနာပစ္စည်းများကိုပါ ရှာဖွေသိမ်းဆည်း ယူခဲ့သည်။

သို့သော် ဖိလစ်ဘုရင်ရရှိသော ရတနာများမှာ သူမျှော် လင့်ထားသလောက်မဟုတ်ပေ။ ထင်သည်ထက် ရတနာများ လျော့နည်းနေပေသည်။

ဖိလစ်ဘုရင်၏ ဖမ်းဆီးခြင်းမှ လွတ်မြောက်သွားသော အစောင့်အရှောက်စစ်သည်များသည် ဥရောပဒေသမှ အလျင် အမြန်ထွက်ခွာကာ ရွှေ့ပြောင်းသယ်ယူနိုင်သော သူတို့၏ရတနာ ပစ္စည်းများကို လုံခြုံစွာ ဖျောက်ဖျက်ပစ်ခဲ့ကြသည်။

ထိုဖြစ်ရပ်များဖြစ်ပွားပြီး တစ်လခန့်ကြာသောအခါ ဒုတိယမြောက် ပုပ်ရဟန်းမင်းကြီး ကလီမင့်သည် 'ပက်တိုရလစ် ပရေမိနင်တီ' (Pastoralis Praeeminentiae)ကို ထုတ်ပြန်ခဲ့သည်။

၎င်းထုတ်ပြန်ကြေညာချက်တွင် နိုင်ငံတော်ကို အုပ်ချုပ်သူများအနေဖြင့် အစောင့်အရှောက်စစ်သည်များအားလုံးကို ဖမ်းဆီး၍ ဘာသာရေးဆိုင်ရာလုပ်ငန်းများနှင့် ပိုင်ဆိုင်သည့် ပစ္စည်းများကို ဟော့(စ)ပီတောလား နိုက်(စ)များ(Knights Hospitaller)သို့ လွှဲအပ်ရန် ပါရှိသည်။

အဆိုပါ လမ်းညွှန်ချက်အချို့အဝက်ကို ဆောင်ရွက်နိုင်ခဲ့ သော်လည်း အလွန်နောက်ကျသွားခဲ့ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုက်(စ)တမ်ပလာအဖွဲ့ပိုင် ရတနာများစွာသည် သိမ်းယူရန် မကျန်တော့လောက်အောင် ပျောက်ဆုံးသွားပြီဖြစ်ပေရာ မည်သို့မျှ ရှာဖွေ၍မတွေ့တော့ပေ။

ဆန်းကြယ်သော လျှို့ဝှက်ဖြစ်စဉ် တူညီချက်တစ်ခုမှာ ကျန်သောစစ်သည်အားလုံး အဖမ်းမခံရတော့ခြင်း ဖြစ်သည်။

နောက်ဆုံးတွင်မူ ထောင်ပေါင်းများစွာသော စစ်သည်များနှင့် သင်္ဘောအုပ်စုများ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

အတိအကျဖော်ပြရပါမူ ၁၃၀၇ခုနှစ် အောက်တိုဘာလ ၁၂ ရက် ညတွင် တင်းကျပ်သော ရှေ့ပြေးဖိနှိပ်မှုများ မပြုလုပ်မီကာလအတွင်းမှာပင် ပြင်သစ်နိုင်ငံ၊ လာရိုချယ်လီ၌ ကျောက်ချထားသော သင်္ဘော(၁၈)စင်းသည် အမှောင်ထုအောက်မှာ ရွက်လွှင့်ထွက်ခွာသွားခဲ့ကြသည်။

ထိုသင်္ဘောများ၏သတင်းသည် လုံးဝပျောက်ကွယ်သွားခဲ့လေသည်။

ပါဂမီနူဒီချီနွန်သည် ၂၀၀၂ ခုနှစ်တွင် ဗာတီကန် အစိုးရအမှုတွဲများကို တွေ့ရှိသဖြင့် ယခုဖြစ်ရပ်များအတွက် အထောက်အထား ရခဲ့သည်။

အေဒီ ၁၃၀၈ တွင် ဒုတိယမြောက် ပုပ်ရဟန်းမင်းကြီးက လီမင့်သည် ကျန်သော အစောင့်အရှောက်စစ်သည်များ (Templars)ကို ဖမ်းဆီးမှုမပြုတော့ဘဲ ကင်းလွတ်ခွင့်ပေးပေသည်။





ပျောက်ဆုံးသွားသော ရတနာသင်္ဘောများအကြောင်းကိုမူ စုံစမ်း၍မရတော့ပေ။

## ၁။ ဝက်သစ်ချကျွန်းပေါ်ရှိ အဖိုးတန်ရတနာတွင်းကြီး
## (OAK ISLAND MONEY PIT)

ဝက်သစ်ချကျွန်းပေါ်ရှိ အဖိုးတန်ရတနာတွင်းကြီးသည် အဖိုးတန်ရတနာများ မည်မျှရှိသည်ကို ယနေ့အချိန်အထိ အတိအကျ မဖော်ထုတ်နိုင်သေးသည့် စိတ်ဝင်စားဖွယ်နေရာ ဖြစ်သည်။

ဝက်သစ်ချကျွန်းသည် နိုဗာစကိုတီယား ကမ်းရိုးတန်း၏ အရှေ့တောင်ဖက်တွင်တည်ရှိပြီး ၁၄၀ ဧကခန့် ကျယ်ဝန်းသည်။

၎င်းသည် ကျွန်းငယ်များစွာအနက်မှ တစ်ကျွန်းဖြစ်ပြီး ယခုအခါ ကျဉ်းမြောင်းသော ဖို့မြေလမ်းအဖြစ် အဓိက ဗဟိုဒေသကိုဆက်သွယ်ထားသည်။

ယခုဖော်ပြမည့်အဖြစ်အပျက်သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ဖြစ်ရပ်များကို မူလဘူတဖြစ်ရပ်များအတိုင်း ဖော်ပြထားခြင်း ဖြစ်လေသည်။

သက္ကရာဇ် ၁၇၉၅ တွင် ဒါနီယယ်မက်ဂင်းနစ်(၁၆)နှင့် သူ၏သူငယ်ချင်းတစ်ဦးတို့သည် တွင်းကြီးတစ်တွင်းကိုတူးဖော်ပြီး မြေပြန်ဖုံးထားသည့် အနေအထားတစ်ခုကို သတိပြုမိခဲ့ကြသည်။

အဆိုပါတွင်းကြီးထဲတွင် အဖိုးတန်ပစ္စည်းများရှိနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဥသော ယုံကြည်ချက်ဖြင့် သူတို့သည် ထိုတွင်းကြီးကို ၉. ၁ မီတာအနက်အထိ တူးခဲ့ကြသည်။

ထိုတွင်းထဲတွင် ကျောက်ပြားကြီးတစ်ချပ်နှင့် ကျောက်ဆောင်ကို ပေါက်တူးပေါက်ချွန်းများဖြင့် ပေါက်ထားသည့်အနေအထားမျိုးကို တွေ့ခဲ့ရသည်။

လူအချို့ကမူ ထိုတွင်းကြီးကိုတူးသူများသည် (၃)မီတာနက်အောင်တူးပြီးသည့်အခါတိုင်း တွင်းကြီးထဲတွင် သစ်သားတုံးကြမ်းခင်းများကို တွေ့ခဲ့ကြရသည်ဟု ဆိုသည်။

ဒံနီယယ်နှင့် သူ၏သူငယ်ချင်းတို့သည် ထိုတွင်းကြီးထဲတွင် မည်သည့်အဖိုးတန်ရတနာကိုမျှ မတွေ့ခဲ့ရပေ။

သို့သော် ထိုဖြစ်ရပ်ကို လူအများသိသွားကြသောအခါ ပျောက်ဆုံးသွားသည့်ကပ္ပတိန်ကစ်၏ရတနာများ (Captain Kidd's Treasure)ဘလက်ဘ(ဒ)၏ရတနာများ (Blackbeard's Treasure)နှင့် ဆက်စပ်ချိတ်ဆက်၍ တွေးတောခဲ့ကြသည်။

နောက်ရာစုနှစ်များတွင် အဆိုပါတွင်းကြီးကို လူပေါင်းများစွာတို့က အကြိမ်ကြိမ်တူးဖော်ခဲ့ကြသည်။

ထိုတွင်းကြီးကို စိတ်ဝင်စားစွာ စူးစမ်းရှာဖွေလိုသူများတွင် အမေရိကန်သမ္မတဖရန်ကလင်ဒီ၊ ရူ(စ)ဗဲ့လည်း ပါဝင်ခဲ့သည်။

အဆိုပါတွင်းကြီးကို နက်ရှိုင်းစွာ တူးဖော်ရသည်မှာ လွယ်သည့်အလုပ် မဟုတ်ပေ။

ရတနာတွင်းကြီးဟု နာမည်ကျော်သော ထိုတွင်းကြီး





သည် "လောဘသားများအတွက် မာယာထောင်ချောက်ကြီး" ဟူ၍လည်း ခေါ်တွင်လာကြသည်။

ရေကြီးသည်ကာလများတွင် ထိုရတနာတွင်းကြီးသည် ရေလွှမ်းမိုးခြင်း ခံရလေသည်။

တွင်းတူးသူတို့အား စိတ်မချင့်မရဲဖြစ်အောင် စွမ်းဆောင်နိုင်သည့် သဲလွန်စတစ်ခုကို တွင်းနက်ပိုင်းရှိ ကျောက်ပြားပေါ်တွင် ရေးထွင်းထားသည်။

အများသိသာလွယ်အောင် ဖော်ပြရပါမူ အောက်ပါအတိုင်းဖြစ်ပေသည်။

"ဤတွင်း၏အောက်ဖက် ပေ ၄၀ အနက်တွင် ပေါင် ၂ သန်းကို မြှုပ်နှံထားသည်"

ထိုတွင်းကြီးကို အောက်ခြေထိ အနက်ဆုံးတွင်းတူးနိုင်သည်မှာ (၇၂)မီတာအထိ ဖြစ်သည်။

မြေအောက်ရတနာရှာသူများသည် ထိုတွင်းကြီးကို တူးဖော်ကြသည့် နှစ်ကာလများအတွင်းတွင် တွင်းတူးသူ အနည်းဆုံး(၆)ဦးခန့် သေဆုံးခဲ့ကြသည်။

သို့သော် သူတို့မျှော်မှန်းထားသော အဖိုးတန်ရတနာများကိုမူ မတွေ့ခဲ့ကြပေ။

လူအများ၏ ခန့်မှန်းပြောဆိုချက်များအရ ဝက်သစ်ချကျွန်းပေါ်ရှိ အဖိုးတန်ရတနာတွင်းကြီးထဲတွင် မြှုပ်နှံထားသော အဖိုးတန်ရတနာများကို ဖော်ပြပါမည်။

❖ ကပ္ပတိန်ကစ်၏ရတနာများ။



www.burmeseclassic.com

www.burmeseclassic.com



- ❖ ဘလက်ဘာ့(ဒ)၏ရတနာများ။
- ❖ လူဝစ်ဘော့(ဂ)၏ရတနာများထည့်သော အာမခံသေတ္တာ။
- ❖ မာရီအင်တွိုင်းနက်၏ ပျောက်ဆုံးသွားသောရတနာများ။ သင်္ဘောပျက်မှရရှိလာသော စပိန်ငွေများ။
- ❖ နိုက်(စ)တမ်ပလာ(Knights Templar)တို့၏ရတနာများ။
- ❖ ဖရီမေဆန်(စ)၏ရတနာများ။
- ❖ ဝေါ်ရပ်(စ)အိုင်ဗရီအတွက် သိုလှောင်ထားသော ရတနာများ။
- ❖ ဆာဖရန်စစ်ဘေကွန်၏ အထောက်အထားများ။

လူအများက ခန့်မှန်းခြေဖြင့် ပြောဆိုဖော်ပြကြသော်လည်း ဝက်သက်ချက္ကျွန်းပေါ်ရှိ အဖိုးတန်ရတနာတွင်းကြီးထဲမှ ရတနာပစ္စည်းများရအောင် မည်သူမျှ မတူးဖော်နိုင်ခဲ့ပေ။

ဤတွင် ကမ္ဘာပေါ်၌ ပျောက်ဆုံးနေသောရတနာများစွာအနက်မှ(၁၀)မျိုးကို အင်တာနက်မှ ကောက်နုတ်ဖော်ပြထားပါသည်။

အထက်ပါအကြောင်းအရာတို့မှာ ကမ္ဘာပေါ်တွင် ပျောက်ကွယ်နေသော ကမ္ဘာ့ဘဏ္ဍာတိုက်ကြီးများဟု တင်စားခေါ်ဝေါ်ကြသည့် ရတနာသိုက်များထဲမှာ အချို့ပင်ဖြစ်ပေသည်။



# အခန်း [ ၁၀ ]

## အသည်းကောင်းသပြင့် ပွဲဟောင်းရှာသူများ

တစ်နေ့သ၌ ဘိုးထင်အရက်ရောင်းသော တဲအတွင်းသို့ မျက်နှာစိမ်းဧည့်သည်နှစ်ယောက် ဝင်လာကြလေသည်။

တစ်ယောက်က အသက်ကြီးကြီး၊ တစ်ယောက်က လူလတ်ပိုင်းအရွယ်သာ ရှိသေးသည်။

နှစ်ယောက်စလုံး ရှမ်းဘောင်းဘီ၊ ရှမ်းအကျီအဟောင်းများကို ဝတ်ဆင်ထားပြီး ခမောက်အဟောင်းများကိုဆောင်းထားကြလေသည်။

၎င်းတို့နှစ်ဦးမှာ ရပ်ဝေးမှလာသော ဧည့်သည်များဖြစ်ဟန်ရှိပြီး အဘိုးကြီးထံမှ လွယ်အိတ်တစ်လုံးနှင့် လေးထောင်ခန့်



www.burmeseclassic.com

www.burmeseclassic.com

ရှည်သော တောင်ဝှေးပါးတစ်ချောင်း ပါလာသည်။

ရင်းတို့ရောက်လာသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

ထို့ကြောင့် ဆိုင်ထဲမှာ အရက်သောက်သူများ ပြည့်နေလေသည်။

ကျူဖျာတစ်ချပ်သာခြားသော နောက်ဘက်ခန်းထဲမှာလည်း ဖဲချနေကြသူများ ရှိသည်။

ရင်းတို့မှာ ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်ဆိုသလို အချင်းချင်းတွေ့ကြခိုက်တွင် ဟုတ်တာမရော မဟုတ်တာပါ ပြောဆိုနေကြရာ လက်ပံပင် ဆက်ရက်အုပ်ကျသကဲ့သို့ ဆူညံနေကြလေသည်။

တဲအတွင်းမှာတော့ မဂျမ်းစိန်က အသား၊ ငါးများကို ကြော်လှော်ချက်ပြုတ်လျှက်ရှိရာ ညှော်နံ့များက လှိုင်နေတော့သည်။

အရက်သောက်သူ၊ ဖဲချသူများကတော့ ကိုယ့်ဇောနှင့်ကိုယ် ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်မို့ ညှော်နံ့များကို ဂရုမစိုက် စကားပြောသံများ ဆူညံနေသည်ကိုလည်း သတိမပြုကြဘဲ ပြောမြဲပြော၊ သောက်မြဲသောက် နေကြသော်လည်း ဆိုင်အတွင်းသို့ မျက်နှာစိမ်းဧည့်သည်နှစ်ယောက် ဝင်လာသည်ကိုမြင်သောအခါ တဖြည်းဖြည်းနှင့် အသံများလျော့ကျသွားရာ နောက်ဆုံးမှာတော့ တဲအတွင်းမှာ လူတစ်ယောက်မှ မရှိတော့သည့်အလား တိတ်ဆိတ်ငြိမ်သက် သွားလေတော့သည်။





ထိုသို့ငြိမ်သက်သွားတော့မှ မဂျမ်းစိန်ကြော်လှော်နေသောဆီဒယ်အိုးမှ တရှဲရှဲမြည်သံများက ကျယ်လောင်စွာ ပေါ်ထွက်နေတော့သည်။

ဝင်လာသူနှစ်ယောက်ကတော့ ဆိုင်ထဲမှာရှိနေသူများကို ဂရုမစိုက် ဆိုင်ထောင့်နေရာမှာ သီးသန့်ချထားသော စားပွဲခုံ၌ သွားရောက်ထိုင်နေလေသည်။

ဆိုင်အတွင်း၌ အခြားနေရာများမှာ ထိုင်စရာမရှိတော့လောက်အောင် ပြည့်နေသော်လည်း ထိုခုံမှာဝင်ရောက်ထိုင်သူမရှိဘဲ လွတ်နေခြင်းမှာ အကြောင်းရှိသည်။ အခြားတော့မဟုတ်ပေ။

လူမိုက်မြဒင်တို့ရောက်လာလျှင် အဆင်သင့်ထိုင်ရန်အတွက် သီးသန့်ချထားခြင်း ဖြစ်သည်။

ထို့ကြောင့် အခြားသူများက ဝင်မထိုင်ဝံ့ကြခြင်းဖြစ်သည်။ နောက်မှရောက်လာသော လူနှစ်ယောက်ကတော့ ထိုအကြောင်းများကို သိဟန်မတူဘဲ လွတ်နေသောထိုင်ခုံမှာ ဝင်ထိုင်ကြလေသည်။

ထိုအချိန်မှာ စားပွဲထိုးလုပ်နေသောတင်မေက အနားရောက်လာပြီးပြောသည်။

"ဒီခုံမှာထိုင်လို့မရဘူး. . . လူရှိတယ်"

"ဒါဖြင့် ဘယ်နေရာထိုင်ရမလဲ"

"ခုံတော့မရှိတော့ဘူး. . . ဖျာပေါ်မှာထိုင်သောက်ရပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဖျာပေါ်မှာတော့ မထိုင်နိုင်ဘူး၊ ငါတို့က အရင်ရောက်တာပဲ. . . နောက်ရောက်လာတဲ့သူကို ဖျာပေါ်မှာနေရာပေးလိုက်. . . ငါတို့အတွက် အရက်တစ်ပုလင်းနဲ့ ကြက်ကြော်တစ်ပွဲယူလာခဲ့"

ဟုပြောရာ တင်မေလည်း ဘာမှမပြောတော့ဘဲ ပြန်ထွက်သွားလေသည်။

ထို့နောက် ဆိုင်ထောင့်တစ်နေရာမှာ ထိုင်နေသောဖခင်ဖြစ်သူ ဘိုးထင်အား အကျိုးအကြောင်း ပြောပြလိုက်သည်။

"နေပေလေ့စေ. . . သူတို့က ရပ်ဝေးကလာတဲ့ဧည့်သည်တွေဖြစ်မယ်ထင်တယ်. . . ဒီနေရာအကြောင်းကိုမသိသေးလို့ ဒီစကားမျိုးပြောတာပါ. . . မကြာခင် သူတို့ ဘယ်နေရာထိုင်ရမယ်ဆိုတာ သိသွားလိမ့်မယ်. . . သူတို့မှာတဲ့အရက်နဲ့အမြည်းပန်းကန်ကို သွားချပေးလိုက်. . . ."

ဟုပြောသဖြင့် တင်မေလည်း နောက်ထပ်ထွေထွေထူးထူး ဘာမှမပြောတော့ဘဲ အရက်နှင့်အမြည်းပန်းကန်ယူပြီး လူစိမ်းနှစ်ယောက် ထိုင်နေသောစားပွဲသို့ သွားချပေးလိုက်သည်။

အရက်ဆိုင်ထဲမှာတော့ စောစောကလောက် ဆူဆူညံညံအသံများ မထွက်တော့ပေ။

အဘယ်ကြောင့်ဆိုသော်. . . .

မကြာခင် မြဒင်တို့အဖွဲ့ ရောက်ပြီး ပွဲကြီးပွဲကောင်းတစ်ပွဲကြည့်ရတော့မည်ကိုသိသဖြင့် ရင်တမမနှင့်ရှိနေကြသောကြောင့်ဖြစ်သည်။





ထိုလူနှစ်ယောက်ကတော့ အရက်ကို အနည်းငယ်စီသာသောက်ပြီး ကြက်ကြော်များကိုဝါးရင်းနှင့်စကားပြောနေကြလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့်ညနေပိုင်းသို့ ရောက်လာချေပြီ။

ထိုအချိန်ရောက်တော့မှ ဆိုင်ထဲသို့ လူလေးယောက်ဝင်လာကြသည်။

မြဒင်နှင့် တပည့်လူမိုက်သုံးယောက်တို့ ဖြစ်သည်။

၎င်းတို့ခါးတွင် ဓားမြှောင်များ အသီးသီးထိုးထားကြလေသည်။

မြဒင်က ဆိုင်ထဲရောက်သောအခါ ၎င်းတို့ထိုင်နေကျစားပွဲတွင် လူနှစ်ယောက်ထိုင်နေသည်ကို လှမ်းမြင်သောအခါ ဒေါသတကြီးဖြင့်လျှောက်လာပြီး စားပွဲနားမှာ ခါးထောက်လျှက်ရပ်လိုက်သည်။

"မင်းတို့ဘယ်ကလဲ. . . ဒီနေရာမှာ မထိုင်ရဘူးဆိုတာမသိဘူးလား"

"အရက်ဆိုင်ထဲမှာထိုင်တာပဲ. . . ကုလားထိုင်လုစရာမလိုပါဘူး"

"ဘာကွ. . . ဘာစကားပြောတာလဲ. . . မင်း ငါ့အကြောင်းမသိသေးလို့ဖြစ်မယ်. . . ငါက လူမိုက်မြဒင်ပဲ"

"လူမိုက်ဆိုပြီး ချီးပါတာမှမဟုတ်တာ. . . ဘယ်ဆိုပါ့မလဲ"


www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မသိရင်တော့ သိအောင် ပြရမှာပေါ့ကွာ"

ဟု ပြောပြောဆိုဆိုနှင့် ထိုင်နေသူကို ခြေထောက်ဖြင့် ဆောင့်ကန်ချလိုက်သည်။

"ဒုန်း. . . ."

လူကိုမထိဘဲ စားပွဲပေါ် ခြေထောက်ရောက်သွားသဖြင့် အသံထွက်လာခြင်း ဖြစ်သည်။

စားပွဲမှာထိုင်နေသူက သတိဖြင့်နေရာ ခြေထောက်ဖြင့် ကန်သည်နှင့် ကိုယ်ကို ဘေးသို့ အနည်းငယ်တိမ်းပေးလိုက်ရာလွဲသွားပြီး မြဒင်ခြေထောက်တစ်ဖက်က စားပွဲပေါ် ရောက်သွားခြင်း ဖြစ်သည်။

ထိုအခါ လူရွှယ်က စားပွဲပေါ်မှ အရက်ပုလင်းကို ဖျပ်ခနဲကောက်ယူ၍ မြဒင်၏ညှိသကျည်းကို ရိုက်ချလိုက်လေတော့သည်။

"ခွမ်း. . . ."

"အား. . . ."

မမျှော်လင့်ဘဲခံလိုက်ရသဖြင့် မြဒင်မှာ မချိမဆန့် နာကျင်သွားကာ ခြေထောက်ပြန်ရုတ်သွားလေသည်။

လူရွှယ်က လက်ထဲမှာ တစ်ပိုင်းကျန်နေသောပုလင်းကွဲကိုကိုင်ပြီး နေရာမှထလာသည်။

"လက်နက်အားကိုး. . . အုပ်စုအားကိုးပြီး မိုက်တာလူမိုက်မဟုတ်ဘူးကွ နားလည်လား၊ မင်း တကယ်လူမိုက်ဆိုရင်





ငါနဲ့တစ်ယောက်ချင်း ယှဉ်မလား"

ဟု စိမ်ခေါ်လိုက်သည်။

"အို. . . ဒီလိုစိမ်ခေါ်လို့ကတော့ ငါက တိမ်ပေါ်အထိလိုက်ဝံ့တယ်. . . ဘယ်လိုယှဉ်ချင်သလဲ ပြော"

"မင်းကြိုက်သလိုသာ ယှဉ်. . . ငါ့ဘက်ကတော့ အဆင်သင့်ပဲ"

"ကောင်းပြီ. . . ဆိုင်ထဲမှာမကောင်းဘူး၊ အပြင်ဘက်ထွက်ယှဉ်မယ်"

ဟု ပြောပြီး ထွက်သွားသဖြင့် လူရွှယ်ကလည်း နောက်မှ ထလိုက်သွားလေသည်။

အပြင်ဘက်ရောက်တော့ မြဒင်က ကိုယ်ပေါ်မှအင်္ကျီကို ဒေါန်းကနဲဆွဲချွတ်လိုက်ရာ ကိုယ်ပေါ်မှာထိုးထားသော အင်းကွက်နှင့်အရုပ်များ ပေါ်လာသည်။

မြဒင်က အသားမည်းမည်းနှင့် ကိုယ်ခန္ဓာကြံ့ခိုင်သူဖြစ်သည့်အပြင် လူရွှယ်ထက် အရပ်အနည်းငယ် ပိုမြင့်လေသည်။

အပြင်ရောက်တော့ လူရွှယ်က သူဆောင်းထားသောခမောက်ကို အဖော်ဖြစ်သူ အဘိုးကြီးကိုလှမ်းပေးထားလိုက်သည်။

ထိုပွဲစဉ်မှာ ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သောကြောင့် ဆိုင်ထဲမှာရောက်နေသော အရက်သောက်နေသူ၊ ဖဲချနေသူအားလုံး အပြင်သို့ ထွက်ကြည့်ကြသည်။

ဆိုင်ရှင်ဘိုးထင်လည်း ထွက်ကြည့်သည်။

တင်မေနှင့်မဂျမ်းစိန်တို့ပါ အပြင်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မဂျမ်းစိန်က ကြော်လက်စဆီဒယ်အိုးက အောက်သို့ ခဏချခဲ့ပြီး ထွက်ကြည့်ခြင်းဖြစ်သည်။

နှစ်ယောက်သား ဆိုင်ရှေ့ကွက်လပ်တွင် မျက်နှာချင်းဆိုင်ရပ်မိသောအခါ မြဒင်က ခါးမှာထိုးထားသော နှစ်ဘက်သွားဓားမြှောင်ကို ဖျပ်ကနဲ ဆွဲထုတ်လိုက်သည်။

ပြီးမှ ဓားမြှောင်ကို ခြေထောက်ဖြင့် ခတ်ကာ အပြင်သို့ ဖယ်ထုတ်လိုက်လေသည်။

"မင်းလို မလောက်လေး မလောက်စားကို ဓားနဲ့မတန်ဘူး ဒီအတိုင်းပဲဆုံးမပါ့မယ်"

"သိပ်လည်း အပြောကြီးမနေစမ်းပါနဲ့ကွာ၊ ငါရှုံးရင် အလောင်းကို ချွေလီချောင်းထဲပစ်ချလိုက်၊ မသေခင် ငါ့နာမည်လည်း မှတ်ထားလိုက်ဦး၊ တိုင်းလုံးကျော်တဲ့"

"တိုင်းလုံးကျော် မကျော်တော့မသိဘူး. . . မကြာခင်မသာပေါ်မှာတော့ အမှန်ပဲ၊ ကိုင်း ကြာပါတယ်. . . သေတော့"

ဟု ပြောဆိုကြိမ်းမောင်းကာ တိုင်းလုံးကျော်ဆိုသော ရှယ်ရှိရာသို့ ကျွဲပေါက်တစ်ကောင်ပမာ တစ်ဟုန်ထိုး ပြေးဝင်လာလေသည်။

တိုင်းလုံးကျော်က မျက်နှာချင်းဆိုင် အသင့်အနေထားရပ်နေရာမှ အနားရောက်လာပြီး လက်သီးဖြင့် ထိုးသောခါ ဘယ်ဒူးကွေး၊ ညာဘက်ဒူးဆန့်ကာ ကိုယ်ခန္ဓာကိုလှည့်တိမ်းရှောင်ပေးလိုက်သည်။





ထိုအခါ မြဒင်လက်သီးချက်က မျက်နှာရှေ့မှဖြတ်ထွက်သွားစဉ်မှာ တိုင်းလုံးကျော်အသင့်ပြင်ထားသော ဘယ်တတောင်က အရှိန်ဖြင့်ဝင်လာသော မြဒင်အရိုက်ကို ဆောင့်တိုက်ချလိုက်သည်။

"ဒုတ်. . . ."

"အင့်. . . ."

မြဒင်မှာ မရှုနိုင် ပကာယ်နိုင်ဖြစ်သွားကာ ဟန်ချက်ပျက်သွားစဉ် တိုင်းလုံးကျော်က မြဒင်နားထင်ကို လက်သီးတစ်ချက်ဆိုးရာ မြဒင်မှာ ဦးခေါင်းတစ်ခုလုံး မူးဝေသွားပြီး နံဘေးသို့ယိုင်ကျသွားကြလေသည်။

ထိုအခြေအနေရောက်တော့ တိုင်းလုံးကျော်က ဆက်မလိုက်ဘဲ နေရာမှာ ရပ်မြဲရပ်နေသည်။

မြဒင်လည်း အများရှေ့မှာခံလိုက်ရသောကြောင့် ဗလအားကိုးဖြင့် လူချင်းပူးသတ်ရန်ကြိုးစားသော်လည်း တိုင်းလုံးကျော်က ၎င်းအကြံကိုရိပ်မိသဖြင့် လွတ်အောင်ရှောင်ကာ ဒူးဘတောင်၊ လက်သီးများ အသုံးပြု၍ ချက်ကောင်းနေရာများကို ထိုးနှက်တိုက်ခိုက်ရာ မြဒင်ခမျာ ထိခိုက်နာပြီး ပါးစပ်နှင့်နှာခေါင်းပေါက်များထဲမှ သွေးများပင် ကျလာတော့သည်။

နံဘေးမှကြည့်နေသူများကတော့ မိမိတို့အပေါ်မှာအနိုင်ကျင့်ကာ နှိပ်စက်နေသူတစ်ယောက် ယခုကဲ့သို့ မျက်စိရှေ့မှာ အရှုံမလှခံနေရသည်ကို တွေ့မြင်ရသောအခါ ဇာတ်ပွဲထဲမှ ရက်စက်ယုတ်မာသောပုဏ္ဏားကို ပြန်ပြီး နှိပ်စက်တာကိုတွေ့မြင်ရသ



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ များစွာဝမ်းသာကျေနပ်သကဲ့သို့ ရှိနေကြသည်။

တိုင်းလုံးကျော်ဆိုသောလူရွယ်မှာ သူတို့ကိုယ်စားပြန် လည်နှိပ်စက်ပေးသကဲ့သို့ ကျေးဇူးတင်နေကြသည်။

မြဒင်မျက်နှာပေါ်သို့သော် လည်းကောင်း၊ ကိုယ်ပေါ်သို့ သော် လည်းကောင်း၊ လက်သီးတစ်ချက်ဝင်ရောက်သွားလျှင်ပင် ရင်ထဲမှာ ခုနေသော မကျေနပ်ချက်အလုံးများ၊ တစ်လုံးပြီးတစ် လုံး ပြုတ်ကျ၊ လျော့ကျသွားသကဲ့သို့ အကျေနပ်ကြီး ကျေနပ်နေ ကြသည်။

ထိုလူများမှလွဲပြီး မြဒင်၏တပည့်များကတော့ မိမိတို့ အားကိုးအားထားပြုနေသော လူမိုက်ဆရာကြီးကိုယ်တိုင် အလူး အလဲခံနေရသည်ကို တွေ့မြင်ရသောအခါ မယုံနိုင်အောင်ဖြစ် ကြရုံမက ဒေါသလည်းဖြစ်နေကြသည်။

သို့သော် အများရှေ့မှာ တစ်ယောက်ချင်းစိမ်ခေါ်ပြီး တိုက်ခိုက်ခြင်းဖြစ်သဖြင့် ဝင်ပါ၍မရပေ။

သူတို့ဝင်ပါလျှင်လည်း နံဘေးမှာ တုတ်ရှည်ကိုကိုင်ပြီး ရပ်နေသောအဘိုးကြီးကပါ နေမည်မဟုတ်ဘဲ ဝင်ကူပေးမည် သဘောရှိရာ ဒီအတိုင်းပင် နေကြရသည်။

အချိန်ကြာလာသည်နှင့် မြဒင်မှာ တိုင်းလုံးကျော်ကို မည်သို့မှ ယှဉ်ပြိုင်၍မရမှန်းသိသောအခါ အနီးမှာရပ်နေသူ တ ပည့်ထံမှ ဓားတစ်လက်တောင်းယူလိုက်သည်။

သူ့လက်ထဲမှာ ဓားရောက်သွားသော်လည်း တိုင်းလုံး ကျော်က မည်သည့်လက်နက်မှမယူဘဲ လက်ချည်းသက်သက် ဖြင့်သာ ရပ်နေလေသည်။





အားလုံးကတော့ မြဒင်မှာ ယှဉ်ပြိုင်ရုံမဟုတ်တော့ဘဲ သူ့သေကိုယ်သေ တိုက်ခိုက်တော့မည်ဟု သဘောပေါက်ကြလေ သည်။

ပွဲက ပိုကြမ်းလာသည်။ နေကလည်း ဝင်တော့မည်။

မြဒင်က ဓားရသည်နှင့် တိုင်းလုံးကျော်ကို ပြေးထိုးလေ သည်။

တိုင်းလုံးကျော်က ကိုယ်ခန္ဓာကို ညာပခုံးတိမ်းပြီး ဓား ဦးလွတ်သာရုံရှောင်ပေးပြီး နောက်တစ်ဆက်တည်း ဓားကိုင် လက်ကို ညာလက်ဖြင့် တွန်းဖယ်လိုက်သည်။

ဓားလမ်းကြောင်းလွတ်သွားသည်နှင့် မြဒင်မျက်နှာကို ဘယ်လက်သီးဖြင့် လက်ပြန်ရိုက်ရာ မြဒင်မှာ မရှုမလှဖြစ်ကာ ထွက်သွားလေသည်။

နောက်သို့ပြန်ဆုတ်သွားသည်။

မြဒင် နှာခေါင်းမှသွေးများ ထပ်ထွက်လာသည်။

ဒီတစ်ကြိမ်တော့ မြဒင်မှာ တစ်ဖက်လူ၏ အခြေအနေ ကို သဘောပေါက်သွားပြီဖြစ်သဖြင့် အရမ်းမဝင်တော့ပေ။

ဓားကိုကျစ်ကျစ်ပါအောင်ကိုင်ထားပြီး အခြေအနေကို စောင့်သည်။

ထိုအခါမှာတော့ တိုင်းလုံးကျော်က ရပ်စောင့်မနေတော့

အချိန်မရှိတော့သဖြင့် အမြန်ပွဲသိမ်းလိုဟန်ဖြင့် မြဒင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာသို့ တိုးဝင်လာသည်။

အနားရောက်သည်နှင့် မြဒင်က လက်ထဲမှဓားဖြင့် အ
ပေါ်မှ ထိုးစိုက်ချလိုက်သည်။

တိုင်းလုံးကျော်က ဝင်လာသောဓားကို ဘယ်လက်ဖြ
ရိုက်ဖယ်ပြီး ညာလက်ဖြင့် မျက်နှာကိုခုတ်သည်။

ဓားကိုင်လက်ကို လိမ်းချိုးပြီး ရန်သူ့လည်မျိုကို ပြင်းထ
သောလက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သောအခါမှာတော့ မြဒင်
ကိုယ်ခန္ဓာကြီးမှာ မြေပေါ်သို့ ဖွဲ့အိတ်ကြီးပစ်ချလိုက်သကဲ့သို့ ဗိုင်
ကနဲ ပစ်ကျသွားလေတော့သည်။

ပြန်မထလာနိုင်တော့ပေ။

ပွဲကပြီးသွားပေပြီ။

တိုင်းလုံးကျောက်က မားကိုကောက်ယူလိုက်သည်။

ထိုအခါ မြဒင်နှင့်ပါလာကြသော တပည့်လူမိုက်များမှာ
သူတို့ဆရာအတွက် စိုးရိမ်သွားကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ
သည်။

တိုင်းလုံးကျောက်က ပက်လက်လန်ကာ သတိမေ့နေ
သော မြဒင်ရင်ဘတ်ပေါ်သို့ ဓားဦးဖြင့် ကြက်ခြေခတ်,ခတ်
လိုက်ပြီး ဓားကိုမြှောက်ကာ ခြေထောက်ဖြင့် ခတ်ထုတ်လိုက်ရာ
လူမိုက်ဘိုးထင်ရပ်နေသော နေရာနံဘေးရှိ တဲနံရံမှပျဉ်ပြားပေါ်
မှာ စိုက်နေလေတော့သည်။

ကြည့်နေသူများမှာ ဟင်ကနဲ ဟာကနဲဖြစ်သွားကြသေ
သည်။





ထိုနေရာ၌ရပ်နေသော ဘိုးထင်ပင် လန့်ဖျပ်သွားလေ
သည်။

ထို့နောက် တိုင်းလုံးကျော်နဲ့ သူအဖော် အဘိုးကြီးတို့က
ဆိုင်အတွင်းပြန်ဝင်လာပြီး ၎င်းတို့မှာထားသော အရက်ဖိုးနှင့်
ကြက်ကြော်ဖိုးပေးရာ တင်မေက လာယူသည်။

တင်မေမှာ စောစောကနှင့်မတူတော့ဘဲ တိုင်းလုံးကျော်
ကိုကြည့်ကာ များစွာ အထင်ကြီးနေဟန်ရှိသည်။

"အစ်ကိုက သိပ်တော်တာပဲနော်. . . သူ့ကိုနိုင်အောင်
ခနိုင်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ထိုသို့ပြောသော်လည်း တိုင်းလုံးကျော်ဆိုသူက ပြုံးရုံသာ
ပြုံးပြပြီးနောက် အရက်တဲအတွင်းမှ ပြန်ထွက်သွားလေတော့
သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း[၁၁]

## သရဲကုန်းအင်းမှ အသေကောင်လှည့်ပွဲ

မြဒင်တစ်ယောက် အပွဲပွဲနွှဲလာခဲ့ပြီး ဒီပွဲကျမှ အလူးအ
လဲ ခံလိုက်ရသောသတင်း သရဲကုန်းတစ်ရွာလုံး တောမီးလောင်
သကဲ့သို့ တစ်ယောက်စကား တစ်ယောက်ကြားပြီး ပျံ့နှံ့သွားလေ
တော့သည်။

ရွာလူကြီးသံပချိုင့်ကတော့ ထိုသတင်းကိုကြားကတည်း
က ဆွေ့ဆွေ့ခုန်နေလေသည်။

သတိမေ့နေဆဲဖြစ်သောမြဒင်ကို တပည့်များကကပ်ပြီး
ထမ်းယူလာသည်မြင်သောအခါ ဒေါသအိုးပေါက်ကွဲနေလေ
တော့သည်။

ဝဏ္ဏာထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . . ပြောကြပါဦး၊ ဒါက ဘယ်လိုဖြစ်ပြီး မင်းတို့ဆရာကို ကပ်နဲ့ပြန်သယ်လာရတာလဲ"

ထိုအခါ တပည့်များက ဖြစ်ကြောင်းကုန်စင်ပြောပြကြသည်။

"မင်းတို့ပြောပုံဆိုရင် အဲဒီလူကို တစ်ချက်ကလေးမှထိအောင် ပြန်မလုပ်နိုင်ဘဲ သူချည်း လှိမ့်ခံခဲ့ရတယ်ဆိုပါတော့"

"မှန်ပါတယ်. . . အဲဒီအတိုင်းပါပဲ. . . အခြေအနေကတော့ အခုမြင်တဲ့အတိုင်းပါပဲခင်ဗျာ"

"တောက်. . . ရာဇဝင်ရိုင်းလေကွာ. . . ငါအုပ်ချုပ်နေတဲ့နေရာမှာ ဘယ်လိုလူတွေကများ လာပြီး သွေးတိုးစမ်းဝံ့တာလဲ. . . ငါနဲ့သာတွေ့လို့ကတော့. . . ."

"အဲဒီလူနဲ့သာတွေ့ရင် သူကြီးလည်းခံရမှာပါပဲ"

ထိုစကားကတော့ မြဒင်ကို သယ်လာသူများစိတ်ထဲမှာ မတိုင်ပင်ရဘဲ တစ်ပြိုင်တည်းပေါ်လာသောအတွေးပင် ဖြစ်သည်။

"ဒါထက် မေးပါရစေဦး. . . ဘိုးထင် ဆိုင်ထဲမှာဖြစ်နေတာ ဘိုးထင်က နည်းနည်းမှမကူဘူးလား၊ မင်းတို့ကရော ဘာမှမလုပ်ဘဲ ဒီအတိုင်းရပ်နေကြသလား"

"သူတို့က နှစ်ဦးသဘောတူ တစ်ယောက်ချင်းသတ်တာဆိုတော့ ဝင်ကူလို့မရဘူး သူကြီးမင်း"

"ဒါထက် အဲဒီလူနှစ်ယောက်က ဘယ်ရွာကတဲ့လဲ"

"တစ်ခါမှမမြင်ဖူးဘူး သူကြီးမင်း"





"ရှိစေတော့. . . မြဒင်ကိုသာသတိရအောင် လုပ်ပေးလိုက်ကြ. . . တစ်နေ့ တစ်ကွေ့တော့ တွေ့ကြဦးမှာပေါ့"

ဟု မကျေမနပ်ဖြင့် ကြိမ်းမောင်းပြောဆိုနေလေသည်။

ထိုအဖြစ်အပျက်ဖြစ်ပြီး နောက်တစ်နေ့တွင် သတင်းတစ်ခု ကြားရပြန်သည်။ အခြားတော့ မဟုတ်ပေ။

သရဲကုန်းဌာနသို့ ဌာနအုပ်အသစ်တစ်ယောက် ရောက်လာပြီဆိုသော သတင်းဖြစ်သည်။

ထို့ထက်ပိုပြီး စိတ်ဝင်စားဖွယ်ကောင်းသောသတင်းတစ်ခုကတော့ ဌာနအုပ်အသစ်နှင့်အတူ ပုလိပ်အသစ်များပါလာပြီး ထမနေကြသော ပုလိပ်အဟောင်းများကို မော်တော်ဘုတ်နှင့် အားလုံးပြန်ခေါ်သွားသည်ဆိုသော သတင်းပင် ဖြစ်သည်။

ထိုသတင်းကတော့ ဘိန်းရောင်းသူ၊ အရက်ရောင်းသူ၊ သစ်ခိုးခုတ်နေသူများအတွက်တော့ မင်္ဂလာသတင်းမျိုးမဟုတ်ပါချေ။

သရဲကုန်းဌာနတွင် ဌာနအုပ်အသစ် မရောက်ခင်က ဌာနမှာရှိကြသောပုလိပ်များမှာ ဘာမှအသုံးမဝင်လှပေ။

ပေးလျှင်ယူ ကျွေးတာစားပြီး ကိုယ်နှင့်မဆိုင်ဘိသကဲ့သို့ နေအေးအေးနေကြသူများ ဖြစ်သည်။

သစ်ခိုးချင်လို့ပဲဖြစ်ဖြစ်၊ ဘိန်းချချင်လို့ပဲဖြစ်ဖြစ်၊ သရဲကုန်းအင်းမှာ ငါးဖမ်းချင်လို့ပဲဖြစ်ဖြစ်၊ အရက်ချက်၊ ဖဲဝိုင်းထောင်သော မကောင်းမှုဒုစရိုက် အလုပ်လုပ်လိုသူများက ပုလိပ်များရှိရာသို့ သွားဖို့မလိုပေ။



www.burmeseclassic.com

www.burmeseclassic.com

သရဲကိုန်းရွာသူကြီးသံပချိုင့်နှင့် အပေးအယူအဆင်ပြေ၍ ရင်းသဘောတူပါက ဘာမဆိုလုပ်လို့ရသည်။

သူကြီးနှင့် အပေးအယူလုပ်ထားပြီး ချောင်းထဲမှာ သစ်ဖောင်မျှောသွားသည်ကို ပုလိပ်များမြင်လျှင်လည်း. . . .

"ဒီသစ်ပင်တွေက ကိုယ်စိုက်ထားတာတွေမှမဟုတ်တာ ခုတ်ချင်ခုတ်ကြပေစေပေါ့"

ဟု သဘောထားကာ အရက်သောက်နေမြဲ နေကြသည်။

အရက်ချက်ရောင်းတာ ဘိန်းရောင်းနေတာတွေ့လျှင် သော်လည်း. . . .

"မြို့မှာလို အရက်ကောင်းကောင်းမှမရဟာ. . . ရောင်းကြပေစေ. . . သောက်ကြပေစေပေါ့"

ဟု သဘောထားကာ ကိုယ်နှင့်မသက်ဆိုင်သကဲ့သို့ အေးဆေးသာ နေကြလေသည်။

ယခုတော့ ထိုပုလိပ်များ တစ်ယောက်မှမရှိကြတော့ဘဲ အားလုံးပြန်ခေါ်သွားကာ နောက်ထပ်ရောက်လာသူများက ဌာနအုပ်မှစပြီး လူသစ်တွေချည်းဖြစ်ကြသည်။

နောက်ရောက်လာသော ဌာနအုပ်မှာ ကျော်စွာပင်ဖြစ်သည်။

ဌာနအုပ်အသစ်ရောက်လာသောအခါ ဦးစွာရောက်လာသူမှာ ရွာလူကြီးသံပချိုင့်ပင်ဖြစ်သည်။

စားသောက်စရာများ၊ လက်ဆောင်ပစ္စည်းများနှင့် အ





ရက်ပုလင်းပါတစ်ပါတည်း ယူဆောင်လာလေသည်။

"ဌာနအုပ်မင်း ရောက်လာမယ့်အကြောင်းကြိုတင်ပြီးမသိလိုက်လို့ လာမကြိုတာသီးခံပါဗျာ. . . ကျုပ်က သရဲကုန်းရွာသူကြီးသံပချိုင့်ပါခင်ဗျာ"

ဟု လွန်စွာ ရိုကျိုးသောအမူအယာ အသံမျိုးဖြင့် မိတ်ဆက်လေသည်။

"တွေ့ရတာဝမ်းသာပါတယ်ဗျာ. . . ကျွန်တော့်နာမည် ကျော်စွာလို့ ခေါ်ပါတယ်. . . ကျွန်တော်က ဒီရွာကို အခုမှ ရောက်ဖူးတာဆိုတော့ လူသစ်ပေါ့၊ ဒီတော့ ဒီနေရာဒေသတွေ အကြောင်း ဘာမှမသိသေးဘူး၊ ဒါကြောင့် အစစအရာရာ ဟော ဒီကနယ်ခံဖြစ်တဲ့ သူကြီးပဲ့ကိုပဲ အားကိုးရမှာပဲဗျ"

ထိုစကားကြားသောအခါ သံပချိုင်မှာများစွာ အားရကျေနပ်သွားလေသည်။

"စိတ်ချပါဗျာ. . . အတတ်နိုင်ဆုံး အကူအညီပေးရမှာပေါ့၊ ကျုပ်တို့ဘက်က လိုအပ်မှုလေးတွေရှိရင်လည်း ဟောဒီက ဌာနအုပ်မင်းက စောင့်ရှောက်ကူညီပေးပါနော်"

"ဒါကတော့ဗျာ လိုအပ်တဲ့အကူအညီရှိလာရင်တော့ ဥပဒေဘောင်အတွင်းကဆိုရင်တော့ အကူအညီပေးပါ့မယ်"

"အကူအညီပေးပါမည်"ဟုပြောသော်လည်း ထိုစကားကြားသောအခါ သံပချိုင့်မျက်နှာမှာ မအီမသာဖြစ်သွားလေသည်။

ထို့နောက် ပြန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန်ရောက်သောအခါ သရဲကုန်းဂါတ်တဲသို့ လူတစ်စုရောက်လာကြသည်။

ဦးဗန်ကောင်း၊ ဒေါက်တာမင်းထင်ကျော်နှင့်အတူ နီမောင်လည်း ပါလာလေသည်။

ကျော်စွာက သူတို့သုံးယောက်ကို အခန်းထဲခေါ်သွားပြီး ကောင်းမွန်စွာ ဧည့်ခံလေသည်။

"ဘယ်လိုလည်း မောင်ကျော်စွာ အဆင်ပြေရဲ့လား"

ဦးဗန်ကောင်းက မေးလိုက်သည်။

"ရောက်စတော့ ဒီလိုပါပဲ. . . အဘတို့ရော အခြေအနေဘယ်လိုလဲ"

"တိုင်းလုံးကျော်တော့ တစ်ပွဲနဲ့ပြီးပြီ၊ ဒီရွာမှာရှိတဲ့ နာမည်ကြီးလူမိုက်တစ်ယောက်တော့ ပြီးသွားပြီ"

ထိုသို့ပြောသောအခါ တိုင်းလုံးကျော်အမည်ခံ၍ မြဒင်ကိုတိုက်ခိုက်ခဲ့သော ဒေါက်တာမင်းထင်ကျော်က ပြုံးနေလေသည်။

နီမောင်က ထိုပွဲကိုမကြည့်လိုက်ရသဖြင့် စိတ်ထဲမှာမချင့်မရဲ ဖြစ်သွားလေသည်။

"ဒီလိုဖြင့် တစ်ယောက်ကျန်ဦးမယ်ထင်တယ်. . . အရက်ချက်ရောင်းနေတဲ့ ဘိုးထင် ကျန်သေးတယ်၊ မြဒင်နဲ့ဘိုးထင်မရှိတော့ရင် သံပချိုင့်လည်း အားကိုးရမယ့်သူ မရှိတော့ဘူး"

နီမောင်က ဝင်ပြောလိုက်သည်။

"ဒီလိုပေါ့. . . သစ်ပင်ကိုသတ်ချင်ရင် အမြစ်ကို အ





ရင်ဖြတ်ရမယ်ဆိုတဲ့ စကားရှိတာပဲ. . . ခေါင်းဆောင်ကိုမဖြိုခင် တပည့်တွေ အရင်ဖြိုထားတော့ စိတ်ချရတာပေါ့"

ဦးဗန်ကောင်းစကားကို ကျန်သုံးယောက်ကလည်း သဘောကျကြလေသည်။

"ဒါထက် ဆရာတို့ရော ဟိုမှာနေရတာ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် ကိုကျော်စွာ. . . နီမောင်က ကျွန်တော်တို့နှစ်ယောက်အတွက် ဘာမှလိုလေသေးမရှိအောင် နေရေးစားရေးပါ တာဝန်ယူပေးထားပါတယ်"

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် ကျော်စွာတို့မှာ ရန်ကုန်ကလာစဉ်က အတူတကွလာကြသော်လည်း ထိုနယ်သို့ရောက်သောအခါ လူချင်းခွဲလိုက်သည်။

ကျော်စွာက သူတာဝန်ကျသော သရဲကုန်းဌာနသို့လာသော်လည်း ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့ကတော့ ၎င်းတို့နှင့်ခင်မင်ပြီးသော နီမောင်နေသော မာလာမြိုင်ရွာသို့ သွားကြသည်။

နီမောင်ကလည်း သူတို့နှစ်ယောက်ရောက်လာသဖြင့် ဝမ်းသာစွာဖြင့် နေရေးစားရေးမှမကျန်အောင် စီစဉ်ဆောင်ရွက်ပေးလေသည်။

"ဆရာတို့ရောက်လာကာနဲ့အတော်ပဲ ဒီရက်အတွင်းမှာပဲ လုပ်စရာရှိတာတွေကို လုပ်ရမယ်"

"ဘာတွေများလည်း ကိုကျော်စွာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ဌာနအုပ်တွေတုန်းက ရောက်တာနဲ့ပြန်ပြေးကြရတော့ ဘာမှစနစ်တကျ လုပ်ထားတာမရှိသေးဘူး၊ အခုမှ တစ်ကနေပြန်စရာမလိုပဲ. . . ကျွန်တော့်ကိုအကူအညီပေးကြပါဦး"

"ပြောစရာမလိုပါဘူးဗျာ. . . ကျွန်တော့်တို့က ခင်ဗျားအတွက် အကူအညီပေးဖို့လိုက်လာကြတာပဲ. . . ဘာမဆိုကူညီရမှာပေါ့၊ ဒါထက် အရင်က ဒီဌာနမှာ ဌာနအုပ်မမြဲတဲ့အကြောင်းတွေကိုရော သိရပြီလား"

"ပြောရရင်တော့ အများကြီးပါပဲ. . . ဌာနအုပ်မမြဲတဲ့အကြောင်းတွေထဲမှာ အရင်က ဒီမှာရှိတဲ့ပုလိပ်တွေကြောင့်လည်းပါပါတယ်. . . သူတို့က အဓိကတရားခံပါပဲ"

"ဘာကြောင့်လည်း ကိုကျော်စွာရဲ့"

"ဒီလိုလေ. . . သူတို့က ရွာကလူတွေနဲ့ပေါင်းပြီး ပေးတာယူ ကျွေးတာစားဘဝနဲ့ ကျေနပ်နေကြတော့ နောက်ရောက်လာတဲ့ဌာနအုပ်တွေ မနေနိုင်အောင် အကူအညီပေးကြတယ်လေ"

"အခုရော အဲဒီပုလိပ်တွေရှိသေးသလား"

"အားလုံး နယ်ပြောင်းပစ်လိုက်ပြီ. . . အခုရောက်နေတဲ့ပုလိပ်တွေက ကျွန်တော်ခေါ်လာတဲ့ လူသစ်တွေချည်းပဲ"

"အဲဒါကောင်းတယ်. . . အရင်ကတော့ သရဲကုန်းဌာနဆိုရင် ဘယ်သူမှအထင်မကြီးဘဲ နာမည်ပျက်နေတာ ဆရာရောက်လာမှပဲ ဟန်ကျတော့မယ်"

ဟု နီမောင်ကပြောရာ အားလုံးသဘောကျစွာ ပြုံးလိုက်





လေသည်။

ထိုနေ့ညမှာတော့ ကင်းသမားများက မြစ်ထဲမှစုန်ဆင်းလာသော လှေနှစ်စင်းကိုခေါ်ယူစစ်ဆေးရာ တစ်စင်းက ကျွန်းသစ်ခွဲသားများအပြည့်ပါလာပြီး ကျန်တစ်စင်းမှာတော့ အရက်ပုန်းများနှင့် ဘိန်းထုပ်များပါလာလေသည်။

ထိုလှေနှစ်စင်းကို ပုလိပ်များက ဖမ်းထားလိုက်သည်။

"ကျုပ်တို့ကို ဘာကြောင့်ဖမ်းတာလဲဗျ. . . သရဲကုန်းသူကြီးနဲ့ အပေးအယူလုပ်ထားပြီးသားလေ"

သစ်ခိုးလာသူများက ပြောသည်။

"မင်းတို့မှာ သစ်ထုတ်ယူခွင့်လိုင်စင်ရှိသလား"

"မရှိဘူး"

"လိုင်စင်မရှိရင်တော့ ဘယ်သူဖြစ်ဖြစ်ဖမ်းရမှာပဲ. . . သရဲကုန်းသူကြီးက လိုင်စင်ချပေးခွင့်မရှိဘူး"

ကျော်စွာ ထိုသို့ပြောသောအခါ အမျိုးမျိုးတောင်းပန်ကြလေသည်။

သို့သော်လည်း သစ်လှေနှင့်သစ်များကို ကမ်းပေါ်တင်ထားလိုက်ပြီး လှေပေါ်မှာပါသော လူလေးယောက်စလုံးကို အချုပ်ထဲ ထည့်ထားလိုက်လေသည်။

အရက်ပုန်းနှင့်ဘိန်းထုပ်များ သယ်လာသောလူသုံးယောက်က ဆင်ခြင်ပေးသည်။

"ဒီပစ္စည်းတွေက သူကြီးလူ ဦးဘိုးထင်ရဲ့ပစ္စည်းတွေပါ. . . အရင်ကသွားလာနေကျပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကသွားလာနေပေမယ့် အခုမရတော့ဘူး၊ အရက်ပုန်းနဲ့ ဘိန်းထုပ်တွေ သယ်လာတဲ့အတွက်တော့ ဖမ်းရမှာပဲ"

"ဖမ်းချင်လည်း ဖမ်းပေါ့၊ မကြာခင် ဒီအကြောင်းသိတာနဲ့ သူတို့ရောက်လာကြပါလိမ့်မယ်"

"ရောက်လာတော့လည်း ပိုကောင်းတာပေါ့ကွာ. . . အပြစ်ရှိတယ်ဆိုရင် သူတို့ပါ ဖမ်းသင့်ဖမ်းရမှာပေါ့"

ဟုပြောလိုက်တော့မှ ငြိမ်ကျသွားလေသည်။

နောက်တစ်နေ့တွင် သံပချိုင့်နှင့် ဘိုးထင်တို့နှစ်ယောက် ဂိတ်တဲသို့ ရောက်လာကြသည်။

ဂင်းတို့နှင့်အတူ လူမိုက်အချို့ပါလာသော်လည်း ဂိတ်တဲအတွင်းသို့ ဝင်ခွင့်မရကြပေ။

"ညက ဌာနအုပ်မင်းဖမ်းထားတဲ့သစ်လှေက ကျုပ်လူတွေပါဗျ၊ ဒီတစ်ခါတော့ သူတို့ကိုလွှတ်ပေးပါ"

"အပြစ်ရှိလို့ဖမ်းထားတာပဲဗျာ. . . လွှတ်ပေးလို့ဘယ်ရပါ့မလဲ"

"ကျုပ်တို့နယ်မှာတော့ အရင်ကတော့ ဒီလိုပဲအပေးအယူလုပ်ပြီး လုပ်နေကြတာပါပဲ၊ ဌာနအုပ်မင်းအတွက်လည်း အကျိုးအမြတ် မနည်းစေရပါဘူး"

"ကျွန်တော်က ဒါတွေမလိုပါဘူး. . . ခင်ဗျားလူတွေမှာ အပြစ်မရှိရင် ပြန်လွှတ်ပေးပါ့မယ်"

ထိုသို့ပြောသောအခါ သံပချိုင့်မှာ မည်သို့ဆက်ပြောမှန်းမသိအောင်ရှိနေစဉ်မှာ ဘိုးထင်ကပါဝင်ပြောသည်။





"ဒီနယ်မှာ ကျုပ် အရက်ချက်ရောင်းလာတာ နှစ်ကိုမနည်းတော့ဘူး၊ ကျုပ်လှေလှော်သွားဆိုရင် ဘယ်သူမှမဖမ်းဝံ့ဘူး၊ အဲဒီတော့ ဌာနအုပ်မင်းအနေနဲ့ မိတ်ဆွေလို ဆက်ဆံမယ်ဆိုရင်တော့ အကျိုးမယုတ်စေရပါဘူး. . . တကယ်လို့ ရန်သူလိုဆက်ဆံမယ်ဆိုရင်တော့"

ဘိုးထင်စကားကြားတော့ ကျော်စွာက တစ်ချက်ရယ်လိုက်လေသည်။

"သရဲကုန်းရွာမှာ နာမည်ကြီးနေတဲ့ လူမိုက်ဘိုးထင်ဆိုတာ ခင်ဗျား မဟုတ်လား"

"ဟုတ်တယ်"

"အရက်ပုန်းချက်ရောင်း. . . ဖဲဝိုင်းထောင်တယ်ဆိုတာ ဥပဒေနဲ့မကင်းတော့ ခင်ဗျားလူတွေတင်မကဘူး ခင်ဗျားကိုပါ ဖမ်းထားလို့ရတယ်ဆိုတာရော သဘောပေါက်ရဲ့လား"

ထိုသို့ပြောလိုက်မှ ဘိုးထင်မှာ ရှုံ့ရှုံ့ရှားရှားဖြစ်သွားလေသည်။

"ခင်ဗျားကို တစ်ခါတည်း သတိပေးလိုက်မယ်. . . အရက်ချက်ရောင်းတာတို့ ဖဲဝိုင်းထောင်တာတို့ နောက်မလုပ်ပါနဲ့၊ ဆက်လုပ်ရင်တော့ ဝတ္တရားအရ ဖမ်းဆီးအရေးယူရမှာပဲ"

ထိုသို့ပြောလိုက်သော် နှစ်ယောက်စလုံး မျက်စိမျက်နှာပျက်စွာဖြင့် ပြန်သွားကြလေသည်။

နောက်တစ်ရက်မှာတော့ ကျော်စွာ၊ ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်း၊ နီမောင်တို့အပြင် ပုလိပ်အချို့ပါခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အင်းအတွင်း လိုက်လံကြည့်ကြလေသည်။

သရဲကုန်းအင်းမှာ အတော်ကျယ်ဝန်းသောအင်း ဖြစ်သည်။

နီမောင်က နယ်ခံဖြစ်သောကြောင့် နေရာနှံ့အောင် လိုက်လံပြပေးရသည်။

"ဒီအင်းမှာ လေလံမရှိသေးဘူး . . ဒီတော့သင့်တော်တဲ့နှုန်းနဲ့ လေလံချပေးလိုက်လို့ ပိုင်သူရှိသွားရင် ခိုးပြီး ငါးဖမ်းကြသူတွေအတွက် စိတ်မပူရတော့ဘူး"

ကျော်စွာက ပြောသည်။

သူတို့အင်းထဲမှပြန်လာတော့ နေဝင်ချိန်ရောက်နေလေပြီ။

ထိုအချိန်မှာ ကိုင်းတောထဲမှာ အသင့်စောင့်ဆိုင်းနေသောလှေနှစ်စင်း ထွက်လိုက်လာသည်။

လှေနှစ်စင်းပေါ်မှာ လူ ၁၅ ယောက်ခန့်ပါသည်။

ဋင်းတို့သည် ဓားလှံလက်နက်များအပြင် ဒူးလေး‌စသော လေးမြားလက်နက်များပါကြသည်။

ဋင်းတို့ လှေနှစ်စင်းထွက်လာသည်ကို မြင်ကတည်းက နီမောင်၊ ဒေါက်တာမင်းထင်ကျော်တို့ကလည်း အခြေအနေ‌ထိုး ရိပ်မိသဖြင့် သတိထားကာ မိမိတို့မှာပါသော လက်နက်များ‌ကို အဆင်သင့်ပြင်ထားကြလေသည်။

ပုလိပ်သုံးယောက်ပါလာရာ သေနတ်သုံးလက်အပြင် ကျော်စွာထံမှာလည်း ခြောက်လုံးပြူးသေနတ်တစ်လက် ပါသော





သည်။

အချိန်ကလည်း ညနေပိုင်းအချိန်ရောက်နေပြီဖြစ်သောကြောင့် အင်းထဲမှာ အမှောင်ရိပ်များ သမ်းစပြုလာချေသည်။

ဌာနအုပ်ကျော်စွာတို့ အင်းထဲသို့ထွက်သွားကြသည်ကို မြင်သဖြင့် လူဆိုးလူမိုက်များကလူစုပြီး ထိုအချိန်တွင်စောင့်၍ တိုက်ခိုက်ကြရန် ပြင်ဆင်ထားကြခြင်းဖြစ်ဟန် ရှိသည်။

ပုလိပ်များက ထိုလှေများရှိရာဘက်သို့ သေနတ်များဖြင့် လှမ်းချိန်လိုက်ရာ ကျော်စွာက သတိပေးလိုက်သည်။

"မပစ်ကြနဲ့ဦး . . အခြေအနေကြည့်ပြီး ကိုယ့်ကိုရန်မူလာတော့မှပစ်ကြ"

မနီးမဝေးရောက်လာသောအခါ လှေနှစ်စင်းက တစ်နေရာစီခွဲလိုက်ပြီး ဘေးနှစ်ဘက်မှညှပ်ဝင်ကာ တိုက်ခိုက်ရန် ပြင်ကြလေသည်။

ဋင်းတို့ကပါလာသော ဒူးလေးတို့ကို မြားတပ်ကာ မတင်ပစ်သည်။

"မြားနဲ့ပစ်နေပြီ လှေပေါ်မှာဝပ်နေကြ"

ဟုပြောပြီး ဝပ်ချလိုက်ကြသည်။

အချို့မြားတံများက လှေကိုလာရောက်ထိမှန်ပြီး အချို့မြားတံက အပေါ်မှကျော်တက်သွားသည်။

ရန်သူများက လှေနှစ်စင်းဖြင့် နှစ်ဘက်ညှပ်ကာ မြားဖြင့်ပစ်ကြခြင်းဖြစ်သည်။

ကျော်စွာလည်း မတတ်သာတော့သဖြင့် ပစ်မိန့်ပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတော့သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်သံများက ဆူညံသွားလေတော့သည်။

လှေပေါ်တွင် ပြောင်းရှည်သေနတ်သုံးလက်နှင့် ပြောင်းတိုသေနတ်တစ်လက်ပါလာရာ တစ်ကြိမ်ပစ်သည်နှင့် လူလေးယောက်ကိုထိမှန်ကာ လဲကျသွားစေသည်။

ဒီဘက်မှသေနတ်ဖြင့်ပစ်သောအခါ တစ်ဘက်မှမြားပစ်မှု နည်းသွားလေသည်။

ကျည်ထိုး မောင်းတင်ပြီး နောက်တစ်ကြိမ် တစ်ပြိုင်နက်ပစ်သောအခါ ထိမှန်သူအချို့ရှိပြီး အချို့လည်း လှေဝမ်းထဲ၌ဝပ်ကာ ခေါင်းမဖော်ဝံ့ကြတော့ပေ။

ထိုအခွင့်အရေးကိုယူပြီး အနီးဆုံးလှေအနီးတို့ကပ်သွားပြီး ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်း၊ နီမောင်တို့သုံးယောက်တို့သည် ဓားရှည်တစ်လက်စီကိုင်ကာ ထိုလှေပေါ်သို့ခုန်တက်သွားကာ ကျန်နေသူများကို တိုက်ခိုက်ကြသည်။

လူမိုက်များမှာ အခြေအနေ မဟန်မှန်းသိသောအခါ အချို့လည်း ရေထဲခုန်ချပြီး ရေငုပ်ကာ ထွက်ပြေးကြလေသည်။

လှေထဲမှာတော့ ဒဏ်ရာရနေသူလေးယောက် ကျန်နေခဲ့သည်။

အခြားလှေတစ်စင်းပေါ်မှ လူအချို့လည်း အခြေအနေမကောင်းသည်ကိုသိသဖြင့် အင်းရေထဲသို့ခုန်ချကာ ရေငုပ်ထွက်ပြေးကြတော့သည်။





လှေနှစ်စင်းပေါ်မှာတော့ သေဆုံးနေသူရော ဒဏ်ရာရသူပါ လူခုနစ်ယောက်နှင့် ဓားလှံ၊ လေးမြားတို့ကို သိမ်းမိလေသည်။

သူတို့ဘက်မှာလည်း မြားမှန်သူနှစ်ယောက်ရှိသော်လည်း သေလောက်သောဒဏ်ရာမျိုးတော့ မဟုတ်ပေ။

ထို့ကြောင့် လှေနှစ်စင်းကို လူခွဲလှော်ပြီး စခန်းဘက်သို့ ပြန်ခဲ့ကြသည်။ အင်းထဲမှာတော့ အတော်မှောင်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၂]

## ထူးဆန်းသော အင်းလေလံဆွဲသူ

တစ်နေ့သည် သရဲကုန်းဌာနအတွင်းရှိ အဆောက်အအုံကြီးအတွင်း၌ လေလံပွဲတစ်ခုကျင်းပလေသည်။

သရဲကုန်းအင်းလေးလံပွဲပင် ဖြစ်သည်။

ယခင်ကဆိုလျှင် ထိုကဲ့သို့သော အင်းလေလံပစ်လျှင် သူကြီးအိမ်၌သာ မောင်းထုပြီး ကျင်းပလေ့ရှိသည်။

အင်းလေလံပစ်တော့မည်ဆိုလျှင် သက်ဆိုင်ရာတာဝန်ရှိသူတို့က ထိုအင်းနှင့်ဆက်စပ်နေသော ကျေးရွာများမှ ရွာခေါင်းများ၊ သူကြီးတို့ထံသို့ တစ်ပတ်ကြိုတင်ကာ အကြောင်းကြားပေးထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကြားစာရလျှင် သူကြီး၊ ရွာခေါင်းတို့က မိမိကျေးရွာမှာ နေထိုင်သူအားလုံးခေါ်ပြီ အသိပေးထားရသည်။

သို့မှသာ အင်းလေလံဆွဲနိုင်သူတို့က အင်းလေလံဆွဲရန် ပြင်ဆင်နိုင်ကြရန်အတွက် ဖြစ်လေသည်။

နောက်ပိုင်းသရဲကုန်းဌာနတွင် ဌာနအုပ်မမြဲတော့သည့် နောက်ပိုင်းမှာတော့ ထိုကိစ္စကို သူကြီးသံပချိုင့်ကပင် ဦးဆောင်ကာ ၎င်းအိမ်မှာပင် ကျင်းပပြုလုပ်လေ့ရှိသည်။

ထိုသို့ ပြုလုပ်သည့်နောက်ပိုင်းမှာတော့ သရဲကုန်းအင်းကို အခြားသူများမရကြတော့ပေ။

သံပချိုင့်နှင့်နီးစပ်သော ဆွေမျိုးသားချင်းများ၊ အပေးအယူရှိသူများသာ နှစ်စဉ်ရလေတော့သည်။

အင်္ဂလိပ်များထွက်ပြေးသွားပြီး နောက်ပိုင်းမှာတော့ သရဲကုန်းအင်းကို လေလံမပစ်တော့ဘဲ သံပချိုင့်ကပင် လက်ဝါးကြီးအုပ်ထားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။

ယခုတော့ သရဲကုန်းဌာနတွင် ဌာနအုပ်ရောက်လာပြီး အုပ်ချုပ်သည့်နောက်ပိုင်းတွင် ထိုအင်းကို လေလံပစ်ရန် စီစဉ်ကြခြင်း ဖြစ်ပေတော့သည်။

ဌာနအုပ်ကျော်စွာက ထိုရက်မတိုင်ခင် တစ်ပတ်လောက်ကတည်းက ထိုအင်းနှင့် ဆက်စပ်မှုရှိသောရွာများမှ ရွာလူကြီးများကို ကြိုတင်အကြောင်းကြားထားပြီး ဖြစ်ပေသည်။

ထို့ကြောင့် လေလံပွဲရက်ကျင်းပမည့်နေ့တွင် သရဲကုန်းဌာနအတွင်းမှ ဝင်းထဲမှာရော အဆောက်အဦးကြီးအတွင်း၌ မှာ





ပါ လူများပြည့်နေတော့သည်။

အချို့က ကိုယ်တိုင်လေလံဆွဲရန် ရောက်လာကြခြင်း ဖြစ်သည်။

အချို့အတော်များများကတော့ သည့်နှစ်မည်သူမည်ဝါ အင်းလေလံရမည်ကို သိလိုသောကြောင့် လာရောက်နားထောင်ကြခြင်းဖြစ်သည်။

အချို့ကတော့ လေလံအောင်သူထံမှတစ်ဆင့် ဝယ်ယူပြီးလုပ်ရန် လာစောင့်နေကြခြင်းဖြစ်၏။

ထိုပွဲတွင် ဌာနအုပ်ကျော်စွာကို ဝိုင်းဝန်းအကူအညီပေးရန်အတွက် ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ ဦးဗန်ကောင်း၊ စောထီးနှင့် ငမဲအောင်တို့ပါ ရောက်နေကြလေသည်။

အချို့မှာ နီမောင်နှင့် သိကျွမ်းသူအချို့ကို တွေ့ရလေသည်။

တစ်နေရာရောက်သောအခါ တဲကြီးအတွင်းသို့ဝင်လာသော လူလေးယောက်တို့ကိုတွေ့ရသဖြင့် အံ့သြသွားလေသည်။

အခြားနှစ်ယောက်ကို သူမသိဖူး မမြင်ဖူးသော်လည်း ကျန်နှစ်ယောက်ကတော့ တောင်ညိုရွာမှ ဦးစိုင်းလုံနှင့်မြဝင်းသူ တို့နှစ်ယောက်ပင် ဖြစ်ကြလေသည်။

နီမောင်က သူတို့နှစ်ယောက်ကိုမြင်သောအခါ များစွာ အံ့သြသွားသဖြင့် သွားရောက်နှုတ်ဆက်လေသည်။

"အဘနဲ့မြဝင်းသူတို့ပါလား . . . လေလံပွဲလာကြတာ လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို"

"မြဝင်းသူတို့ လေလံဆွဲကြမလို့လားဟင်"

"ကျွန်မတို့ကတော့ မဆွဲပါဘူး. . . ကျွန်မဘကြီးနဲ့အစ်မတို့က လေလံဆွဲကြမလို့ပါ. . . ကျွန်မတို့က အဖော်လိုက်လာတာ"

နီမောင်က နံဘေးမှ ရပ်နေသူနှစ်ယောက်ကို တစ်ချက်ကြည့်လိုက်လေသည်။

အဘိုးကြီးက ဦးစိုင်းလုံနှင့် ရပ်ချင်းဆင်ပြီး မြဝင်းသူနံဘေးမှာရပ်နေသော အမျိုးသမီးက မြဝင်းသူနှင့်ရပ်ချင်းအတော်ကလေး ဆင်တူကြသည်။

"အစ်ကို့ကိုမိတ်ဆက်ပေးရဦးမယ်. . . ဒါက ကျွန်မဘကြီးတော် ဦးဒီပပါ။ သူကတော့ ကျွန်မနဲ့အစ်မတော်တဲ့ မြသင်ကြူလို့ခေါ်ပါတယ်"

နီမောင်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်လေသည်။

ထိုအချိန်မှာပင် တဲအတွင်းမှ လေလံပွဲစတင်တော့မည်မို့ မောင်းထုလျက် အချက်ပေးနေလေသည်။

"ဒူ. . . ဒူ. . . ဒူ"

"ဒူ. . . ဒူ. . . ဒူ"

"ဟော. . . မောင်းထုနေပြီ. . . လေလံပွဲစတော့မယ်ထင်တယ် အတွင်းကိုဝင်ကြပါ"

ဟုပြောသဖြင့် မြဝင်းသူတို့က နီမောင်ကိုနှုတ်ဆက်ပြီးနောက် တဲအတွင်းသို့ ဝင်သွားကြလေသည်။





တဲအတွင်းမှာတော့ အင်းလေလံဆွဲကြမည့်သူ အတော်များများရောက်နေကြသည်။

တဲအပြင်ဘက်မှာလည်း သူ့အစုနှင့်သူ၊ ကိုယ့်အစုနှင့်ကိုယ် အတော်များများ ရှိနေကြလေသည်။

အတန်ကြာသောအခါ ဌာနအုပ်ကျော်စွာက သရဲကုန်းအင်းကို တစ်နှစ်ငါးဖမ်းခွင့်လိုင်စင်ကို လေလံပစ်တော့မည့်အကြောင်း၊ နောက်ဆုံး ဈေးအများဆုံးပေးနိုင်သူကို လုပ်ခွင့်ချပေးမည်ဖြစ်ကြောင်း ပြောပြလေသည်။

"အင်းလေလံရဲ့ကြမ်းခင်းဈေးက ဂျပန်ငွေ တစ်သောင်းဖြစ်ပါတယ်"

ထိုသို့ပြောသောအခါ အားလုံးမှာ တအံ့တဩဖြစ်သွားကြသည်။ ဟာကနဲ ဟင်ကနဲ ဖြစ်သွားကြသည်။

ကျေးလက်တောရွာမှာနေကြသူများမှာ ဂျပန်ငွေအကြောင်းကို ကောင်းကောင်းမသိကြသေးပေ။

အတော်များများမှာ ဂျပန်တက်လာသည်ကိုသိသော်လည်း ဂျပန်ပိုက်ဆံကိုပင် မမြင်ဘူး မတွေ့ဘူးကြသေးပေ။

အင်္ဂလိပ်များအုပ်စိုးစဉ်က တစ်မူး၊ တစ်ပဲ၊ တစ်ပြား နှစ်ပြားစသည်တို့ကိုသာ အသုံးပြုကြရာမှ တစ်ကျပ်၊ နှစ်ကျပ်ငွေမှာ အတော်ပင် ခရီးရောက်လေသည်။

ကျေးလက်တောရွာများ၌ နေသူတို့မှာ ငွေတစ်ရာ၊ နှစ်ရာကိုင်နိုင်လျှင်ပင် အတော်ပင် ငွေကြေးချောင်လည်သူဖြစ်ပြီး ငွေတစ်ထောင်၊ နှစ်ထောင်လောက်ရှိလျှင်ပင် လူချမ်းသာစာရင်း



www.burmeseclassic.com

ဝင်ဖြစ်တော့သည်။

ယခုကဲ့သို့သော ငွေတစ်သောင်းဆိုသောပမာဏကို ကိုင်ဖူးသူ အတော်ပင်ရှားလေသည်။

"ကျုပ်တို့ပြောပါရစေ. . . ဥာနအုပ်မင်း၊ အရင်က အင်းလေလံက ဒီလောက် ငွေမများပါဘူး၊ အခုမှ ဘာကြောင့် ဒီလောက် အင်းလေလံကြေး များသွားရတာပါလဲ၊ ဒီငွေလောက် ဆိုရင် တစ်နှစ်လုံးလုပ်ရင်တောင် ဒီငွေလောက်ရမှာမဟုတ်ပါဘူး"

ထိုအခါ ကျော်စွာကိုယ်စား ဒေါက်တာမင်းထင်ကျော်က ပင် ဝင်ပြောပြလေသည်။

"ဒီလိုပါခင်ဗျာ. . . ဒီကိစ္စကို ကျွန်တော်ကပဲ ပြောပြပါ့မယ်၊ ဂျပန်ငွေဆိုတာ အရေအတွက်သာများပေမယ့် တန်ဖိုးမရှိပါဘူး၊ ဂျပန်ငွေတစ်သောင်းဆိုပေမယ့် အရင်အင်္ဂလိပ်လက်ထက်ကသုံးတဲ့ ငွေတစ်ထောင်လောက် တန်ဖိုးမရှိပါဘူး၊ အင်္ဂလိပ်လက်ထက် ဆန်တစ်ပြည်ကို တစ်မတ်ပဲပေးရတယ်ဆိုရင် ဂျပန်ငွေနဲ့ ငါးကျပ်ပေးမှ ရနိုင်ပါတယ်၊ ဒါကြောင့် ဂျပန်ငွေတစ်သောင်းဆိုတာ အရင်သုံးတဲ့ငွေနဲ့ဆိုရင် ထောင်ဂဏန်းတောင် ရှိမယ်မထင်ပါဘူး"

ထိုကဲ့သို့ရှင်းပြတော့မှ ကျေနပ်သွားကြလေသည်။

"ဆရာရှင်းပြတော့မှ သဘောပေါက်သွားတော့တယ် ကျုပ်တို့က တစ်ခါမှမမြင်ဘူး. . . မကြားဘူးတော့ ငွေတစ်သောင်းဆိုတာနဲ့ မျက်လုံးပြူးနေကြတာပါ ဒါထက် မေးပါရစေ





ဦး"

"မေးပါ. . . မေးပါ"

"ကျုပ်တို့က ဂျပန်မငွေကို ရှိဖို့နေနေသာ မြင်တောင်မမြင်ဘူးသေးတော့ ဘယ်လိုလုပ်ရမလဲ"

"ဒါကလွယ်ပါတယ်. . . ကျွန်တော်တန်ဖိုးဖြတ်ပေးပါ့မယ်. . . ခင်ဗျားတို့မှာ ရွှေဒင်္ဂါး. . . ငွေဒင်္ဂါးတွေရှိရင်လည်း အသုံးပြုနိုင်ပါတယ်၊ ရွှေဒင်္ဂါးတစ်ကျပ်ကို ဂျပန်ငွေတစ်သောင်း သတ်မှတ်ပေးပါ့မယ်၊ ငွေဒင်္ဂါးတစ်ကျပ်ကိုတော့ တစ်ထောင် သတ်မှတ်ထားပါတယ်"

ထိုစကားကြားသောအခါမှ ပရိသတ်များမှ ဆူဆူညံညံ စကားသံများ ပေါ်ထွက်လာလေတော့သည်။

ထိုလေလံပွဲသို့ သူကြီးသံပချိုင့်နှင့် ဘိုးထင်တို့လည်း ရောက်လာကြသည်။

ဘိုးထင်က ဒေါက်တာမင်းထင်ကျော်ကိုမြင်သောအခါ မြင်ဖူးသည့်အထင်ဖြင့် ဇဝေဇဝါဖြစ်နေသည်။

သူက သံပချိုင်အနီးသို့ကပ်ကာ တိုးတိုးပြောလိုက်သည်။

"ဆရာကြီး. . . အခုစကားပြောနေတဲ့သူကို ကျုပ် ကောင်းကောင်းမှတ်မိတယ်၊ ဟိုတစ်လောက မြဒင်နဲ့တိုက်ခိုက်သွားတဲ့ တိုင်းလုံးကျော်ဆိုတဲ့လူပဲ. . . ဟိုဘက်နားမှာထိုင်နေတဲ့ အဘိုးကြီးလည်း ပါတယ်. . . သူတို့ကို ကျုပ်ကောင်းကောင်း မှတ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အခုရောက်တဲ့ဌာနအုပ်အသစ်နဲ့ ပတ်သက်သူတွေ ဖြစ်နိုင်တယ်"

"ဟိုတစ်လောက အင်းထဲမှာဖမ်းမိတဲ့လူတွေ ဘယ်လို လုပ်လိုက်တယ်လို့ သတင်းကြားသလဲ"

"အားလုံး ကသာဂါတ်ကိုပို့လိုက်ပြီလို့ကြားတယ်"

"ဒီကောင်တွေက ဖွင့်မပြောသွားလို့ တော်ရော့တယ်"

"ဘိုးထင်ရယ် စကားပြောတာဆင်ခြင်စမ်းကွာ. . . မ တော်လို့ တစွန်းတစပေါက်ကြားသွားရင် ဘယ်လိုဒုက္ခရောက် သွားနိုင်တယ်ဆိုတာ မင်းသိရဲ့လား"

ထိုအခါမှ ဘိုးထင်လည်း ဘာမှမပြောတော့ဘဲ ရပ်သွား လေသည်။

မကြာမီ လေလံပွဲစတင်တော့သည်။

"ဒူ. . . ဒူ. . . ဒူ. . . ဒူ"

လူတစ်ယောက်က မောင်းကို အဆက်မပြတ်ထုနေ သည်။ ပြီးနောက် ကျော်စွာကပင် အသံကျယ်ကျယ်ဖြင့် ပြော လေသည်။

"လေလံပွဲစတင်တော့မှာ ဖြစ်ပါတယ်. . . သရဲကုန်း အင်းရဲ့ ကြမ်းခင်းစျေးက ဂျပန်ငွေတစ်သောင်းဖြစ်ပါတယ်၊ ငွေ သားတစ်ထောင်နဲ့ စပြီး လေလံပစ်ပါတယ်. . . အများဆုံးပိုပေး နိုင်သူကို အင်းလေလံချပေးပါ့မယ်"

ထိုအခါ အင်းလေလံဆွဲသူများက မိမိတို့တတ်နိုင်သ လောက် သတ်မှတ်ထားသော ငွေပမာဏကို ပေးကြသည်။





လေလံစာရေးက နာမည်နှင့်တကွ ရေးမှတ်ထားပြီး အ များသိအောင် ကြေငြာပေးသည်။

ကျန်လူများက တတ်နိုင်သေးလျှင် ထိုထက်အနည်းငယ် ပိုသောငွေပေးကာ ဆွဲကြပြန်သည်။

လေလံစာရေးက ၎င်းတို့နောက်ဆုံးပေးသော ငွေပမာ ဏကို အများသိအောင် ကြေငြာပေးသည်။

ဤသို့ဖြင့် လေလံပွဲက မပြတ်ဘဲ တဖြည်းဖြည်းချင်း တက်သွားလေသည်။ အချိန်ကလည်း တဖြည်းဖြည်းကုန်လာရာ နေ့လည်ပိုင်းအချိန်သို့ပင် ရောက်လာချေပြီ။

လေလံဆွဲရန် ရောက်လာကြသူများကလည်း တစ်ဦးနှင့် တစ်ဦး တစ်ရွာနှင့်တစ်ရွာ အကြောမပေးလိုကြသဖြင့် နည်းချင်း ဘိုးလာရာ ငွေဒင်္ဂါး ၅၀ လောက်အထိ စာရင်းပေါက်နေလေပြီ။

လေလံပွဲက မပြီးသေးပေ။

ညနေပိုင်းရောက်သောအခါမှာတော့ ကျွန်းကုန်းရွာမှ သူဌေးတစ်ယောက်က ငွေဒင်္ဂါး ၇၀ ပေးမည်ဟု စာရင်းတင်ရာ နောက်မှလူများ မလိုက်နိုင်တော့ဘဲ လက်လျှော့သွားကြလေ သည်။

ထိုအခါ မောင်းကို တဒူဒူထုပြီး အများသိအောင် ကြေ ငြာပေးရလေသည်။

"ဒူ. . . ဒူ. . . ဒူ. . . ဒူ"

"အားလုံးနားထောင်ကြပါခင်ဗျာ. . . ယခု သရဲကုန်း အင်းကို လေလံဆွဲကြတဲ့နေရာမှာ ကျွန်းကုန်းရွာမှ ဦးဘိုးထင်က



www.burmeseclassic.com

www.burmeseclassic.com

ငွေဒင်္ဂါး ၇၀ ပေးပြီး လေလံဆွဲထားပါတယ်. . . ဒါကြောင့် တိုးပေးနိုင်သူများ ရှိပါသေးလားခင်ဗျား"

". . . . . . . . . . . . . . . . . . . ."

အသံမထွက်လာတော့ပေ။

"တိုးပေးမယ့်သူ ရှိကြပါသလားခင်ဗျား"

". . . . . . . . . . . . . . . . . . . ."

တိတ်ဆိတ်ငြိမ်သက်လျက်ပင်. . . .

"ဒီတစ်ခါ နောက်ဆုံးမေးပါ့မယ်. . . နောက်ထပ်တိုးပေးမယ့်သူ မရှိဘူးဆိုရင်တော့ ကွန်းကုန်းက ဦးဘိုးထင်ကိုပဲ ချပေးလိုက်ပါတော့မယ်"

ပရိသတ်ထဲမှ တီးတိုးစကားသံများပေါ်ထွက်လာသည်။

"အားလုံးငြိမ်ကြပါ. . . ဦးဘိုးထင်ပေးတဲ့ ငွေဒင်္ဂါး ၇၀ ထက်ပိုပေးနိုင်သူရှိပါသေးသလား"

ထိုအခါ ပရိသတ်ထဲမှ လူကြီးတစ်ယောက်ထရပ်လာသည်။

"ကျုပ်က ဦးဒီပလို့ခေါ်ပါတယ်. . . ကျုပ် ပိုပေးနိုင်ပါတယ်"

"ဦးဒီပက ဘယ်လောက်များတိုးပေးမှာပါလဲ"

"သူက ငွေ ၇၀ ပေးတယ်ဆိုရင် ကျုပ်က ငွေဒင်္ဂါးတစ်ရာပေးပါ့မယ်"

ဟုပြောပြီး ပြန်ထိုင်သွားလေသည်။

ထိုစကားကြားသောအခါ တအံ့တသြ ဖြစ်သွားကြကာ





တီးတိုးစကားသံများ ပေါ်ထွက်လာလေသည်။

ငွေဒင်္ဂါး ၇၀ အထိပေးထားသော ဦးဘိုးထင်လည်း ပါးစပ်နားရောက်ကာ ပြုတ်ကျသွားသကဲ့သို့ဖြစ်ကာ အတော်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားလေတော့သည်။

သို့သော်လည်း ဦးဒီပဆိုသူပေးသော ငွေဒင်္ဂါးတစ်ရာဆိုသည်မှာ ၎င်းတို့အနေဖြင့် မည်သို့မှ မတတ်နိုင်ကြတော့သဖြင့် အားလုံးမှာ သက်ပြင်းကိုယ်စီချလျက် လက်လျှော့သွားကြလေတော့သည်။

ထို့နောက်မှာတော့ အသီးသီးပြန်သွားကြရာ တဲကြီးအဘွင်းမှာ ဦးစိုင်းလုံ၊ ဦးဒီပ၊ မြဝင်းသူနှင့် မြသင်းကြူတို့လေးယောက်သာ ကျန်ခဲ့လေတော့သည်။

ထို့နောက်မှာတော့ ဦးဒီပက ၎င်းလွယ်အိတ်ထဲမှ အသင့်ဆောင်ယူလာသော ငွေဒင်္ဂါးတစ်ရာကိုထုတ်ယူပြီး ဌာနအုပ်ကျော်စွာလက်သို့ပေးအပ်ရာ အင်းလိုင်စင်ကိုတစ်ခါတည်း ထုတ်ပေးလိုက်လေသည်။

ကိစ္စများပြီးသွားသောအခါ နီမောင်က မြဝင်းသူကိုမေးလေသည်။

"မြဝင်းသူတို့ပြန်ကြတော့မလား"

"ဟုတ်ပါတယ်. . . အစ်ကို့ကိုပြောစရာရှိတယ်"

"ဘာပြောမှာလဲ"

"ဘကြီးနဲ့အစ်မတို့က ဒီကနေ့ရွာမှာပဲ အိပ်ကြလိမ့်မယ်၊ အင်းလေလံရမတော့ တိုင်ပင်စရာတွေတိုင်ပင်ကြမယ်ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အဲဒါအစ်ကိုတို့လည်း လိုက်ခဲ့ပါလား. . . ဟိုညြို့သည် နှစ်ယောက်ပါ တစ်ပါတည်း ခေါ်လာခဲ့ဖို့ ဘကြီးကပြောတယ်"

"ဟိုညြို့သည်နှစ်ယောက်ဆိုတာ ဘယ်သူတွေလဲ"

မြဝင်းသူက ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်း တို့နှစ်ယောက်ကို လက်ညှိုးထိုးပြတော့မှ သဘောပေါက်သွား လေသည်။

"ကောင်းပါပြီ. . . ခေါ်ခဲ့ပါမယ်. . . အားလုံးနဲ့လည်း သိကျွမ်းကြရတာပေါ့"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်း တို့နှစ်ယောက်ရှိရာသို့သွားကာ အကျိုးအကြောင်းပြောပြလိုက် လေသည်။

၎င်းတို့ကလည်း သဘောကျသဖြင့် နီမောင်ခေါ်ရာသို့ လိုက်လာကြသည်။

ထိုနေရာသို့ရောက်သောအခါ နီမောင်ကမိတ်ဆက်ပေး လိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်ချင်းဆင်တူသော မြ ဝင်းသူနှင့် မြသင်းကြူတို့နှစ်ယောက်ကိုကြည့်ကာ အံ့ဩနေဟန် ရှိသည်။

ထိုအခါ ဦးဒီပကပြောသည်။

"မိတ်ဆွေတို့နဲ့ အခုလိုတွေ့ရဆုံရတာ ဝမ်းသာပါတယ်၊ မိတ်ဟောင်းဆွေကောင်းတွေနဲ့ ပြန်တွေ့ရသလိုပဲ. . . စိတ်ထဲ ကထင်မိပါတယ်၊ တောင်ညိုရွာကိုလိုက်ခဲ့ကြပါ. . . ဟိုရောက်





တဲ့အခါ အကျိုးအကြောင်းပြောပြပါ့မယ်"

ဦးဗန်ကောင်းကလည်း ဦးဒီပပြောသောစကားကို သ ဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်ပြီး တစ်ပါတည်း လိုက် ခဲ့ရန် သဘောတူလိုက်လေသည်။

အချိန်က ညနေစောင်းအချိန်သို့ပင်ရောက်နေချေပြီ။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၃]

## အပြုံးအလှနှင့် ဘဝအဓိပ္ပာယ်

အချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပေပြီ။

အပြင်ဘက်မှာတော့ လရောင်က မှုန်ဝါးဝါးရှိနေသည်။

ဦးစိုင်းလုံပိုင်သော ခြံဝန်းအတွင်းမှာတော့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နေ့အချိန်တွင် သိုင်းသင်သူများရှိသဖြင့် ဆူဆူညံညံအသံကြားရသော်လည်း ညဘက်တော့မရှိကြတော့ပေ။

ခြံထဲမှာ အမြဲနေသူအချို့ရှိသော်လည်း ညအချိန်ရောက်လျှင်တော့ သီးခြားပေးထားသော နေရာများတွင် အနားယူနေကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အချို့ကတော့ ဂူပေါက်များထဲဝင်ပြီး စိတ်လေ့ကျင့်မှုများပြုလုပ်ကြသည်။

အိမ်ကြီးပေါ်မှာတော့ လူစုံတက်စုံရှိနေကြပြီး အစားအသောက်များ စားသောက်ရင်းနှင့် စကားပြောနေကြသည်။

"မိတ်ဆွေကြီးတို့က အင်းလေလံကို သူများတွေမပေးနိုင်တဲ့ဈေးပေးပြီး ဆွဲယူလာကြပုံထောက်တော့ အရင်က ဒီအင်းကို လုပ်ခဲ့ကြတယ်ထင်ပါရဲ့"

ဦးဗန်ကောင်းက လက်ဖက်ရည်သောက်ရင်း မေးလိုက်သောအခါ ဦးဒီပက ခေါင်းခါပြသည်။

"ကျုပ်တို့က ဒီမှာလာနေတာ ဒီအင်းကို တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူးဗျာ"

ထိုစကားကြောင့် အံ့ဩသွားကြလေသည်။

"တစ်ခါမှမလုပ်ဖူးတော့ အကျိုးအမြတ်ဘယ်လောက်ရှိနိုင်မယ်ဆိုတာလည်း ဘယ်သိပ့်မလဲ. . . ဘယ်လိုရည်ရွယ်ချက်ရှိလို့များ ဒီလောက်အရဲစွန့်ပြီး လေလံဆွဲတာလည်း သိပါရစေ"

ဦးဗန်ကောင်းကမေးလိုက်တော့ ဦးဒီပက တစ်ချက်ပြုံးလိုက်လေသည်။

"တခြားတော့ ထွေထွေထူးထူးမရှိပါဘူး. . . လေလံဆွဲတယ်ဆိုတာကလည်း ဒီအင်းထဲက ငါးတွေဖမ်းပြီးရောင်းချင်လို့လည်း မဟုတ်ပါဘူး၊ ဒီအင်းထဲကို လူတွေ မလာစေချင်လို့ပါ"

ထိုစကားကြားသောအခါ နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့က သဘောမပေါက်ကြသော်လည်း ဦးဗန်ကောင်းကတော့ ချက်ဆိုလျှင် နားခွက်မီးတောက်ဆိုသကဲ့သို့ သဘောပေါက်လိုက်လေသည်။





"ဒါဖြင့် ဦးဒီပတို့က ဒီအင်းနဲ့ အဆက်အသွယ်မကင်းတဲ့ သူတွေ မဟုတ်လား"

"မှန်ပါတယ်"

"ကျုပ်တို့ကို မိတ်ဆွေတွေလို သတ်မှတ်မယ်ဆိုရင်တော့ သိသင့်သလောက် သိပါရစေ"

"သိရပါတယ်. . . မိတ်ဆွေတို့ကိုမြင်ကတည်းက ကျုပ်တို့ကို အနှောက်အယှက်မပေးဘဲ အကူအညီပေးမယ့်လူတွေဆိုတာ သိပါတယ်. . . ဒါကြောင့်လည်း အေးအေးဆေးဆေး ပြောပြချင်လို့ ဒီကို တမင်ခေါ်လာတာပါ"

"ကျုပ်တို့ကို ယုံယုံကြည်ကြည် ဆက်ဆံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"မိတ်ဆွေကြီးတို့နှစ်ယောက်အပြင် သူကလည်း သဘောမနောဖြူစင်တဲ့သူတစ်ယောက်ဆိုတာ အစောပိုင်းကတည်းက သိပါတယ်"

ဦးဒီပက နီမောင်ကိုကြည့်ပြီးပြောရာ အံ့ဩသွားလေသည်။

အဘယ်ကြောင့်ဆိုသော် နီမောင်မှာ ဦးဒီပတို့နှင့် ယခုမှသာ မြင်ဖူးတွေ့ဖူးသောကြောင့် ဖြစ်ပေသည်။

ဦးဒီပက လက်ဖက်ရည်တစ်ပန်းကန်ကိုသောက်ပြီးမှ စကားဆက်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့က တခြားမဟုတ်ပါဘူး. . . ပျူမြို့ဟောင်းမှာ ရှိကြတဲ့ ပရလောကသားတွေနဲ့ အဆက်အသွယ်ရှိတဲ့သူတွေပါပဲ၊ ပရလောကသားတွေဆိုသော်လည်း မိစ္ဆာလောက ရောက်နေကြတာမဟုတ်ဘဲ. . . မကျွတ်မလွတ်တဲ့ဘဝမှာပဲ ရှိနေကြသေးတဲ့ သူတွေကို ပြောတာပါ"

"သဘောပေါက်ပါတယ်"

"သူတို့က တောထဲမှာလည်း အချို့နေကြပါတယ်၊ အချို့ကလည်း သရဲကုန်းအင်းထဲမှာ ရှိကြပါတယ်. . . သူတို့တွေ[illegible] သက်ဆိုင်တဲ့ ရွှေငွေရတနာထည့်ထားတဲ့ သေတ္တာတွေက လေ[illegible] ကိုးစီး၊ လှည်းကိုးစီးတိုက်စာလောက် ရှိပါတယ်. . . အဲ[illegible] လောက်များတဲ့ရတနာတွေက သရဲကုန်းတပ်နေရွာမှာရှိပါတယ်[illegible]

"ဒီပစ္စည်းတွေကို ဘယ်သူတွေက တာဝန်ယူစော[illegible] ရှောက်ပေးနေကြသလဲ"

"အပြင်စည်းမှာတော့ သူတို့နှစ်ယောက် တာဝန်ယူ[illegible] ကြရတယ်၊ အတွင်းစည်းမှာတော့ ကျုပ်တို့နှစ်ယောက်က တာ[illegible] ယူစောင့်ရှောက်ပေးနေကြရပါတယ်"

အပြင်စည်းမှ တာဝန်ယူ စောင့်ရှောက်ပေးနေကြသူ[illegible] ဦးစိုင်းလုံနှင့် မြဝင်းသူတို့ဖြစ်ကြပြီး အတွင်းစည်းမှာ တာဝ[illegible] စောင့်ရှောက်ပေးနေကြသူတို့မှာ ဦးဒီပနှင့် မြသင်းကြူတို့ပင်[illegible] ကြလေသည်။

"အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ကျ[illegible] ကိုခေါ်လာပြီး အကူအညီတောင်းမယ်ဆိုတာ ဘယ်လိုကိ[illegible]





ပါလဲ"

"တခြားတော့ မဟုတ်ပါဘူး. . . သရဲကုန်းအင်းထဲမှာ ရွှေငွေရတနာတွေ ရှိနေတယ်ဆိုတာကို သိုက်ဆရာတွေကသိကြတယ်. . . တချို့လည်း လာရောက်ရှာဖွေရင်းနဲ့ အခြေအနေမဟန်လို့ ပြန်ပြေးသွားကြတယ်"

"ဒါတွေကတော့ နေရာအနှံ့အပြားမှာ ရှိနေကြတာပါပဲ"

"ဒီတစ်ခါရောက်လာမယ့်သူတွေက သိုက်ဆရာတွေတင်မကဘူး၊ သူတို့နှစ်ယောက်ကိုပါ အန္တရာယ်ပေးနိုင်မယ့်ရန်သူတွေပါ. . . ပါလာကြလိမ့်မယ်၊ မိတ်ဆွေကြီးတို့အနေနဲ့ သူတို့အပေါ် ကျရောက်မယ့် အန္တရာယ်ကို ကူညီပေးစေချင်ပါတယ်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ ကျုပ်တို့သုံးယောက်စလုံး တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

ဟု ပြောလိုက်သောအခါ ဦးဒီပ၊ ဦးစိုင်းလုံ၊ မြဝင်းသူ၊ မြသင်းကြူတို့လေးယောက် မျက်မှောက်တွင် ကျေနပ်မှုအပြုံးများ ဖြစ်ပေါ်သွားကြလေသည်။

လူကြီးနှစ်ယောက် စကားပြတ်သွားသောအခါ နီမောင်က သူသိချင်သောအချက်ကို ဝင်မေးလေသည်။

"ကျွန်တော်သိချင်တာ တစ်ခုလောက် မေးပါရစေ. . . သရဲကုန်းအင်းက ငါးအလွန်ပေါတဲ့အင်း ဖြစ်ပါတယ်၊ အဘတို့က သေလံရပြီးမှ ငါးမဖမ်းဘဲနေကြမှာဆိုတော့ တခြားသူတွေသိရင် ဝင်ဖမ်းကြမှာ မစိုးရိမ်ရဘူးလား"

ဟု မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးသောအခါ ဦးဒီပကပင် အဖြေပြန်ပေးလေသည်။

"မစိုးရိမ်ရပါဘူး မောင်ရယ်. . . အရင်ကတော့ သူများလေလံဆွဲထားတဲ့အင်းဆိုတော့ သူများပိုင်ဆိုင်တာပေါ့၊ အခု ကျုပ်တို့လေလံဆွဲထားပြီဆိုတော့ ကျုပ်တို့ပိုင်တဲ့အင်း ဖြစ်နေပြီလေ၊ ဒါကြောင့် စည်းမဲ့ကမ်းမဲ့စီးပွားဖြစ်တော့ ဘယ်သူမှဝင်ဖမ်းလို့ မရတော့ပါဘူး၊ ဟင်းစားကျွေးစားအတွက် နည်းနည်းပါးပါး ဝင်ဖမ်းရင် အန္တရာယ်မတွေ့စေရပါဘူး၊ စီးပွားဖြစ်ဝင်ဖမ်းရင်တော့ သရဲကုန်းအင်းစောင့်ကဆုံးမဖို့ တာဝန်ပေးထားပြီးပါပြီ"

သည်တော့မှ သဘောပေါက်သွားလေတော့သည်။

ထိုကဲ့သို့ အိမ်အပေါ်ထပ်မှ စကားပြောဆိုနေကြသည်ကို အိမ်အောက်ဘက်မှာရှိနေသော လူတစ်ယောက်က ခိုးကြောင်ခိုးဝှက်ဖြင့် နားထောင်နေလေသည်။

ညဥ့်နက်ပိုင်းရောက်တော့မှ ထိုလူမှာ ပြန်ထွက်သွားလေတော့သည်။

စကားဝိုင်းသိမ်းသောအခါ အခြားသူများက မိမိတို့နေရာသို့ အသီးသီးဝင်သွားကြသော်လည်း နီမောင်နှင့်မြဝင်းသူတို့ကတော့ အိပ်ယာမဝင်ကြသေးဘဲ နေရာမှာပင်ထိုင်ကာ စကားပြောနေကြသည်။

"အစ်ကိုလည်း ကျွန်မတို့အတွက်လာပြီး အကူအညီပေးနေရတာနဲ့ အလုပ်တွေ အတော်ပျက်မှာပဲနော်"

"ဒီလိုတော့ မဟုတ်ပါဘူး. . . ဒီလိုအကူအညီပေးခွင့်ရတာကိုပဲ ကျွန်တော်က ဝမ်းသာနေတာပါ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ မြဝင်းသူအတွက် အကူအညီလာပေးနေရတာကို ကျွန်တော်ကျေနပ်ပါတယ်"

"အစ်ကို့စကားကလဲ"

မြဝင်းသူက ရှက်ပြုံးကလေးဖြင့် ညည်းတွားလိုက်လေသည်။

"အမှန်စကားပြောတာပါ. . . ကျွန်တော် ဒီလိုပြောလိုက်လို့ မြဝင်းသူ စိတ်အနှောက်အယှက်ဖြစ်သွားတယ်ဆိုရင်တော့ ကျွန်တော် တောင်းပန်ပါတယ်၊ နောက်ပြီး အခုလိုလာပြီး အကူအညီပေးနေတာကလည်း စေတနာသန့်သန့်နဲ့ လာအကူအညီပေးနေတာပါ၊ မျှော်လင့်ချက်တစ်ခုကြောင့် မဟုတ်ဘူးဆိုတာတော့ မြဝင်းသူယုံကြည်စေချင်ပါတယ်"

"အစ်ကို့သဘောကို ကျွန်မသိပါတယ်"

"ဘယ်လိုသိတာလည်းဟင်"

"ကျွန်မလည်း အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ကိုယ့်ဆီကို ချဉ်းကပ်လာတဲ့လူတွေရဲ့အရိပ်အကဲကိုတော့ သိတန်သလောက် သိနိုင်ပါတယ်"

"ကျွန်တော့်ကိုရော ဘယ်လိုအကဲခတ်မိသလဲဟင်"

"ကျွန်မနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုတစ်ခုခုရှိနေတယ်လို့တော့ ထင်မိပါတယ်"

မြဝင်းသူက ပေါ့ပေါ့ပါးပါးအမူအယာဖြင့်ပင် အပြုံးဖြင့်







www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြောလေသည်။

ထိုကဲ့သို့ပြောလာမှတော့ နီမောင်အနေဖြင့် နောက်တွန့်နေစရာမလိုတော့ပါချေ။

ခင်းပေးသောလမ်းမှမလျှောက်လိုလျှင် ဝေးလံသော ခရီးလမ်းမျိုးမှ လျှောက်ရတတ်ပေသည်။

ထို့ကြောင့် အရဲစွန့်ပြီး ပြန်ပြောလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး. . . မြဝင်းသူကိုတွေ့မြင်စကတည်းက ကျွန်တော်စိတ်ဝင်စားနေမိပါတယ်၊ ဒါပေမယ့် ကျွန်တော့်ဘဝက ချို့တဲ့ပါတယ်. . . ဒါကြောင့်. . . ."

နီမောင်က ပြောလက်စ စကားကိုရပ်လိုက်သည်။

"အဲဒီတော့ အစ်ကို့သဘောက ကျွန်မကိုပြောလိုရာပြောပြီးတော့ နောက်ပြန်ဆုတ်သွားမှာလား"

ဟု မေးသည်။

"ဒီလိုတော့ မဟုတ်ပါဘူး. . . ကျွန်တော်ပြောချင်တာပြောခွင့်ရပြီးပြီဆိုတော့ မြဝင်းသူသဘောကိုလည်း သိချင်ပါသေးတယ်"

"ကျွန်မလည်း အစ်ကို့ကိုမြင်ကတည်းက အကဲခတ်ကြည့်နေတာပါ။ အစ်ကို့ဘက်က ပွင့်ပွင့်လင်းလင်းဖွင့်ပြောလာတော့လည်း ကျွန်မဘက်က စဉ်းစားပေးပါ့မယ်"

ဟု အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။

"ကျွန်တော်ဘက်ကတော့ အမျိုးကြီးမမျှော်လင့်ရဲပါဘူး၊ မြဝင်းသူဘက်က ဒီလောက်ထိ အခွင့်အရေးပေးတာကို





ကျေးဇူးတင်လှပါပြီ"

"အစ်ကိုကလည်း ဒါက ကျေးဇူးတင်စရာမလိုပါဘူး၊ အစ်ကိုနဲ့ကျွန်မက ဘဝတစ်ခုအတွက် အတူလက်တွဲဖို့ရည်ရွယ်ချက်ထားကြပြီဆိုမှတော့ သူစိမ်းပြင်ပြင်တွေ မဟုတ်ကြတော့ဘူးလေ၊ အစ်ကို့သဘောကို ကျွန်မကသိနေသလို ကျွန်မသဘောကိုလည်း အစ်ကို့အနေနဲ့ ရိပ်မိတန်သလောက် ရိပ်မိရောပေါ့"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်တော့်အနေကတော့ ဘာမှမသိသေးပါဘူး"

ထိုစကားကြားသောအခါ မြဝင်းသူက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"အစ်ကိုက အတော့်ကိုရိုးသားတာပဲ. . . ကျွန်မကို ရည်းစားစကားလည်း ပြောသေးတယ်၊ ကျွန်မအခြေအနေကိုတောင် ဘာမှမရိပ်မိသေးဘူးလား"

နီမောင်က ကြောင်တောင်တောင်ဖြစ်နေသော အမူအယာဖြင့် မြဝင်းသူကိုစိုက်ကြည့်ကာ အတန်ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှ. . . .

"အင်း. . . အခုလိုပြောမှပဲ နည်းနည်းတော့ သဘောပေါက်သလို ရှိလာတော့တယ်၊ တကယ်လို့သာ မြဝင်းသူက ကျွန်တော်ကိုမနှစ်သက်ရင် ကျွန်တော်ပြောကတည်းက စကားဖြတ်ပြီး ထသွားတော့မှာပေါ့နော်. . . ဒီလို အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စကားပြောနေသေးတယ်ဆိုတော့ ကျွန်တော့်အတွက် မျှော်လင့်ချက်တစ်ခုခုတော့ ရှိလာနိုင်တာပေါ့နော်"

ဟု ကတုံ့ကရင်အသံမျိုးဖြင့် ပြန်ပြောလိုက်လေသည်။

"အင်း. . . ကျွန်မဘက်က ဒီလောက်ကလေး စဉ်းစားပေးဖော်ရတာ ကျေးဇူးတင်ရတော့မှာပဲ"

"ဟင်. . . စောစောက မြဝင်းသူပြောတုန်းက ကျွန်တော်တို့နှစ်ယောက် ဒီအခြေအနေရောက်မှတော့ ကျေးဇူးတင်စကားမျိုး မပြောသင့်တော့ဘူးဆို"

"ဟုတ်ပါတယ်. . . ဒါပေမယ့် ကျွန်မဘက်က အခြေအနေကို စဉ်းစားပေးတာကို ကျေနပ်သွားမိလို့ပါ"

"ဒီလိုဆိုရင် မြဝင်းသူလည်း ကျွန်တော်အတွက် စဉ်းစားပေးမှာပေါ့နော်"

"မိန်းကလေးဘက်က စဉ်းစားပေးပါ့မယ်လို့ပြောတာ အဖြေတစ်ဝက်ပေးတာမျိုးဆိုတာတော့ အစ်ကိုသိစေချင်ပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ မြဝင်းသူရယ်. . . အခုမှပဲ စိတ်အေးရတော့တယ်"

ဟု ပြောလိုက်လေသည်။

နီမောင်က အမူအယာကိုကြည့်ပြီး မြဝင်းသူကလည်း ကျေနပ်စွာဖြင့် ပြုံးလိုက်လေသည်။

ထိုအပြုံး၏အဓိပ္ပာယ်ကိုတော့ နီမောင်အတွက် တစ်သက်မမေ့စရာပင်ဖြစ်ပေတော့သည်။





ညသည့် အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်ဆိုစေကာမူ သာယာလှပမှုများဖြင့် ပြည့်စုံလျက်ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၄]

## အင်းစောင့်မကြွင်း ဖတ္တ-ရသူများ

အချိန်က ညဦးပိုင်း အချိန်ကျော်လွန်လာချေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး၊ အမှောင်ထုများ ဖုံးလွှမ်းနေပြီး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအချိန်တွင် ရွာထဲမှာ လူသွားလူလာမရှိသလောက် ရှင်းနေလေသည်။

ခါတိုင်းဆိုလျှင်တော့ ဘိုးထင်အရက်ဆိုင်မှာ ဒီလိုအချိန်ထိ အရက်သောက်သူများ ရှိနေသေးတတ်သော်လည်း ယခုတော့ ဌာနအုပ်ကျော်စွာက အရက်ချက်ခြင်းကို အကန့်အသတ် ထုပ်လိုက်သဖြင့် လူမရှိသလောက် ရှင်းနေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အရက်ကို သင့်တော်သလောက်သာ ချက်လုပ်ခွင့်ပေးထားပြီး ယခင်ကကဲ့သို့ အကြီးအကျယ်လုပ်ခွင့် မပေးတော့ပေ။

ထို့ကြောင့် အရက်ကို စိတ်တိုင်းကျချက်ပြီး ရွှေလီချောင်းရိုးတစ်လျှောက် လှေကြီးလှေငယ်တို့ဖြင့် တင်ပို့ရောင်းချခြင်းများလည်း ရပ်ဆိုင်းသွားလေတော့သည်။

အရက်သောက်သူများအတွက် မထိခိုက်သော်လည်း အရက်ရောင်းသော ဘိုးထင်တို့အတွက်ကတော့ အကြီးအကျယ် စီးပွားရေး ထိခိုက်နစ်နာမှု ရှိလေသည်။

ကျော်စွာအပေါ်မှာလည်း များစွာ မကျေမနပ်ဖြစ်နေလေသည်။

ယခင်ကရောက်လာသော ဌာနအုပ်အသစ်များဆိုလျှင် ရင်းတို့လက်ချက်ကြောင့် တစ်လပြည့်အောင် နေနိုင်သူမရှိဘဲ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ပြေးကြရသည်သာဖြစ်၏။

ငွေကြိုက်သူကိုငွေ၊ မိန်းမကြိုက်သူကိုမိန်းမ၊ အရက်ကြိုက်သူကို အရက်ဖြင့် ဖြားယောင်းသွေးသောင်သည့်အပြင် သရဲကြောက်တတ်သူကို သရဲဖြင့်ခြောက်လှန့်ကာ အမြန်ပြန်ပြေးအောင် ဆောင်ရွက်နိုင်ကြသည်။

နောက်ဆုံးမရလျှင် ဂျပန်များထံမဟုတ်မမှန် သတင်းပို့ပြီး နှိပ်စက်ခိုင်းရာ မည်သည့်ဌာနအုပ်မှ ကြာရှည်မနေနိုင်ဘဲ ပြန်ပြေးကြရသည်သာ ဖြစ်၏။

သရဲကုန်းဌာနတွင် ဌာနအုပ်မရှိတော့လျှင်တော့ ရင်းတို့ သဘောကျလုပ်ချင်တိုင်း လုပ်ကြလေတော့သည်။





ယခုရောက်နေသည့် ဌာနအုပ်ကျော်စွာကတော့ ယခင်ရောက်လာသော ဌာနအုပ်များနှင့်မတူပေ။

ငွေ၊ မိန်းမ၊ အရက် စသည်တို့ဖြင့် သွေးဆောင်ဖြားယောင်းလျှင်လည်းမရ။

မည်သူ့အရာ၊မှ ဂရုလည်းမစိုက်၊ ကြောက်လည်းမကြောက်သည့်အပြင် ဂျပန်များရှိရာသို့မဟုတ်မမှန် သတင်းပို့သော်လည်း ဂရုမစိုက်ပေ။

ဌာနအုပ်ကျော်စွာကတော့ မည်သူ့မျက်နှာကိုမှ မထောက်ဘဲ ဝတ္တရားရှိသည့်အတိုင်း ဆောင်ရွက်စရာရှိသည်တို့ကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်လေရာ သရဲကုန်းရွာ အပါအဝင် ထိုနေရာတစ်ဝိုက်မှာရှိကြသော မကောင်းမှုဒုစရိုက် အလုပ်တို့ဖြင့် အသက်မွေး၊ စီးပွားရှာနေကြသူတို့မှာ အကျပ်အတည်းနှင့် တွေ့နေကြရလေသည်။

ယခင်ကလို သစ်များခိုးယူရောင်းချခြင်း၊ သရဲကုန်းအင်းထဲမှာ လွတ်လွတ်လပ်လပ် ငါးဖမ်းခြင်းများအပြင်၊ အရက်ချက် အရက်ရောင်းခြင်း၊ ဖဲဝိုင်းထောင်ခြင်း စသောအလုပ်တို့ကို မလုပ်ကြရတော့ပေ။

အရဲစွန့်ပြီးလုပ်လျှင်လည်း ပုလိပ်များကဖမ်းဆီးပြီး ကသာအထိပို့ပစ်ရာ နောက်ထပ်မလုပ်ဝံ့အောင် ရှိနေကြသည်။

ယခုအခါ ဌာနအုပ်ကျော်စွာရောက်လာပြီးနောက်ပိုင်းတွင် သူကြီးသံပချိုင့်လည်း ယခင်ကလို ဩဇာအာဏာလည်းမရှိ၊ လုပ်ပိုင်ခွင့်လည်း များများမရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးထင်တို့လို အရက်ချက်ရောင်းနေသူတို့မှာလည်း ယ
ခင်ကလို သူကြီးအားကိုးဖြင့် လုပ်ချင်တိုင်းလုပ်၍ မရကြတော့သ
ဖြင့်များစွာ အခက်အခဲ တွေ့နေကြရသည်။

ယခင် သရဲကုန်းဌာနမှာနေကြသော လူဟောင်းပုလိပ်
များက သူတို့နှင့်အပေးအယူရှိပြီး သူတို့ပြီးလျှင် ပြီးကြရသည်

ယခု ဌာနအုပ်ကျော်စွာနှင့် အတူပါလာသောပုလိပ်များ
က လူသစ်များဖြစ်ကြသဖြင့် ဘယ်လိုမှ အပေးအယူလုပ်၍မ
ပေ။

သူကြီးသံပချိုင့်မှာ ယခင်က အားကိုးရသော လူမိုက်တ
ပည့်များရှိကြသည်။

အနုနည်းနှင့် မရပါက လူမိုက်များက အကြမ်းနည်းဖြ
ဖြေရှင်းကြသော်လည်း ယခုတော့ လူမိုက်ခေါင်းဆောင်မြဒင်အ
ပါအဝင် လူဆိုးလူမိုက်အတော်များများမှာ အချို့လည်း အချု
ထဲ၊ ထောင်ထဲရောက်သွားကြပြီး လူမိုက်ခေါင်းဆောင်မြဒင်ပ
ပွဲဦးထွက်တွင် မရှူမလှခံလိုက်ရပေရာ ကျန်လူများမှာ သိပ်
လှုပ်ဝံ့အောင် ဖြစ်သွားကြလေတော့သည်။

ထို့ကြောင့် သံပချိုင့်တို့မှာ နည်းအမျိုးမျိုးဖြင့် အကြ
ထုတ်နေကြလေတော့သည်။

ယခုလည်း ညအချိန်တွင် သံပချိုင့်၏အိမ်ကြီးထဲမှာ ဘိုး
ထင်အပါအဝင်လူအတော်များများ ရောက်နေကြသည်။

သူတို့သည် အကြံအစည်တစ်ခုအတွက် တိုင်ပင်ရန်အ
တွက် လူစုနေကြခြင်း ဖြစ်သည်။





ထိုအချိန်မှာပင် ဦးခေါင်းပေါ်မှာ ခမောက်ဝိုင်းတစ်လုံး ဆောင်းထားကာ၊ ကျောမှာ ဓားရှည်တစ်လက်ကိုလွယ်ထားသော လူတစ်ယောက် ခပ်သုတ်သုတ် လျှောက်လာလေသည်။

ထိုသူသည် အရေးတကြီးကိစ္စအတွက် ခရီးထွက်လာ ဟန်ရှိသဖြင့် မည်သည့်နေရာမှ ကြည့်လည်းမကြည့်၊ ဝင်လည်း မဝင်ဘဲ သူကြီးသံပချိုင့်အိမ်သို့ တန်းတန်းမတ်မတ် ဝင်သွားလေ သည်။

အိမ်ထဲရောက်သောအခါ ဦးခေါင်းပေါ်မှဆောင်းလာ သော ခမောက်ဝိုင်းကြီးကို ချွတ်လိုက်သည်။

အခြားသူမဟုတ်ပေ။ ဆရာကြီးဦးစိုင်းလုံထံမှာ ပညာ သင်နေသော ကျော်သီဟပင်ဖြစ်သည်။

၎င်းရောက်လာသောအခါ အခန်းထဲမှာ အချင်းချင်း ပြောဆိုနေကြသောစကားသံများ တိတ်သွားလေသည်။

"ဒီရွာမှာ အခြေအနေ ဘယ်လိုရှိသလဲ"

ကျော်သီဟက ဖျာပေါ်တွင်ဝင်ထိုင်ရင်း မေးလိုက်သည်။

အနားမှာရှိနေသူတစ်ယောက်က အရက်တစ်ခွက်ငှဲ့ ထည့်ပြီး သူ့ရှေ့ချပေးလိုက်သဖြင့် ယူ၍ မော့သောက်လိုက် သည်။

"အခြေအနေကတော့ ဘယ်ကောင်းပါတော့မလဲ၊ ဌာန အုပ်အသစ်ရောက်လာပြီးနောက်မှာ ဘာမှလုပ်လို့မရတော့ဘူး"

သံပချိုင့်က ပြောပြလိုက်သည်။

"သူ့ကိုရှင်းပစ်လို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း နည်းအမျိုးမျိုးနဲ့ကြိုးစားနေကြတာပဲ. . . သူက ဘယ်လိုနည်းနဲ့မှမရဘူး၊ ဒါကြောင့် ခက်နေတာပေါ့"

ထိုအခါ ဘိုးထင်ကပါဝင်ပြောပြန်သည်။

"အခုဆိုရင် ငါတို့လူတွေ အတော်များများလည်း အချုပ်ထဲရောက်ကုန်ပြီ၊ လိုင်စင်မရှိရင် သစ်တောထဲဝင်လို့လည်း မရတော့ဘူး၊ အရက်ချက်ခွင့်လည်း မပေးတော့ဘူး. . . အင်းကလည်း လေလံချပေးလိုက်ပြီဆိုတော့ ငါးဖမ်းလို့မရတော့ဘူး"

ထိုစကားကြားတော့ ကျော်သီဟကပြောသည်။

"သရဲကုန်းအင်းက အင်းလေလံဆွဲယူသွားကြပေမယ့် သူတို့က ငါးဖမ်းကြမှာမဟုတ်ဘူး"

"ဟင်. . . ဒါဖြင့် ဘာကြောင့် ငွေတွေ ဒီလောက်အများကြီးပေးပြီး လေလံဆွဲသွားတာလဲ"

"ကျုပ်သိတန်သလောက် သိထားပြီးပြီ"

"ဘယ်လိုသိတာလည်း ပြောပါဦး ကျော်သီဟရဲ့. . . အခုတော့ ငါတို့က မင်းကိုပဲ အားကိုးကြရတော့မယ့်အခြေအနေမျိုး ရောက်နေပြီ"

"ဒီလောက်စိတ်မပူပါနဲ့. . . ကျုပ်မှာအစီအစဉ်ကောင်းတွေ ရှိပါတယ်၊ ခင်ဗျားတို့ သတ္တိရှိဖို့ပဲလိုတယ်"

"သတ္တိကတော့ ရှိတာပေါ့မောင်ရာ. . . ဘာလုပ်ရမယ်ဆိုတာသာ ပြောပေတော့"

ဘိုးထင်က အားတက်သရောပြောသည်။

"သိပ်မလောပါနဲ့ မကြာခင် လုပ်ကြရမှာပါ. . . တ





ကယ်လို့ ကျုပ်တို့အကြံအစည်သာ အောင်မြင်ရင် ခင်ဗျားတို့တွေ ဒီတစ်သက်မပြောနဲ့ ဆယ်သက်စားလို့မကုန်အောင် ရကြမှာ"

"ဟန်ကျတာပေါ့. . . အခုပြောရင် အခုတောင် လုပ်လိုက်ချင်ပြီ"

"စိတ်မလောပါနဲ့. . . မကြာခင် လုပ်ရမှာပါ"

"ဒါထက် အင်းလေလံရသွားတဲ့လူတွေက အရင်လူတွေလို ငါးမဖမ်းဘူးဆိုတော့ ဘာလုပ်ကြမှာလဲ"

"သူတို့မှာ တခြားအကြောင်းတွေရှိကြလို့ဖြစ်မှာပေါ့"

"သူတို့မဖမ်းရင် ငါတို့ဝင်ဖမ်းရင် ရတာပေါ့"

"သူတို့မသိအောင် ဖမ်းပေါ့"

ကျော်သီဟက ဒီလောက်သာပြောပြီး အခြားအရေးကြီးသောအကြောင်းများကိုပြောပြနေသည်။

သံပချိုင့်နှင့်ဘိုးထင်တို့ကတော့ သူတို့အတွက် ချမ်းသာစေတော့မည့် နည်းလမ်းကောင်းတစ်ခုကို နားထောင်နေရသကဲ့သို့ များစွာ စိတ်ဝင်စားနေကြသည်။

ကျော်သီဟမှာ သံပချိုင့်တို့နှင့် အဆက်အသွယ်ရှိသူဖြစ်ပြီး ဆရာကြီးဦးစိုင်းလုံထံမှာ သိုင်းပညာသင်ယူလိုခြင်းသက်သက်မဟုတ်ဘဲ အခြားအကြောင်းတစ်ခုကြောင့် ထိုမှာအမြဲနေခဲ့ခြင်းဖြစ်သည်။

ကျော်သီဟမှာ မိဘဘိုးဘွားလက်ထက်ကတည်းက ကျုံမြို့ဟောင်းနှင့် ပျောက်ကွယ်နေသော ရတနာများအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ကောင်းစွာ သိထားသူဖြစ်သည်။

ထို့ကြောင့် ထိုနေရာနှင့် အဆက်အသွယ်ရှိသူများကို ရှာဖွေစုံစမ်းရင်းနှင့် ဦးစိုင်းလုံတို့ထံမှာ နေခဲ့ခြင်းဖြစ်၏။

ထိုသို့နေရင်းနှင့်ပင် သံပချိုင့်တို့နှင့်လည်း မကြာခဏ အဆက်အသွယ် ရှိနေခဲ့သည်။

ကျော်သီဟအနေဖြင့် သူရည်ရွယ်ထားသော လုပ်ငန်း အောင်မြင်စေရန်အတွက် သံပချိုင့်တို့အဖွဲ့ကို အသုံးချရန် ရည် ရွယ်ချက်ရှိသောကြောင့် ဖြစ်သည်။

ထိုနေ့ညက ကျော်သီဟနှင့်သံပချိုင့်၊ ဘိုးထင်တို့လူစုမှာ ညဉ့်နက်ပိုင်းရောက်သည်အထိ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ် ကြလေသည်။

နောက်တစ်နေ့တွင် အင်းထဲမှာ ငါးဖမ်းမည့်သူမရှိဟု သတင်းကြားသဖြင့် သရဲကုန်းရွာမှလူအချို့ လှေများဖြင့် ငါးဖမ်း ထွက်လာကြသည်။

၎င်းတို့အနေဖြင့် အင်းထဲရောက်ပြီး ငါးဖမ်းကြသော် လည်း ငါးတစ်ကောင်မှ ဖမ်းမမိကြပေ။

အင်းထဲမှာငါးမရှိ၍ မဟုတ်ပေ။

အချို့ငါးများမှာ သူတို့လှေနားတစ်ဝိုက်မှာပင် ပေါ်နေ ကြသည်။

ကွန်၊ ပိုက်များဖြင့် အုပ်ချလိုက်တော့မှ ပျောက်သွားကြ ခြင်းဖြစ်သည်။

တစ်နေကုန် တစ်နေခမ်းဆိုသလို နေရာအနှံ့တွင် ငါး





ဖမ်းကြသော်လည်း ရောင်းချဖို့နေနေသာ ဟင်းစားအတွက် ပင် တစ်ကောင်တလေမှ ငါးမရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ခဲ့ ကြရလေသည်။

"မင်းတို့က နေ့ခင်းဘက်သွားဖမ်းလို့မရကြတာ ဖြစ်မယ် ထင်တယ်၊ ငါးများများရချင်ရင် ညဘက်သွားဖမ်းကြည့်ပါလား"

ဟုပြောသူက ပြောကြသည်။

ထိုအခါမှ အခြေအနေက ပိုဆိုးလေတော့သည်။

ငါးမရသည့်အပြင် သရဲခြောက်တာပါ ခံရတော့သည်။

ငါးခိုးဖမ်းသောရွာသားမှာ မီးရောင်ဖြင့် ရေထဲမှာငါးများ မြင်သဖြင့် ပိုက်ကွန်ကို ပစ်ချလိုက်သည်။

ရေထဲသို့ ပိုက်ကွန်ရောက်သွားသည်နှင့် ငါးများ ပိုက်ထဲ ပါမိနေသောကြောင့် နန်းနန်းနှင့်တိုးနေလေသည်။

ထို့ကြောင့် ဝမ်းသာအားရနှင့် အပေါ်သို့ဆွဲတင်လိုက်ရာ လှေပေါ်သို့ပိုက်ရောက်လာတော့မှ မျက်လုံးပြူးသွားရလေသည်။

ပိုက်ကွန်ထဲမှာ ငါးတစ်ကောင်မှမပါလာဘဲ လူအရိုး ခေါင်းတစ်လုံးနှင့် ငါးရိုးများသာ တွေ့ရလေသည်။

ထိုနေရာတွင် သရဲခြောက်သည်အထင်ဖြင့် အခြားနေ ရာသို့ ရွှေ့သွားကြသည်။

တစ်နေရာရောက်တော့ သူတို့နောက်မှ လှေတစ်စင်း လှော်လိုက်လာသည်ကို ဝိုးတဝါးလှမ်းမြင်ရသည်။

ထို့ကြောင့် ငါးခိုးဖမ်းနေသူတို့မှာ အသင့်ယူလာသော ဓားလှံများကို အဆင်သင့်ပြင်ထားလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ အင်းပိုင်ရှင်လူများဖြစ်ပါက တိုက်ခိုက်ပြီး ထွက်ပြေးကြရန် စိတ်ကူးထားကြလေသည်။

မနီးမဝေးရောက်လာတော့ လှေပေါ်မှာ လူနှစ်ယောက် သာပါလာသည်ကို လှမ်းမြင်ရသည်။

တစ်ယောက်က လှေဦးမှထိုင်လိုက်လာပြီး ခမောက်ပိုင်း တစ်ချပ်ဆောင်းထားသောသူက နောက်ဘက်မှလှေလှော်လာ သည်။

မနီးမဝေးရောက်တော့ လှေအရှိန်ကိုရပ်လိုက်သည်။

ထိုအခါမှ လှေဦး၌ထိုင်လိုက်လာသူမှာ ယောကျ်ားမ ဟုတ်ပဲ အမျိုးသမီးတစ်ယောက်ဖြစ်မှန်း သိကြရသည်။

လှေချင်းနီးတော့ရပ်ပြီး ထိုအမျိုးသမီးက လှမ်းမေး သည်။

"နင်တို့ ဘာလုပ်နေကြတာလဲ"

"ငါးဖမ်းနေတာ မမြင်ဖူးလား"

မိန်းမတစ်ယောက်ဖြစ်နေသောကြောင့် ငါးဖမ်းနေသူ သုံးယောက်က မခန့်လေးစားလေသံဖြင့် ပြန်ပြောလိုက်ကြလေ သည်။

"ငါးဖမ်းနေမှန်းတော့ မြင်တာပေါ့၊ ဒီအင်းကလေလံဆွဲ ထားပြီးသားဖြစ်လို့ ပိုင်ရှင်ရှိတယ်ဆိုတာမသိဘူးလား"

"သိသားပဲ. . . ငါတို့ကရောင်းစားဖို့အတွက် မဟုတ်ပါ ဘူး. . . ဟင်းစားအတွက် ဖမ်းကြတာပါ"

"ဟင်းစားလိုချင်ရင် ပိုင်ရှင်ရှိနေတာ ပိုင်ရှင်ဆီမှာ





တောင်းရမှာပေါ့"

"အရင်လည်း ဒီအတိုင်းပဲဖမ်းနေကြတာပဲ. . . ငါတို့ တော့ ဘယ်သူ့ဆီက ခွင့်မတောင်းပါဘူး၊ ဒါထက် နင်က ဘယ် သူလဲ"

"ငါက အင်းလေလံဆွဲထားတဲ့ပိုင်ရှင်ပဲ"

"နင်တို့က အင်းလေလံဆွဲထားပြီး ငါးမဖမ်းဘဲ ဒီအတိုင်း ထားကြတယ်. . . ဘာလုပ်နေကြတာလဲ"

"အဲဒါ နင်တို့အပူ တစ်ပြားသားမှ မပါပါဘူး၊ နင်တို့သာ ဒီအင်းထဲမှာ ငါးမဖမ်းဘဲ ပြန်သွားကြပေတော့၊ တကယ်လို့ ဆက် ဖမ်းလို့တစ်ခုခုဖြစ်ရင်တော့ ငါ့တာဝန်မဟုတ်တော့ဘူး"

"နင် ဘာပဲပြောပြော ငါတို့ကတော့ ဟင်းစားရအောင် ဆက်ဖမ်းရဦးမှာပဲ"

ဟုပြန်ပြောရာ အမျိုးသမီးလည်း နောက်ထပ် ဘာမှ ဆက်မပြောတော့ဘဲ ထိုနေရာမှလှေကို လှော်ထွက်သွားကြလေ သည်။

ထိုအခါ ငါးဖမ်းနေသူသုံးယောက်တို့မှာ တအံ့တသြ ပြောနေကြလေသည်။

"အရင်က အင်းလေလံဆွဲတဲ့သူတွေဆိုရင် လူမိုက်တွေ ထားပြီး ငါးခိုးဖမ်းတဲ့လူတွေ ဖမ်းခိုင်းတယ်၊ သူတို့ကျမှ မိန်းမတစ် ယောက်တည်း အင်းထဲလှည့်နေရတယ်လို့. . . တစ်ခါမှ မကြားဖူး ပါဘူး"

"အေး. . . လူမိုက်တွေလှည့်နေတာတောင် ငါးခိုးတဲ့


www.burmeseclassic.com

www.burmeseclassic.com

လူတွေကမကြောက်ကြတာ၊ ဒီလိုမိန်းကလေးတစ်ယောက်တည်း လှည့်နေလို့ကတော့ ကုန်တောင်သွားဦးမယ်"

"ဒါပေမယ့် ကောင်မလေးက အတော်ချောတယ်နော်"

"ဒီလောက်ချောတဲ့ မိန်းကလေးတစ်ယောက်တည်း အင်းထဲမှာ အချိန်မတော်ကြီး လျှောက်သွားနေလို့ကတော့ ငါးခိုးတဲ့သူတွေက ငါးမဖမ်းဘဲ လူပဲဖမ်းခေါ်သွားမှာ မြင်ယောင်သေးတော့တယ်"

ဟု အချင်းချင်းပြောဆိုနေကြလေသည်။

ထို့နောက်မှာတော့ သုံးယောက်သား ငါးများများရနိုင်မည့်နေရာကို ရှာဖွေရင်းနှင့် အင်းအလယ်နေရာလောက်တွင် ရေထဲမှာပေါက်နေသော ပျဉ်းမပင်ကြီးရှိရာသို့ ရောက်လာကြလေသည်။

ထိုပျဉ်းမပင်ကြီးမှာ နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့သဖြင့် အထိကရသစ်ပင်ကြီးမျိုး ဖြစ်လေသည်။

အကိုင်းအခက်များတွင် သစ်ရွက်အနည်းငယ်သာရှိတော့ပြီး အရိုးပြိုင်းပြိုင်းထနေလေရာ အဝေးမှလှမ်းကြည့်လျှင် မကောင်းဆိုးဝါးကြီးတစ်ကောင် ရေထဲမှာရပ်နေသကဲ့သို့ ထင်ရလေသည်။

ငါးဖမ်းသမားသုံးယောက်တို့သည် ထိုနေရာရောက်သောအခါ ပါလာသောပိုက်ကွန်ဖြင့် ငါးဖမ်းကြသည်။

ထိုနေရာမှာ ဗျိုက်တောနှင့် ဗေဒါပင်များရှိသောကြောင့် ငါးအခိုအကပ်များပြီး ငါးပေါများသော နေရာတစ်ခုဖြစ်သည်။





ထို့ကြောင့် သဲကြီးမဲကြီးနှင့် ငါးဖမ်းနေကြရာ အချိန်အတော်ကြာသည်အထိ ငါးကြီးငါးကောင်းမဆိုထားနှင့် ငါးခုံးမတစ်ကောင်ပင် ပိုက်ကွန်ထဲမပါလာသောကြောင့် များစွာ အံ့သြနေကြလေသည်။

"ထူးဆန်းလိုက်တာ. . . ဒီလောက်ငါးပေါတဲ့နေရာမှာ ငါးဖမ်းတာ တစ်ကောင်မှမရတာတော့ အတော်ထူးဆန်းတယ်"

"ငါတို့တစ်ခုခုများ မှားနေလို့လား"

"ဘာမှားစရာရှိလို့လဲ. . . အင်းထဲမှာ ပိုက်နဲ့ပဲငါးဖမ်းနေတာပဲ"

"ငါပြောတာက ဟိုအမျိုးသမီးပြောသွားသလို သူတို့ခွင့်မပေးလို့များ ငါးတစ်ကောင်မှမရတာလား"

"ဒါတွေအယုံအကြည် မရှိပါဘူး. . . ဟိုမိန်းမက မင်းတို့ကိုကြောက်လန့်အောင် ခြောက်လှန့်သွားတာဖြစ်မှာပါ"

"သူပြောတာ မှန်နိုင်တယ်ကွ"

နောက်မှလှေလှော်နေသူက အသံကတုံကရင်ဖြင့် လှမ်းပြောလိုက်သည်။

"ဘယ်လိုမှန်တာလဲ"

"ဒီအင်းထဲမှာ အင်းစောင့်ရှိတယ်"

"ဘယ်မှာလဲ"

"ဟိုပျဉ်းမပင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတယ်"

"ဟင်. . . ."

ကျန်နှစ်ယောက်ကပါ အထိတ်တလန့်ဖြင့် ပျဉ်းမပင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့မော့ကြည့်လိုက်ကြသည်။

ထိုအခါမှ ပျဉ်းမပင်ခွကြားမှ ဆောင့်ကြောင့်ထိုင်ပြီး သူတို့ကိုငုံ့ကြည့်နေသော အင်းစောင့်သရဲဟုထင်ရသော ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ကြီးကို တွေ့ကြရတော့သည်။

တစ်ကိုယ်လုံး အမွေးစုတ်ဖွားနှင့် ကိုယ်ခန္ဓာကိုယ်ကလည်း ပုတ်လုံးကြီးကဲ့သို့ ကြီးသည်။

နီရဲနေသောမျက်လုံးနှစ်လုံးက နီရဲပြီး အပြင်သို့ပြူးထွက်နေသည်။

သစ်ပင်ခွကြား၌ ဆောင့်ကြောင့်ထိုင်နေခြင်းဖြစ်ရာ နံဘေးသို့ချထားသော လက်နှစ်ဘက်က အတော်ရှည်လျားစွာဖြင့် တွဲလောင်းကျနေရာ ရေပြင်ပေါ်သို့ထိလုထိခင် ဖြစ်နေလေသည်။

ထိုအခြေအနေကိုမြင်သည်နှင့် ငါးဖမ်းသူသုံးယောက်မှာ ရေထဲချထားသောပိုက်ကိုပင် လှေပေါ်သို့ဆွဲတင်ချိန်မရတော့ဘဲ ထိုနေရာမှ ထွက်ပြေးကြရလေတော့သည်။





# အခန်း [၁၅]

## မယုံကြည်နိုင်သော [illegible] အပြုံးတစ်ပွင့်

တစ်နေ့သ၌ သရဲကုန်းဌာနအတွင်း ကျော်စွာ၏အခန်းထဲတွင် လူစုံတက်စုံ ရောက်နေကြသည်။

လူစုံတက်စုံဟုဆိုရာတွင် ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ ဦးဗန်ကောင်း၊ စောထီး၊ မေမဲအောင်တို့ပင် ဖြစ်သည်။

သူတို့သည် အရေးကြီးသောကိစ္စအတွက် လျှို့ဝှက်စွာတိုင်ပင်ပြောဆိုနေကြခြင်း ဖြစ်သည်။

လူစုံသောအခါ ကျော်စွာကပြောသည်။

"ဆရာတို့လိုက်လာပြီး အကူအညီပေးကြတာရော ဒီနယ်ခံဖြစ်တဲ့ ကိုနီမောင်တို့လာတွေကပါဝိုင်းပြီး အကူအညီပေးကြ


www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ဒီနယ်မှာသောင်းကျန်းနေတဲ့ ဒုစရိုက်သမားတွေတော့ အတော်ငြိမ်ကျသွားပြီ"

"ဒါပေမယ့် မပြီးသေးဘူး ကိုကျော်စွာရဲ့၊ မြက်ပင်ကိုခုတ်သလိုပဲ အမြစ်ကျန်နေသေးရင် မကြာခင် ပြန်ထွက်လာဦးမှာပဲ၊ အခုကြည့်ရတာ အခြေအနေမကောင်းသေးလို့ ခဏငြိမ်နေကြတာ. . . ရှေ့တိုးဖို့အတွက် နောက်တစ်လှမ်းဆုတ်ပြီး အချိန်ယူနေတဲ့သဘောပဲ"

"ဆရာပြောတာမှန်ပါတယ်. . . ဒုစရိုက်မှုတွေကို နောက်ကွယ်က ကြိုးကိုင်ပေးနေတဲ့သူတွေ ကျန်သေးတယ် သူတို့ကို မရှင်းနိုင်မချင်း အေးဦးမယ်မထင်ဘူး"

"ကျုပ်အထင်ပြောရရင်တော့ သူတို့ငြိမ်နေတာ အကြောင်းတစ်ခုခုတော့ ရှိနိုင်တယ်"

ဦးပန်ကောင်းစကားကြားသောအခါ နီမောင်က ဝင်ပြောလေသည်။

"တောင်ညိုရွာက မြဝင်းသူဆီက သိရသလောက်ဆိုရင်တော့ ဆရာကြီးဦးစိုင်းလုံဆီမှာ သိုင်းပညာလာသင်နေတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့နာမည်က ကျော်သီဟလို့ခေါ်တယ်. . . ကျော်သီဟက ဆရာကြီးဆီမှာ ခွင့်မတောင်း အသိမပေးဘဲထွက်သွားတာ နှစ်ရက်သုံးရက်ရှိနေပြီလို့ ပြောတယ်"

"မကျေနပ်တာတစ်ခုခုရှိလို့. . . အသိမပေးဘဲနဲ့ ထွက်သွားသလားမှ မပြောတတ်တာ"

"ကျော်သီဟက ရှမ်းပြည်နယ်ဘက်ကလာပြီး ပညာသင်တယ်လို့ပြောထားတယ်၊ ထူးခြားတာက အခုရက်ပိုင်းမှာ အဲဒီကျော်သီဟဆိုတဲ့လူက ဒီရွာမှာရှိတဲ့ သူကြီးသံပချိုင့်တို့အဖွဲ့နဲ့ လာပြီး ပူးပေါင်းနေတာ တွေ့ရတယ်"

"ဒီလိုဆိုရင် သူတို့မှာ လျှို့ဝှက်အကြံအစည်တစ်ခုခုရှိနိုင်တယ်"

"သူတို့ကြံရင် ကောင်းတဲ့အကြံအစည်တော့ဖြစ်မယ် မထင်ဘူး၊ မကောင်းတဲ့အကြံအစည်ပဲ ဖြစ်ရမယ်၊ ဘာကြောင့်လည်းဆိုတော့ သံပချိုင့်တို့က အခုတလော သရဲကုန်းဌာနမှာ ကိုကျော်စွာရောက်လာပြီးကတည်းက ဘာမှလုပ်လို့မရတော့လို့ စီးပွားပျက်နေကြတာ. . . ဒီတော့ သေမထူး နေမထူးအခြေအနေမျိုးရောက်နေမှတော့ တစ်ခုခုတော့ လုပ်မှာသေချာတယ်"

ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချသည်။

ထိုအခါ နီမောင်ကပါ ဝင်ပြောသည်။

"မြဝင်းသူပြောပုံအရဆိုရင် ကျော်သီဟရှိနေတုန်း တစ်ခုခု အကြံအစည်ရှိတယ်ဆိုတာ သူရိပ်မိတယ်လို့ပြောတယ်၊ သူတို့နဲ့ပတ်သက်တဲ့ အကြံအစည်မျိုးလည်း ဖြစ်နိုင်တယ်"

"သူတို့နဲ့ဒီတစ်ခါ ရင်ဆိုင်ရပြီဆိုရင်တော့ သူသေကိုယ်သေတွေ့ရမယ့်ပွဲမျိုး ဖြစ်လာနိုင်တယ်. . . ဒီတော့ ကိုယ့်ဘက်က အစစအရာရာ ပြင်ဆင်နိုင်အောင် သူတို့ဘက်က လူတွေ ဘာတွေလုပ်နေသလဲ. . . ဘာတွေကြံစည်နေတယ်ဆိုတာ ကြိုတင်သိရဖို့ အရေးကြီးတယ်"

ထိုအခါ စောထီးမှင့် ငမဲအောင်တို့နှစ်ယောက်က အား






www.burmeseclassic.com

www.burmeseclassic.com



တက်သရောဝင်ပြောလေသည်။

"ဒီအတွက်တော့ စိတ်မပူနဲ့ဆရာ. . . ဒီကိစ္စမျိုးတွေ လောက်တော့ ကျွန်တော်တို့လုပ်ပေးနိုင်ပါတယ်"

"ဟုတ်တယ်ဆရာ. . . ဒီရွာမှာနေပြီး သူတို့အဖွဲ့ထဲမှာ ပါနေတဲ့လူတွေထဲမှာတောင် ကျွန်တော်တို့နဲ့ခင်တဲ့လူတွေရှိတယ် . . . အရက်မူးအောင်တိုက်ပြီးမေးရင် သိချင်တာတွေသိရနိုင်ပါတယ်"

ဟု နှစ်ယောက်စလုံးကပြောကြရာ များစွာ အဆင်ပြေသွားလေသည်။

ဤသို့ဖြင့် နောက်ထပ်နှစ်ရက်ခန့်ကြာသောအခါ ၎င်းတို့နှစ်ယောက်ထံမှ အရေးကြီးသောသတင်းတစ်ခု ကြားရသည်။

ထိုသတင်းမှာ များစွာ အရေးကြီးသော သတင်းဖြစ်ရာ ချက်ချင်းပင် ပြုလုပ်စရာများ၊ စီစဉ်စရာများကို လျှို့ဝှက်စွာ ပြုလုပ်ကြတော့သည်။

ထိုနေ့က လဆန်းရက်ဖြစ်သော်လည်း ညဦးပိုင်းအချိန်ကတည်းက မိုးရိပ်များတက်နေသောကြောင့် ပတ်ဝန်းကျင်မှာ မှောင်မည်းနေတော့သည်။

တောင်ညိုတစ်ရွာလုံးလည်း အိပ်မောကျနေသည့်အလား တိတ်ဆိတ်ငြိမ်သက်နေသည်။

ဦးစိုင်းလုံနှင့် မြဝင်းသူတို့နေသော အိမ်ကြီးအပေါ်မှာတော့ ၎င်းတို့နှစ်ယောက်သာနေပြီး အောက်မှာတော့ ရပ်ဝေး လာရောက်သိုင်းပညာသင်ယူနေကြသူအချို့တော့ ရှိသည်။





သို့သော်လည်း ၎င်းတို့က ၎င်းတို့အတွက်ပေးထားသော သီးခြားနေရာများမှာသာ နေကြသည်။

ထို့ပြင် ယခုရက်ပိုင်းမှာလည်း အချို့ နေရပ်ပြန်နေကြသောကြောင့် သုံးလေးယောက်သာ ကျန်ခဲ့သည်။

ညဦးပိုင်းအချိန်ရောက်တော့ ဦးစိုင်းလုံက ဘုရားခန်းထဲမှာ ဘုရားဝတ်ပြုနေပြီး၊ မြဝင်းသူက သူမအိပ်ခန်းအတွင်း၌ ရှိနေလေသည်။

ထိုအချိန်တွင် အင်းထဲမှဖြတ်ကာ လှေသုံးစင်းလှော်လာကြသည်။

စုစုပေါင်း လူ ၁၅ ယောက်ခန့်ရှိသည်။

၎င်းတို့လှေထဲမှာ ဓားလှံလက်နက်တို့အပြင် နှစ်လုံးပြူး သေနတ်တစ်လက်နှင့် ပြောင်းရှည်သေနတ်တစ်လက်တို့လည်း ပါလာကြသည်။

သူတို့သည် ကမ်းစပ်သို့ရောက်သောအခါ လှေများကို ကမ်းပေါ်သို့ဆွဲတင်ထားခဲ့ပြီး ဦးစိုင်းလုံတို့နေအိမ်သို့ ဦးတည်သွားကြလေသည်။

ထိုအိမ်သို့ရောက်သောအခါ သေနတ်တစ်လက်ကိုင်ထားသူနှင့် လူငါးယောက်တို့က အိမ်အောက်၌စောင့်နေခဲ့ပြီး ကျန်ဆယ်ယောက်က အိမ်ပေါ်တက်သွားကြသည်။

တံခါးမှာစေ့ရုံစေ့ထားသောကြောင့် တွန်းဖွင့်ပြီးဝင်သွားကြရာ ဦးစိုင်းလုံက အိမ်ထဲသို့ဝင်လာသံများကြားသဖြင့် ဘုရားခန်းမှ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းသူကလည်း အခန်းတွင်းမှ အပြင့်ထွက်လာသည်။

ထိုအခါ ရှေ့ဆုံးမှသေနတ်ကိုင်ထားသူက ဦးစိုင်းလုံကို သေနတ်ဖြင့် ချိန်ထားလိုက်သည်။

အိမ်ထဲမှာ မီးအိမ်တစ်လုံးထွန်းထားသောကြောင့် အလင်းရောင်အချို့ရှိနေသည်။

လူဆိုးဓားပြများက မျက်နှာကိုမမှတ်မိစေရန် ရုပ်ဖျက်ထားကြသော်လည်း မျက်စိရှင်လှသော ဦးစိုင်းလုံကတော့ ဘယ်သူဘယ်ဝါဖြစ်သည်ကို သိလေသည်။

ထို့ကြောင့် မနီးမဝေးမှရပ်ကာ မေးလိုက်သည်။

"ဒါ. . . ဘာသဘောလည်း ကျော်သီဟ"

"အော်. . . ခင်ဗျားက ကျုပ်ကိုတောင် မှတ်မိနေမှကိုး ဒီတော့လည်း မထူးတော့ပါဘူး၊ ပွင့်ပွင့်လင်းလင်းပဲပြောရတော့မှာပေါ့. . . ခင်ဗျားတို့ဆီက လိုချင်စရာရှိလို့လာခဲ့တာပဲ"

"ဒါ. . . ငါသင်ပေးခဲ့တဲ့ပညာတွေအတွက် ကျေးဇူးပြန်ဆပ်တာပေါ့ ဟုတ်လား"

"အခုအချိန်မှာ ဒါတွေပြောမနေပါနဲ့တော့ဗျာ. . . ခင်ဗျားနဲ့ကျုပ်နဲ့က ဆရာတပည့်လည်း မဟုတ်တော့ပါဘူး၊ ခင်ဗျားသိုင်းပညာ ဘယ်လောက်တော်တယ်ဆိုတာ ကျုပ်သိတယ်. . . ဒါပေမယ့် ဒီသေနတ်ထဲက ကျည်ဆံလောက်တော့ မြန်နိုင်မှာ မဟုတ်ပါဘူး၊ ဒီတော့အသက်မသေချင်ရင် ကျုပ်တို့ခိုင်းတာလုပ်ပေးပါ"

"ဒီအိမ်ထဲမှာရှိတဲ့ပစ္စည်းတွေ မင်းတို့ကြိုက်တာ ယူသွား





နိုင်တယ်"

"ကျုပ်တို့က ဒီလောက်ပစ္စည်းတွေကို လိုချင်လို့လာကြတာ မဟုတ်ဘူး၊ ခင်ဗျားတို့ ဆွေမျိုးသားချင်းတွေပိုင်တဲ့ ပစ္စည်းတွေကို လိုချင်လို့လာတာဗျ"

"ဘာပစ္စည်းတွေလဲ"

"လှေကိုးစီး. . . လှည်းကိုးစီးတိုက် ရတနာတွေလေ"

"အော်. . . ဒီပစ္စည်းတွေ လိုချင်လို့လာတာကိုး၊ ဒါဆက် မေးပါရစေဦး၊ ဒီအကြောင်းတွေကို မင်းက ဘယ်လိုများသိနေရတာလဲ ပြောပါဦး"

"ကျုပ်လည်း သိနိုင်လောက်တဲ့ အရည်အချင်းရှိလို့ သိတာပေါ့ဗျာ၊ ခင်ဗျားအသက်မသေချင်ရင် သက်ဆိုင်သူတွေကို ဒီနေရာခေါ်ပေးပါ"

"ဒီလိုဆိုရင်တော့ ခေါ်ပေးပါ့မယ်. . . ဒီနေရာကခေါ်လို့တော့ မရဘူး၊ အင်းစပ်နေရာက သွားခေါ်ရမယ်"

ထိုသို့ပြောဆိုပြီးနောက် ဦးစိုင်းလုံနှင့် မြဝင်းသူတို့နှစ်ယောက်ကို ကြိုးဖြင့်တုပ်ကာ အင်းစပ်သို့ ခေါ်ဆောင်လာကြသည်။

သူတို့အိမ်ရှိသောနေရာမှ အင်းရေစပ်သို့ရောက်အောင် အတော်ကလေးသွားရသဖြင့် အမှောင်ရိပ်ထဲမှာပင် ဖြတ်ဆင်းခဲ့ကြသည်။

လမ်းကကျဉ်းသဖြင့် တန်းစီပြီးလျှောက်ကြရာ နောက်ဆုံးမှ လျှောက်နေသူတစ်ယောက်မှာ တစ်နေရာရှောက်သောအ



www.burmeseclassic.com

www.burmeseclassic.com



ခါ ဖျပ်ကနဲ ပျောက်သွားရသည်။

ခဏချင်းမှာပင် ထိုနေရာသို့ အခြားတစ်ယောက် ရောက်လာပြီး ဟန်မပျက်လိုက်လာလေသည်။

တစ်နေရာရောက်တော့ နောက်တစ်ယောက်ပျောက်သွားပြီး နောက်တစ်ယောက် အစားဝင်လာပြန်သည်။

ဤသို့ဖြင့် ရေစပ်မရောက်ခင်မှာပင် လူဆိုးအဖွဲ့မှ သုံးယောက်ပျောက်သွားပြီး အခြားသုံးယောက် လိုက်လာသည်ကိုတော့ ရှေ့မှသွားနေသူများက မရိပ်မိကြပေ။

မကြာမီ ရေစပ်ရောက်လာကြသည်။

ထိုနေရာရောက်တော့ မြဝင်းသူကို ကြိုးတုပ်ထားပြီး ဦးစိုင်းလုံကို ကြိုးဖြေပေးလိုက်သည်။

ဦးစိုင်းလုံက ရေစပ်ဆင်းသွားပြီး လက်နှစ်ဘက်ကို မြှောက်လျက် တစ်စုံတစ်ခုကို ရွတ်ဆိုတိုင်တည်နေရာ ခဏကြာတော့ သရဲကုန်းအင်းထဲမှ မီးရောင်အချို့ မြင်ရလေသည်။

ထိုမီးရောင်များက သူတို့ရှိရာဘက်သို့ ဦးတည်းလာနေကြရာ ကျော်သီဟတို့အုပ်စုက စိတ်ဝင်တစားဖြင့် စောင့်ကြည့်နေကြစဉ် တောထဲမှ အသင့်စောင့်နေဟန်ရှိသော လူများထွက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

ကျော်သီဟတို့မှာ မမျှော်လင့်ဘဲ ဝင်ရောက်တိုက်ခိုက်ခံကြရသောကြောင့် ဖရိုဖရဲဖြစ်သွားကြသည်။

ကျော်သီဟက ဝင်လာသူတစ်ယောက်ကို သေနတ်ဖြင့်ပစ်ရန် ချိန်လိုက်သည်နှင့် မနီးမဝေးမှာရှိသော ဦးစိုင်းလုံက ကျား





တစ်ကောင်လိုခုန်ဝင်လာပြီး သေနတ်ကို ခြေထောက်ဖြင့် ခတ်ထုတ်ပစ်လိုက်ရာ ပြုတ်ကျသွားသည်။

ထိုအခါ ကျော်သီဟက ကျောမှလွယ်ထားသောဓားရှည်ကို လျှင်မြန်စွာဆွဲထုတ်ပြီး ဦးစိုင်းလုံကို ဖြတ်ပိုင်းချလိုက်သည်။

ဦးစိုင်းလုံက ဓားလွတ်ရုံလေးရှောင်ပေးလိုက်ပြီး ကျော်သီဟဝမ်းဗိုက်ကို ခြေဖြင့်ပတ်ကန်ရာ ချက်ကောင်းထိမိသွားသည်။

"မင်းက မလောက်လေး မလောက်စားပညာလောက်နဲ့များ ငါ့ကိုအံတုချင်သေးတယ်၊ ငါ့အကြောင်းသိရစေမပေါ့ကွာ"

တစ်ကြိမ်မှာတော့ ဦးစိုင်းလုံ၏ဝမ်းဗိုက်ကို ဓားဖြင့်ပြေးထိုးရာ မရှောင်တော့ဘဲ ညာခြေထောက်က တက်ခြေ၊ ဘယ်ခြေထောက်ကလိုက်ခြေ အဖြစ်သုံးကာ ရန်သူနှင့် ပူးကပ်မိသည်နှင့် ဓားကိုင်လက်ကို ဖြတ်ရိုက်ချပြီး ပြင်းထန်သောတတောင်ဖြင့် ရင်ဝသို့ဆောင့်တိုက်ရာ ဓားလွတ်ကျသွားရုံမက လူက ဒူးညွတ်ကျသွားလေတော့သည်။

တစ်ဆက်တည်း ဦးစိုင်းလုံက လည်ပင်းနှင့်မျက်နှာကို သိုက်ခြေအဖြစ် အသုံးပြုသော ဘယ်ခြေထောက်ဖြင့် ပတ်ကန်ရာ ဇက်လည်ထွက်သွားပြီ ပြန်မထနိုင်တော့ပေ။

တစ်နေရာမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဘိုးဆင်ကတစ်တွဲ၊ နီမောင်နှင့်မြဒင်တို့မှာ အသီးသီး တိုက်ခိုက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်နှင့် ဘိုးထင်တို့တွင် ဘိုးထင်က ဗလအားကိုးဖြင့် အတင်းပူးကပ်ပြီးဖိချုပ်ရန် ကြိုးစားရာ မရတော့မှ ဓားတစ်လက်ဖြင့် တိုက်ခိုက်ရာ ဒေါက်တာမင်းထင်ကျော်က အလွယ်တကူနှင့်ပင် ပွဲသိမ်းပေးလိုက်နိုင်သည်။

နီမောင်နှင့် မြဒင်တို့အတွဲမှာလည်း မြဒင်က လူမိုက်ဟုသာဆိုသော်လည်း တိုက်ခိုက်မှုသိပ်မကျွမ်းကျင်ဘဲရှိရာ နီမောင်ကပင် အလွယ်တကူ အနိုင်ယူနိုင်ခဲ့လေသည်။

အခြေအနေမလှမှန်း သိသောအခါ သံပချိုင့်က ထွက်ပြေးရန် ကြိုးစားလေသည်။

ထိုအခါ စောထီးနှင့်ငမဲအောင်တို့က ရှေ့မှဖြတ်တားရာ နှစ်လုံးပြူးသေနတ်ဖြင့်ပစ်ရန် ထိုးချိန်လိုက်သည်။

"ဒိုင်း. . . ."

ထိုအခါ မနီးမဝေးမှ သေနတ်သံတစ်ချက်ထွက်လာပြီး သံပချိုင့်လက်ထဲမှ သေနတ်လွတ်ကျသွားလေတော့သည်။

မနီးမဝေး ချုံထဲမှာစောင့်နေကြသော ဌာနအုပ်ကျော်စွာဦးဆောင်သော ပုလိပ်များထွက်လာသည်ကို မြင်သောအခါ ကျန်နေသေးသောလူဆိုးအချို့လည်း မတတ်သာသည့်အဆုံး လက်နက်ချကာ အဖမ်းခံကြရလေတော့သည်။

လူဆိုးများမှာ ၁၅ ယောက်ခန့်ရှိပြီး ကျော်သီဟ၊ သံပချိုင်၊ ဘိုးထင်၊ မြဒင်တို့က ခေါင်းဆောင်လာကြခြင်းဖြစ်ကာ ယခုတော့ ခေါင်းဆောင်များရော နောက်လိုက်များပါ အားလုံး ဖမ်းဆီးမိလေတော့သည်။





အားလုံးပြီးသွားသောအချိန်မှာ သရဲကုန်းအင်းထဲတွင် စောစောကမြင်နေရသော မီးရောင်များလည်း ပျောက်ကွယ်သွားလေပြီ။

နီမောင်က မြဝင်းသူအနီးသို့သွားကာ ကြိုးများကို ဓားဖြင့်ဖြတ်ပေးလိုက်သည်။

ထိုမြင်ကွင်းကိုမြင်တော့ အားလုံးက နားလည်သောအပြုံးများဖြင့် ကြည့်နေကြသည်။

"မြဝင်းသူ ဘာဖြစ်သွားသေးလဲ"

"ကျွန်မ ဘာမှမဖြစ်ပါဘူး. . . အစ်ကိုတို့ရော ဘာဖြစ်ကြသေးသလဲ"

"သေသေချာချာတော့ မသိရသေးဘူး. . . ကြည့်ရတာတော့ ဘာမှဖြစ်ကြမယ်မထင်ဘူး"

"အခုလိုလာပြီး အကူအညီပေးတာ ကျေးဇူးတင်ပါတယ် အစ်ကို"

"ကျေးဇူးတင်စရာမလိုပါဘူး မြဝင်းသူရယ်၊ တစ်ယောက်အကြောင်းရှိရင် ဒီလိုပဲ အားလုံးကဝိုင်းဝန်းပြီး အကူအညီပေးရမှာပေါ့၊ နောက်ပြီး အစ်ကိုက မြဝင်းသူအနေနဲ့ ကျေးဇူးတင်စကားပြောနေရမဲ့ လူမှမဟုတ်တော့တာ"

ထိုသို့ပြောလိုက်သောအခါ မြဝင်းသူက နီမောင်ကို အပြုံးဖြင့်ကြည့်ရင်း ချစ်စဖွယ်မျက်စောင်းတစ်ချက်ဖြင့် တုံ့ပြန်လေခဲ့တော့သည်။

နီမောင်မျက်စိထဲမှာတော့ ညအမှောင်ထဲမှာ လျှပ်တစ်



www.burmeseclassic.com

www.burmeseclassic.com

ပြက် တွေ့လိုက်ရသော ထိုအပြုံးမှာ အလှဆုံး အပြုံးတစ်ပွင့်ဖြစ်မည်ဟု ထင်လိုက်မိလေတော့သည်။

ဝဏ္ဏထွန်းစာပေ

## အခန်း (၁၉)

## [illegible]

ယခင်ကတော့ သရဲကုန်းရွာသည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သာနေရာ ဖြစ်သည်။

ယခုနောက်ပိုင်း ဌာနအုပ်ကျော်စွာ ရောက်လာခဲ့ပြီး နောက်ပိုင်းမှာတော့ အေးချမ်းသွားခဲ့ပေပြီ။

ယခင်က ဌာနအုပ်မမြဲသော သရဲကုန်းဂါတ်ထဲ၌လည်း ဌာနအုပ် မြဲခဲ့လေသည်။

ဌာနအုပ် မြဲပြီးသောအခါမှာတော့ ဘိန်းချခြင်း၊ အရက်သောက်ခြင်း၊ ရောင်းခြင်း၊ သစ်ခိုးခြင်း၊ ငါးခိုးခြင်းများလည်း မရှိသလောက် နည်းသွားတော့သည်။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com


သူခိုးခိုးခြင်း၊ ဓားပြတိုက်ခြင်း၊ လူမိုက်များ အုပ်စုဖွဲ့ပြီး အနိုင်ကျင့် သောင်းကျန်းခြင်းများလည်း ပပျောက်သလောက် ဖြစ်သွားခဲ့သည်။

သရဲကုန်းရွာမှာလည်း ရွာသူရွာသားများ လေးစားယုံကြည်သောလူတစ်ဦးကို သူကြီးရာထူးပေးပြီး တင်မြှောက်လိုက်လေသည်။

ယခင်က သူကြီးသံပချိုင့်အားကိုးဖြင့် ဆိုးသွမ်းနေကြသောမြဒင်၊ ဘိုးထင်စသော လူမိုက်ကြီးများမှာလည်း သံပချိုင့်နှင့် ကသာအချုပ်ထောင်သို့ ပို့လိုက်ပြီဖြစ်သောကြောင့် အေးချမ်းသွားခဲ့ပေပြီ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့မှာ ၎င်းတို့ ကူညီဆောင်ရွက်ပေးသောကိစ္စများ ပြီးစီးအောင်မြင်ခဲ့သဖြင့် ပြန်ရန်ပြင်ဆင်ကြသည်။

ပြန်ကာနီးတော့ တောင်ညိုရွာမှ ဦးစိုင်းလုံတို့အား သွားရောက်နှုတ်ဆက်သောအခါ သူတို့နှစ်ယောက်အပြင် ဦးဒီပနှင့် မြသင်းကြူဆိုသော မိန်းမချောလေးကိုပါ တွေ့ခွင့်ရသည်။

ဦးဒီပက. . . .

"ကျုပ်တို့တတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေကို အခုလို ဇာကူးတကလာရောက်ပြီး အကူအညီပေးကြတာကို အများကြီး ကျေးဇူးတင်ပါတယ်ဗျာ၊ နောက်တစ်ခါများ တွေ့ကြရင်တော့ မိတ်ဆွေကြီးတို့ကို ကျုပ်တို့နေထိုင်တဲ့နေရာကို ဖိတ်ခေါ်ပြီး ဧည့်ဝတ်ပြုချင်ပါသေးတယ်"

ဟု ပြောသည်။

"ကျွန်တော်တို့ကလည်း နောက်ထပ်အခွင့်အရေးရရင်တော့ အဘတို့နဲ့ တွေ့ချင်ပါတယ်၊ ပျူမြို့ဟောင်းကြီးကိုလည်း စိတ်ဝင်စားပါတယ်"

ထိုစကားကြားသောအခါ မြသင်းကြူကပါပြောသည်။

"ဆရာတို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်မတို့ကလည်း ခမ်းနားဆန်းကြယ်လှတဲ့ ကျွန်မတို့နေတဲ့ နေရာတွေကို ခေါ်သွားချင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျွန်တော်တို့နဲ့ပတ်သက်တဲ့ အကူအညီလိုတာရှိရင် လည်းပြောပါ. . အချိန်မရွေးလာပြီး အကူအညီပေးပါ့မယ်"

"ဒီစကားကြားရတာ ကျေးဇူးတင်လှပါတယ်. . . ကျွန်မလည်း အလျဉ်းသင့်ရင်တော့ ဆရာတို့ရှိတဲ့နေရာ ရောက်အောင်လာခဲ့ပါဦးမယ်"

"ကောင်းပါတယ်. . . ကျွန်တော်ကလည်း ထပ်ပြီး တွေ့ချင်ပါသေးတယ်"

ထိုသို့ပြောဆိုနှုတ်ဆက်ပြီး ပြန်ရန်ပြင်သောအခါ ဦးဒီပနှင့် မြသင်းကြူတို့က သူတို့နှစ်ယောက်အတွက် လက်ဆောင်ဆွဲတစ်ထုပ် ပေးလိုက်လေသည်။

ထိုပဆွဲထုပ်ကို နေရပ်ရောက်မှ ဖွင့်ကြည့်သောအခါ တန်ဖိုးရှိလှသော ရှေးဟောင်းရတနာအချို့နှင့် မြလက်စွပ်တစ်ကွင်းကို တွေ့ရလေသည်။

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်က ထိုလက်စွပ်ကို သူ့လက်တွင်ဝတ်ကြည့်ရာ တိုင်းလုပ်ထားသကဲ့သို့ လျောလျောလျှူလျှူ ဝင်သွားလေသည်။

ပြန်ချွတ်ကြည့်တော့ မရတော့ပေ။

ထို့ကြောင့် ဦးဗန်ကောင်းကပြောသည်။

"အဲဒါ တခြားမဟုတ်ဘူး. . . မောင်ထင်ကျော်ကို နှစ်သက်သဘောကျတဲ့အကြောင်း သင်္ကေတနဲ့ ပြလိုက်တာပဲ ဖြစ်မှာပါ။ သူတို့ပြောလိုက်သလို ကံမကုန်သေးရင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ဆုံကြသေးတာပေါ့"

ဒေါက်တာမင်းထင်ကျော်ကတော့ ထွေထွေထူးထူး ဘာမပြန်မပြောသော်လည်း ရုပ်ဆင်းအင်္ဂါ ချောမောလှပသော မြသင်းကြူကို သတိရနေလေတော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ ပြန်သောအခါ ဌာနအုပ်ကျော်စွာနှင့် နီမောင်တို့က မော်တော်ဘုတ်ဖြင့် ကသာအထိ လိုက်ပို့ပေးကြလေသည်။

BURMESE CLASSIC .com

ကသာရောက်တော့ နီမောင်ကပြောသည်။

"ကျွန်တော်နဲ့မြဝင်းသူက ရှေ့လလောက်ဆိုရင် လူကြီးတွေအသိပေးပြီး လက်ထပ်ကြတော့မှာ၊ ကျွန်တော်တို့မင်္ဂလာဆောင်မှာ ဆရာတို့ပါရှိရင် သိပ်ကောင်းမှာပဲ"

"ကိုနီမောင်နဲ့ မြဝင်းသူဆိုတဲ့မိန်းကလေးက ရှေ့သွားနောက်လိုက်ညီကြပါတယ်. . . တစ်သက်လုံး စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ပျော်ရွှင်စွာ ပေါင်းသင်းကြရပါစေလို့ ဆုတောင်းပေးခဲ့ပါတယ်"



ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ ပြန်သွားကြပြီး နောက်မှာတော့. . . .

နီမောင်နှင့် မြဝင်းသူတို့ မင်္ဂလာဆောင်ကြပြီး စောထီးနှင့် ငမဲအောင်တို့က သရဲကုန်းအင်းကို စောင့်ရှောက်ရသောတာဝန်ကို လုပ်ကြရလေသည်။

မြဝင်းသူလက်ထပ်ပြီးသောအခါ ဦးစိုင်းလုံလည်း သိုင်းပညာမသင်တော့ဘဲ အေးချမ်းစွာ နေလေတော့သည်။

ထိုအခါမှစပြီး နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ကြသော သရဲကုန်းရွာမှ လူဆိုးလူမိုက်များအကြောင်းနှင့် သရဲကြမ်းသည်ဟု နာမည်ကြီးလှသော 'သရဲကုန်းအင်း'နှင့် ပတ်သက်သည့် ဆိုးဝါးသော အဖြစ်အပျက်များတို့မှာ မကြားရသလောက် နည်းပါးသွားလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော 'သရဲကုန်းအင်း'အမည်ရှိသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတ သုခိအတ္တာနံ ပရိဟရန္တု. . . ။

ကြိုသန်း



www.burmeseclassic.com